မဟာစည်နာယက ကမ္မဋ္ဌာနာစရိယ

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

## အရှင် ကုဏ္ဍလာဘိဝံသ

ရေးသားစီရင်အပ်သော

# ဒုလ္လဘာသိဖွယ် ဝိနည်းငယ်

ဗုဒ္ဓ၏ ယဉ်ကျေးမှု ဝိနည်းအဆုံးအမများကို ရဟန်းတော်များနှင့်

လေ့လာလိုသူ လူပုဂ္ဂိုလ်များပါ

လွယ်ကူစွာ ဖတ်ရှုနိုင်စေရန် ရေးသားစီရင်ထားပါသည်။

သာသနာ-၂၅၃၄ ကောဇာ-၁၃၅၂ ခရစ်-၁၉၉၁

http://www.dhammadownload.com

## "ဝိနည်းသိက္ခာပုဒ် ပညတ်ခြင်း၏ အကျိုး ၁၀-ပါး"

✿✿✿✿✿

၁။ သံဃာတော်၏ ကောင်းပြီဟု ဝန်ခံစေခြင်းငှာ၊

၂။ သံဃာတော်၏ ချမ်းသာစွာ နေရခြင်းငှာ၊

၃။ သီလမဲ့ကုန်သော ပုဂ္ဂိုလ်တို့ကို နှိပ်ခြင်းငှာ၊

၄။ သီလချစ်ကုန်သော ပုဂ္ဂိုလ်တို့ကို ချီးမြှောက်ခြင်းငှာ၊

၅။ မျက်မှောက်၌ဖြစ်ကုန်သော ဘေးရန်တို့ကို ပိတ်ဆို့ခြင်းငှာ၊

၆။ တမလွန်၌ ဖြစ်ကုန်သော ဘေးရန်တို့ကို တားမြစ်ခြင်းငှာ၊

၇။ မကြည်ညိုသေးသူတို့အား ကြည်ညိုစေခြင်းငှာ၊

၈။ ကြည်ညိုပြီးသူတို့အား တိုး၍ကြည်ညိုစေခြင်းငှာ၊

၉။ သာသနာတော်၏ အစွန့်ကြာရှည် တည်နေစေခြင်းငှာ၊

၁၀။ ဝိနည်းတရားတော်ကို ချီးမြှောက်ခြင်းငှာ၊

ဗုဒ္ဓသည် ဝိနည်းသိက္ခာပုဒ်များကို ပညတ်တော်မူ၏။

http://www.dhammadownload.com

မဟာစည်နာယက ကမ္မဋ္ဌာနာစရိယ
သဒ္ဓမ္မရံသီရိပ်သာဆရာတော်
အရှင်ကုဏ္ဍလာဘိဝံသ
ရေးသားစီရင်အပ်သော

# "ဒုလ္လဘာသိဖွယ် ဝိနည်းငယ်"

ဗုဒ္ဓ၏ယဉ်ကျေးမှု ဝိနည်းအဆိုးအမများကို
ရဟန်းတော်များနှင့်
လေ့လာလိုသူ လူပုဂ္ဂိုလ်များပါ
လွယ်ကူစွာ မှတ်ရူနိုင်စေရန် ရေးသားစီရင်ထားပါသည်။

သာသနာ-၂၅၃၄ ကောဇာ-၁၃၅၂ ခရစ်-၁၉၉၁

က ဒေါ်... မြန်မာ့ရောင်ခြည် ဆန္ဒဒါနလှူဒါန်း
အမှတ်(၄)၊ ပ ထပ်၊ သိမ်ကြီးဈေး(စီရို) ရွှေထီဂိုဏ်းများတန်း
ဖုန်း-၇၁၂၈၉၇၊ ၇၁၈၀၀ လိုင်းခွဲ(၁၆၄)။ ရန်ကုန်မြို့

http://www.dhammadownload.com

# ဘာသာရေးဆိုင်ရာ စာပေခွင့်ပြုချက်အမှတ် [၆၉]
# မျက်နှာဖုံးခွင့်ပြုချက် အမှတ် [၁၁]


ဒုတိယအကြိမ်

*

အုပ်ရေ—၂၀၀၀

*

၁၉၉၁—ခုနှစ်၊

*

ဧပြီလ

*

အဖုံးရိုက်—သီရိနန္ဒာ

*

စာအုပ်ချုပ်—ချယ်ရီမိသားစု

*

တန်ဖိုး—၂၀ ကျပ်

ဒု-ဗိုလ်မှူးကြီးတင်ဖေအောင် (အငြိမ်းစား)၊ (၀၃၃၆၆) သဒ္ဓမ္မရံသီ စာပေ၊ အမှတ် (၇) ၊ဇေယျာခွခမာလမ်း၊ မရမ်းကုန်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍၊ ဦးနန္ဒ—(၀၃၅၉၇)၊ သီရိနန္ဒာစာပုံနှိပ်တိုက်၊ အမှတ် ၂၁၅၄ ၊ ၈၂ လမ်း၊ ရန်ကုန်မြို့က ပုံနှိပ်သည်။ [illegible]

[illegible]

[illegible]

http://www.dhammadownload.com



ကျေးဇူးတော်ရှင် သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်

အရှင်ကုဏ္ဍလာဘိဝံသ

http://www.dhammadownload.com

http://www.dhammadownload.com

# ''ဒုလ္လဘ သိ ဖွယ် ဝိ နည်းငယ်''

## မာတိကာ

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


* အမှာစာ (ဈ)
* နိဒါန်း— (ဋ)

၁။ ရှင်သာမဏေဇာတ်ခန်း

(က) ဒုလ္လဘ၏ အခိပ္ပာယ် ၁
(ခ) မိဘများထံ ခွင့်ပြုချက်ရမှ ရှင်ရဟန်းပြုရ ၈
(ဂ) ခွင့်ပြု၊ ခွင့်မပြု ရှင်ရဟန်းပြုရပုံ ၁၀
(ဃ) ဆံချသောအခါ သိဖွယ်ရာ ၁၂
(င) ဥပဇ္ဈာယ်ဆရာထံ သင်္ကန်းပေးပုံ ၁၅
(စ) ဥပဇ္ဈာယ်ဆရာထံမှ သင်္ကန်းပြန်တောင်းပုံ ၁၅
(ဆ) ၁၀-ပါးသီလ ကျိုးပျက်ခြင်းအပြစ် ၂၁
(ဇ) သိက္ခာပုဒ် (၂)ခုပေါင်းခြင်းနှင့် ခွဲခြင်း ၂၂
(ဈ) ဥစ္စာသယန-မဟာသယနၱ၌ သိဖွယ်ရာ ၂၄
(ည) ဇာတရူပ ရဇတ၌ သိဖွယ်ရာ ၂၅
(ဋ) ရဟန်းတော်များ မကိုင်ကောင်းသော ပစ္စည်းများ ၂၅
(ဌ) ရဟန်းပြုမပေးအပ်သူများ ၂၆
(ဍ) ဥပဇ္ဈာယ်၏အခိပ္ပာယ် ၂၇
(ဎ) ကြည်ညိုဖွယ်ဆောင်ခြင်း၌ အကျိုး(၅)မျိုး ၃၀

http://www.dhammadownload.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂။ | ရဟန်းဝတ်ခန်း | |
| (က) | ရဟန်းပြုပေးပါရန် သံဃာထံ တောင်းပန်ရခြင်း | ၃၁ |
| (ခ) | အနာခရောဂါရှိက ရဟန်းပြုမပေးအပ် | ၃၂ |
| (ဂ) | လူမဟုတ်သူကို ရဟန်းပြုမပေးအပ် | ၃၃ |
| (ဃ) | ယောကျ်ားမဟုတ်သူကို ရဟန်းပြုမပေးအပ် | ၃၅ |
| (င) | ကျွန်ဖြစ်သူကို ရဟန်းပြုမပေးအပ် | ၃၆ |
| (စ) | ကြွေးမြီရှိသူကို ရဟန်းပြုမပေးအပ် | ၃၇ |
| (ဆ) | မင်းမှုထမ်းဖြစ်သူကို ရဟန်းပြုမပေးအပ် | ၃၇ |
| (ဇ) | မိဘခွင့်မပြုသူကို ရဟန်းပြုမပေးအပ် | ၃၉ |
| (ဈ) | အသက်(၂၀)မပြည့်သူကို ရဟန်းပြုမပေးအပ် | ၄၀ |
| (ည) | သပိတ်သင်္ကန်းမရှိသူကို ရဟန်းပြုမပေးအပ် | ၄၂ |
| (ဋ) | ရဟန်းခံသောအခါ ပြည့်စုံရမည့် အင်္ဂါ(၅) | ၄၃ |
| ၃။ | သီလဖြည့်ကျင့်ခန်း | |
| (က) | ပစ္စည်း ၄-ပါး သုံးဆောင်ပုံကို ပြောကြားခြင်း | ၄၅ |
| (ခ) | တောင်းခြင်းသည် အကြည်ညိုပျက်၍ ဆုတ်ယုတ်ဖွယ်ဖြစ်ကြောင်း | ၄၇ |
| (ဂ) | သာသနာတော်၌ သုံးဆောင်ခြင်း (၄)မျိုး | ၅၄ |

http://www.dhammadownload.com




| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (ဃ) | ပစ္စည်း ၄-ပါး သုံးဆောင်တိုင်း ဆင်ခြင်ရန် | ၅၅ |
| (င) | အရှက်မတက်မီ အားလုံးပေါင်း၍ ဆင်ခြင်ရန် | ၅၇ |
| (စ) | အကပ်ခံရာဝယ် သတိပြုဖွယ် | ၅၈ |
| (ဆ) | အကပ်ခံမမြောက်ခြင်း အင်္ဂါ(၅)ပါး | ၅၉ |
| (ဇ) | စားသုံးဖွယ်တို့၏ အချိန်ကာလ အပိုင်းအခြား (၄)မျိုး | ၆၂ |
| (ဈ) | အရှက်တက်ရာ သတိပြုပါ | ၆၃ |
| (ည) | ကျူးလွန်မိက လူထွက်ရသည့် သိက္ခာပုဒ်များ | ၆၅ |
| (ဋ) | ကျူးလွန်မိပါက သံဃာ (၂၀)ဖြင့် ကုစားရမည့် သိက္ခာပုဒ်များ | ၆၇ |
| (ဌ) | ကျူးလွန်မိပါက အာပတ်(၃)မျိုးထဲက တစ်မျိုးမျိုးသင့်သော သိက္ခာပုဒ်များ | ၆၈ |
| (ဍ) | ကျူးလွန်မိပါက ပစ္စည်းကိုစွန့်ပြီးမှ ကုစားရသော သိက္ခာပုဒ်များ | ၇၀ |
| (ဎ) | သင်္ကန်းအဝတ်အထည်တို့ကို အဓိဋ္ဌာန်တင်ပုံ | ၇၁ |
| (ဏ) | (၁၀)ရက် လွန်၍စွန့်ပုံနှင့် ကုစားပုံ | ၇၄ |
| (တ) | သင်္ကန်းတစ်ထည် ဝိကပ္ပနာပြုပုံ | ၇၆ |
| (ထ) | သင်္ကန်းများကို ဝိကပ္ပနာပြုပုံ | ၇၇ |
| (ဒ) | တိစီဝရိတ် အဓိဋ္ဌာန် | ၇၇ |
| (ဓ) | တိစီဝရိတ် အဓိဋ္ဌာန်တင်ပုံ | ၇၉ |

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (န) | အစိုင္စာန်ချပုံ | ၈၀ |
| (ပ) | အစိုင္စာန်ပျက်ကြောင်း (၈)ပါး | ၈၁ |
| (ဖ) | အမျိုးမတော်သူတို့ထံ တောင်းရာ၌ သိဖွယ်ရာများ | ၈၂ |
| (ဗ) | တောင်းကောင်းသော အခါများ | ၈၂ |
| (ဘ) | ရွှေ ငွေကို မခံယူဘဲ ပယ်ရပုံ | ၈၄ |
| (မ) | သပိတ်၌ သိဖွယ်ရာ | ၈၆ |
| (ယ) | သပိတ်အဓိဋ္ဌာန်တင်ပုံ | ၈၇ |
| (ရ) | ဝိကပ္ပနာပြုပုံ | ၈၇ |
| (လ) | (၁၀)ရက်လွန်၍ ကုစားပုံ | ၈၈ |
| (ဝ) | ဒေသနာကြား၍ အာပတ်ကုစားပုံ | ၉၀ |
| (သ) | ကျူးလွန်မိက ဒေသနာပြောကြား၍ ကုစားရသော သိက္ခာပုဒ်များ | ၉၂ |
| (ဟ) | ကပ္ပိပုံ | ၉၄ |
| (ဠ) | အပြစ်ကိုဖော်ပြ၍ကုစားရသော သိက္ခာပုဒ်များ | ၉၈ |
| (အ) | ကြည်ညိုဖွယ်ရာ ကျင့်ဖွယ်ရာ သိက္ခာပုဒ်များ | ၉၉ |
| (ကက) | ဖြစ်ပေါ်လာသော ပြဿနာအဓိကရုဏ်းများ ငြိမ်းဖို့ရာကိုပြသော သိက္ခာပုဒ်များ | ၁၁၁ |
| (က ခ) | ဣန္ဒြိယသံဝရသီလ | ၁၁၂ |
| (က ဂ) | အာဇီဝပါရိသုဒ္ဓိ သီလ | ၁၁၃ |

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| (ကဃ) | ပစ္စယသန္နိဿိတသီလ | ၁၁၃ |
| ၄။ | ဝိပဿနာရှုခန်း | |
| (က) | ဝိပဿနာရှုခန်း | ၁၁၅ |
| (ခ) | ကာယရှုမှတ်ပုံ | ၁၁၇ |
| (ဂ) | စင်္ကြံလျှောက်၍ ရှုမှတ်ပုံ | ၁၂၀ |
| (ဃ) | အဆင့်ဆင့်မှ ဖြစ်ပျက် | ၁၂၂ |
| (င) | အဓိုးစိတ် ရှုမှတ်ပုံ | ၁၂၅ |
| (စ) | စားသောအခါ ရှုမှတ်ပုံ | ၁၂၆ |
| (ဆ) | ဝေဒနာရှုမှတ်ပုံ | ၁၂၇ |
| (ဇ) | စိတ်ကိုရှုမှတ်ပုံ | ၁၃၁ |
| (ဈ) | ဓမ္မာနုပဿနာ–သဘောတရားကို ရှုမှတ်ပုံ | ၁၃၂ |
| (ည) | နိဂုံး | ၁၃၄ |

*   *   *

http://www.dhammadownload.com

http://www.dhammadownload.com

# "အမှာစာ"

ဤ "ဒုလ္လဘသီဖွယ် ဝိနည်းငယ်"စာအုပ်၌ ဒုလ္လဘရဟန်း—သာမဏေတို့ သာသနာ့ဘောင်၌ အပြစ်ကင်းစွာ နေနိုင်ဖို့ရန် ဒုလ္လဘရဟန်း-သာမဏေတို့ မသိကြ၍ အပြစ်သင့်တတ်သော ဝိနည်းသိက္ခာပုဒ်များကို လွယ်လွယ်နှင့် သိစေရန် မြန်မာလို ရှင်းလင်းစွာ ဖော်ပြထားပါသည်၊ သင့်လာသော အပြစ်များကို ပြေပျောက်အောင် ကုစားနည်းကိုလည်း ရှင်းလင်းစွာ ဖော်ပြထားပါသည်။

ရှင်ပြုခြင်း, ရဟန်းခံခြင်းတို့နှင့်စပ်၍ ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ သိလိုကြသည့် "မည်သည့်ပုဂ္ဂိုလ်များထံက ခွင့်ပြုချက်ရမှ ရှင်ရဟန်းပြုလို့ ရသည်၊ ခွင့်ပြုချက်မရက ရှင်-ရဟန်းမပြုလုပ်ရ၊ ခွင့်ပြုချက်မရသော်လည်း ရှင်ရဟန်းပြု၍ရသည်" စသည်များကိုလည်း ရှင်းလင်းစွာဖော်ပြထားပါသည်၊ ဗုဒ္ဓယဉ်ကျေးမှုကို လေ့လာလိုသူများအတွက် စိတ်ဝင်စားဖွယ်ရာ ဝတ္ထုသာဓကများကိုလည်း ထည့်သွင်းဖော်ပြထားပါသည်၊ ရှင်ရဟန်းပြုလိုသူများအတွက် ကြိုတင်လေ့လာ သိရှိထားဖို့ရာ ဗုဒ္ဓ၏ ယဉ်ကျေးမှုဝိနည်းအသုံးအမများကိုလည်း ရှင်းလင်းစွာ ဖော်ပြထားပါသည်။

'သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်'

http://www.dhammadownload.com

http://www.dhammadownload.com

## "နိဒါန်း"

စာရေးသူသည် ဤ "ဒုလ္လဘသိဖွယ် ဝိနည်းငယ်" စာမူကို မဖတ်ရသေးမီတွင် သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်၏ "အကျိုးများရန် ဒုလ္လဘရဟန်းခံ" ဟူသော ဆောင်းပါး တစ်ပုဒ် ကို ၁၉၈၇-ခု ဩဂုတ်လထုတ် မြတ်မင်္ဂလာစာစောင် အတွဲ-၃၊ အမှတ်-၂ ၌ ဖတ်ရှုခဲ့ရပါသည်၊ ဤစာအုပ်၌ နိဒါန်းရေးပေးပါရန် တာဝန်ပေးအပ်လာသောအခါ မိမိဖတ်ရှုခဲ့သော "အကျိုးများရန် ဒုလ္လဘရဟန်းခံ" ဆောင်းပါးကို ပြန်လည်အမှတ်ရလာပါသည်။

ဆောင်းပါး၌ ဖတ်ရှုခဲ့ရသည့်အတိုင်းပင် ဤစာအုပ်၌လည်း "ဒုလ္လဘ=ရနိုင်ခဲသော ရဟန်းအဖြစ်ဟူသည်-လူဝတ်ကြောင်များအနေဖြင့် မရနိုင် မယူနိုင်သည့်(၂၂၇)သွယ်သော သိက္ခာပုဒ်၊ အကျယ်အားဖြင့် ကုဋေကိုးထောင်ခကျော်သော သီလသိက္ခာပုဒ်တို့ကို လိုက်နာကျင့်ကြံ၍ သီလကုသိုလ်များကို ရယူနိုင်သောကြောင့်-ဒုလ္လဘ=ရနိုင်ခဲသော ရဟန်းအဖြစ်ဟု ဆိုလိုရင်းဖြစ်သည်" ဟူ၍ ဒုလ္လဘ၏ ဆိုလိုရင်းအဓိပ္ပာယ်ကို ပြဆိုထားပြီး ဒုလ္လဘရဟန်းအပါအဝင် ရဟန်း (၅)မျိုး ရှိကြောင်းကိုလည်း ဆက်လက်၍ ဤသို့ ဖွင့်ပြထားပါသည်။

"ဒုလ္လဘရဟန်းနှင့်စပ်၍ သာသနာတော်၌ ရဟန်းပြုသူ (၅)မျိုး ရှိသည်ကို သိသင့်လှပေသည်၊ ဒုလ္လဘရဟန်းပြုသူနှင့်တကွ သာသနာတော်၌ ရဟန်းပြုသူ(၅)မျိုး ရှိပါသည်။

http://www.dhammadownload.com

(၅) **နိဒါန်း**

(၁) သဒ္ဓါပဗ္ဗဇိတ – ယုံကြည်ခြင်းကြောင့် ရဟန်းပြုသူ၊
(၂) ပညာပဗ္ဗဇိတ – ပညာကြောင့် ရဟန်းပြုသူ၊
(၃) ဘယာပဗ္ဗဇိတ – ဘေးကြောင့် ရဟန်းပြုသူ၊
(၄) မိရိုးဖလာပဗ္ဗဇိတ – မိဘရိုးရာ အစဉ်အလာကြောင့် ရဟန်းပြုသူ၊
(၅) ဒုလ္လဘပဗ္ဗဇိတ – ရခဲသည့် ရဟန်းအဖြစ်ကိုရလိုသော ကြောင့် ရဟန်းပြုသူဟူ၍ ငါးမျိုး ရှိပါသည်”ဟု ရဟန်းငါးမျိုးကို အစဉ်ထားကာ ရေးသား ဖွင့်ဆိုပြီးနောက် ဒုလ္လဘရဟန်းတော်တို့အတွက် သိဖွယ်ရာများ ကို ရေးသားပြုစုထားပါသည်။

ယခုအခါ ဒုလ္လဘရဟန်းခံပွဲများ ရှေးကထက် ပေါများ လာပါသည်၊ ရုံးသမား ဝန်ထမ်းများကလည်း ရုံးအားရက် ခွင့်ရက်ရသည့်အခိုက် အပြေးအလွှားလာရောက်၍ ဒုလ္လဘဝတ် ကြသည်၊ ကျောင်းဆရာ၊ ကျောင်းသားများကလည်း၊ ကျောင်း ပိတ်ရက် အခွင့်ရသည့်အခိုက် အပြေးအလွှား လာရောက်၍ ဒုလ္လဘဝတ်ကြသည်၊ အချိန်ကလည်းမရ၊ သာသနာ့အသိဉာဏ် ကလည်း နုနယ်ကြသော ထိုဒုလ္လဘ ရဟန်းတော်များအတွက် အချိန်တိုတိုနှင့် လွယ်ကူစွာဖတ်ရှုနိုင်သည့် “လမ်းညွှန်လက်စွဲ” စာအုပ်တစ်အုပ် ရှိထားသင့်ကြပေသည်၊ ဤ “ဒုလ္လဘသိဖွယ် ဝိနည်းငယ်” စာအုပ်သည် ဒုလ္လဘရဟန်းတော်တိုင်း ရှိသင့် ဆောင်ထားသင့်သော စာအုပ်တစ်အုပ်ပင် ဖြစ်ပါသည်။

http://www.dhammadownload.com



ဤစာအုပ်၌ "ရှင်သာမဏေဝတ်ခန်း၊ ရဟန်းဝတ်ခန်း၊ သီလ ဖြည့်ကျင့်ခန်း၊ ဝိပဿနာရှုခန်း" ဟူ၍ အခန်းကြီး (၄)ခန်း ပါရှိပါသည်။ မိမိသည် ရဟန်းဘဝသို့ မည်သို့ ရောက်ရှိလာသည်ကို သာမဏေဝတ်ခန်း၊ ရဟန်းဝတ်ခန်းကို ဖတ်ရှုပါက အစီအစဉ်တကျ အသေးစိတ် သိရှိနားလည်နိုင်ပေသည်။ မိမိတို့ အမြဲဆုတောင်းလေ့ရှိသော နိဗ္ဗာန်ချမ်းသာကို ရအောင် ဘာလုပ်ကြရမည်နည်း။ သီလကို ဖြည့်ကျင့်ရမည်။ ဝိပဿနာတရားကို ပွားများ အားထုတ်ရမည်။ သီလဖြည့်ကျင့်ခန်းနှင့် ဝိပဿနာရှုခန်းကို ဖတ်ရှုပါက အသေးစိတ် သိရှိ နားလည်နိုင်ပေသည်။

သာသနာကို ကြည်ညိုသည်ဖြစ်၍— သာသနာတော်၌ ဝင်ရောက်လာသည့်အခိုက် ဒုလ္လဘ ရဟန်းတော်တို့သည် သာသနာတော်၏ အသက်ဖြစ်သော ဝိနည်းကို ရှိရှိသေသေ စောင့်ထိန်း ကြရပေသည်။ ဝိနယောနာမ သာသနဿ အာယု= ဝိနည်းသည် သာသနာတော်၏ အသက်ပင် ဖြစ်ပေသည်။ ဝိနည်းမတည်လျှင် သာသနာတော်လည်းမတည်နိုင်။ထို့ကြောင့် ဓီဃဒဿီ- ခေါ် အရှည်ကိုမြင်တတ်ကြသော ဆရာတော်များက မိမိထံမှောက် ရောက်လာကြသည့် သာသနာတွင်းသား ပုဂ္ဂိုလ်များအား ဝိနည်းတရားကို ရှေ့တန်းတင်၍ သင်ကြားပေးနေကြခြင်း ဖြစ်ပေသည်။ ဝိနည်းကို သိရှိနားလည်ကာ ဝိနည်းအတိုင်း လိုက်နာ ကျင့်သုံးခြင်းဖြင့် သာသနာတော်ကိုလည်း စောင့်ရှောက်ချီးမြှောက်ရာ ရောက်ပေသည်။ မိမိကိုယ်မိမိလည်း စောင့်ရှောက်ချီးမြှောက်ရာ ရောက်ပေသည်။

http://www.dhammadownload.com



အပူဇော်ခံလိုသူတိုင်း ဝိနည်းတရားကို ကျင့်သုံးရပေမည်။ "ဝိနည်းကျင့်ဝတ် တစ်ပါးတက်က လူနတ်ဦးခိုက် ပူဇော်ထိုက်၏" ဟူသော စကားတစ်ရပ် ရှိပါသည်။ ဝိနည်းတရားကို ရိုသေလေးစားစွာ ကျင့်သုံးသူအား လူနတ်များ ကြည်ညိုပူဇော်ကြသည်ကို သိရှိယုံကြည်ပါလျှင် ဝိနည်းတရားကို ရိုရိုသေသေ ကျင့်သုံးကြရမည် ဖြစ်ပေသည်။

ကောင်းကျိုးတရားများ တိုးပွားစေလိုပါလျှင် ဝိနည်းတရားကို ကျင့်သုံးရပေမည်။ မြတ်စွာဘုရားသည် အာဏာဒေသနာဖြစ်သည့် ဝိနည်းတရားကို အကြောင်းမဲ့ ပညတ်ခဲ့ခြင်း မဟုတ်ပါ။ သာဝကများအတွက် အကျိုး(၁၀)ပါးကို ရည်ရွယ်၍ သိက္ခာပုဒ်များကို ပညတ်တော်မူခဲ့ခြင်း ဖြစ်ပါသည်။ သိက္ခာပုဒ်တစ်ခု ပညတ်နိုင်ရန် မြတ်စွာဘုရားသည် ပါရမီတော်များကို အဝပေါင်းများစွာ ဖြည့်ကျင့် ဆည်းပူးခဲ့ရသည်ကို တကယ်တမ်း သိရှိနားလည်ပါလျှင် မိမိတို့ ထိန်းသိမ်းနေရသည့် သိက္ခာပုဒ်များအပေါ်၌ ကျေနပ် အားရကြမည်သာ ဖြစ်ပေသည်။ စောင့်ထိန်းသူတိုင်း ကောင်းကျိုးတရားများ တိုးပွားကြမည် ဖြစ်ပေသည်။

"ဝိနည်းသိက္ခာပုဒ် ပညတ်ခြင်း၏ အကျိုး(၁၀)ပါး"

၁။ သံဃာတော်၏ ကောင်းပြီးဟု ဝန်ခံစေခြင်းငှာ၊

၂။ သံဃာတော်၏ ချမ်းသာစွာနေရခြင်းငှာ၊

၃။ သီလမဲ့ကုန်သော ပုဂ္ဂိုလ်တို့ကို နှိပ်ကွပ်စေခြင်းငှာ၊

http://www.dhammadownload.com



၄။ သီလချစ်ကုန်သော ပုဂ္ဂိုလ်တို့ကို ချီးမြှောက်ခြင်းငှာ၊

၅။ မျက်မှောက်၌ဖြစ်ကုန်သော အာသဝေါတို့ကို ပိတ်ဆို့ခြင်းငှာ၊

၆။ တမလွန်၌ဖြစ်ကုန်သော ဘေးရန်တို့ကို တားမြစ်ခြင်းငှာ၊

၇။ မကြည်ညိုသေးသူတို့အား ကြည်ညိုစေခြင်းငှာ၊

၈။ ကြည်ညိုပြီးသူတို့အား တိုး၍ကြည်ညိုစေခြင်းငှာ၊

၉။ သာသနာတော်၏ အဓွန့်ကြာရှည်တည်နေစေခြင်းငှာ၊

၁၀။ ဝိနည်းတရားတော်ကို ချီးမြှောက်ခြင်းငှာ.... မြတ်စွာဘုရားသည် ဝိနည်းသိက္ခာပုဒ်များကို ပညတ်တော်မူခဲ့ပေသည်။ ဤ အကျိုး(၁၀)ပါးကို သိရှိပါလျှင် ဝိနည်းတရားတော်ကို အထူးပင် ကြိုးစား၍ လိုက်နာကျင့်သုံးကြမည် ဖြစ်ပါသည်။

ဝိနည်းကို နားမလည်၊ ဂရုမပြုပါက ကြောက်မက်ဖွယ်ကောင်းလှပေသည်။ "နိဗ္ဗာန်လိုလို့ ရဟန်းခံ ရင်းစား ပြန်လျှင် အာဂယောကျ်ား" ဟု ဆိုရိုးရှိပါသည်။ နိဗ္ဗာန်ကိုလိုလား၍ ရဟန်းပြု၊ ရဟန်းခံပါ၏၊ သို့ဖြစ်ပါလျက် ဝိနည်းကို နားမလည်၊ မတတ်ကျွမ်းသောကြောင့် လူလိုနေ၊ လူလိုသွား၊ လူလိုစား၊ လူကဲ့သို့ ပြုကျင့်နေပါက အကျိုးထက် အပြစ်ကပိုများ၏။ ထို့ကြောင့် နိဗ္ဗာန်နတ်ရွာ အသာထား၍ လူ့ဘဝဟူသော အရင်းကို ပြန်ရလျှင်ပင် အာဂယောကျ်ားဖြစ်သည်- ဟု သတိပေးထားသော ပညာရှိစကား ဖြစ်ပါသည်။

http://www.dhammadownload.com



## နိဒါန်း

ဤကဲ့သို့ ဝိနည်းတရား၏ အရေးကြီးပုံတို့ကို သိမြင်တော်မူသော သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်သည် ဒုလ္လဘာ ရဟန်းခံကြမည့် ပုဂ္ဂိုလ်များ၊ ဒုလ္လဘာရဟန်းတော်များအတွက် တိုကျဉ်းနှင့် လိုရင်းဖြစ်သော ဤ "ဒုလ္လဘာသိဖွယ် ဝိနည်းငယ်" စာအုပ်ကို စေတနာရှေ့ထား၍ ရေးသားခြင်းဖြစ်ပေသည်။

သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်သည် မအားလပ်သည့်ကြားမှပင် သာသနာတော်နှင့်စပ်၍ သိမှတ်ဖွယ်ရာများကို စာတစ်အုပ်၊ ဆောင်းပါး တစ်ပုဒ်အဖြစ် ပြီးမြောက်အောင် အချိန်ပေး၍ ရေးသားလေ့ ရှိပေသည်။ "ဒုလ္လဘာ ရဟန်းတော်များ ဒုလ္လဘာ ဟူသော အမည်အတိုင်း ဖြစ်ကြပါစေ" ဟူသော သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်၏ ဆန္ဒမွန်ကြောင့် "ဒုလ္လဘာသိဖွယ် ဝိနည်းငယ်" စာအုပ် ပေါ်ထွက်လာခြင်း ဖြစ်ပေသည်။

ဒုလ္လဘာ ရဟန်းတော်တို့သည် ဤစာအုပ်ကို အချိန်တိုတိုနှင့် လွယ်ကူစွာ ဖတ်ရှု လေ့လာနိုင်ကြသည် ဖြစ်၍ သာသနာ့ဘောင်တွင် ဝိနည်းစည်းကမ်းနှင့် လျော်ညီစွာ ကျင့်သုံးနေထိုင်တတ်ကြပြီးလျှင် "ရခဲသော ဒုလ္လဘာအဖြစ်ကို ငါသည် စင်စစ်ရအပ်ပေပြီ" ဟု မိမိကိုယ် မိမိ ကျေနပ်ဝမ်းမြောက်လျက် ကိုယ်စိတ် နှစ်ပါး၏ ချမ်းသာမှုများကို မလွဲမသွေ ရရှိနိုင်ကြမည် ဖြစ်ပေသည်။

အရှင်ဝဏ္ဏိတ

ပဓာန နာယက ဆရာတော်

ဂန္ဓာရုံကျောင်းတိုက်၊ ကျိုက်ဝိုင်း

http://www.dhammadownload.com

# "ရှင်သာမဏေဝတ်ခန်း"

## ဒုလ္လဘ၏ အဓိပ္ပာယ်

ယခုခေတ်အခါ၌ ရှေးခေတ် အခါများကထက် ဒုလ္လဘရဟန်းခံပွဲများ မြန်မာပြည်တွင် ပို၍ များပြားလာပါသည်။ ဒုလ္လဘဟူသော အမည်နှင့် လျော်ညီစွာ ကျင့်သုံးနေထိုင်ပါက ဒုလ္လဘရဟန်း(ခံ)ပြုသူများလည်း မဂ်ဖိုလ်နိဗ္ဗာန် ရောက်သည်အထိ အကျိုးများကြမည် ဖြစ်ပေသည်၊ သာသနာတော်ကြီးလည်း မိမိတို့ကိုအကြောင်းပြု၍ တိုးတက်ကြီးပွား အကျိုးများမည် ဖြစ်ပေသည်။

ဒုလ္လဘဟူသော အမည်နှင့်လျော်ညီစွာ ကျင့်သုံးနေထိုင်ခြင်း မရှိပါက မိမိတို့လည်း အပါယ်ငရဲသို့ ကျရောက်သွားသည်အထိ ဆုတ်ယုတ်သွားကြမည် ဖြစ်ပေသည်၊ သာသနာတော်ကြီးလည်း မိမိတို့ကို အကြောင်းပြု၍ ဆုတ်ယုတ်သွားမည် ဖြစ်ပေသည်၊ သို့ဖြစ်၍ မိမိ အတွက် သာသနာတော်ကြီးအတွက် အကျိုးရှိသော ဒုလ္လဘရဟန်းများဖြစ်အောင် ကျင့်ကြံအားထုတ်သင့်လှပေသည်။

ဒုလ္လဘ ဟူသော အမည်ကို လူအများစုက သိရှိနားလည် သဘောပေါက်နေကြသည်မှာ သာသနာဘောင်သို့ ခေတ္တခဏ ဝင်ရောက်၍ လူပြန်ထွက်ကြမည့် ရဟန်းတော်များ ဖြစ်သည်ဟူ၍ နားလည်သဘောပေါက်နေကြပေသည်။

၉-ဒုတိယအကြိမ်

http://www.dhammadownload.com



အမှန်စင်စစ်အားဖြင့် ဒုလ္လဘဟူသောအမည်သည် နားလည်သဘောပေါက်ကြသည့်အတိုင်း ခေတ္တခဏ သာသနာဘောင်သို့ ဝင်ရောက်၍လူပြန်ထွက်ကြမည့်ရဟန်းတော်များဟူ၍အဓိပ္ပာယ်မရရှိပေ၊ ရခဲသည်ကို ရအောင်ယူသူများ ဟူ၍ အဓိပ္ပာယ်ရရှိပေသည်။

ဒုလ္လဘ—၌၊ ဒု–က တစ်ပုဒ်၊ လဘ-က တစ်ပုဒ် ဖြစ်ပါသည်၊ ဒု-ရနိုင်ခဲသည်ကို၊ လဘ-ရသည်၊ ဝါ-ရအောင်ယူသည်၊ ဒုလဘ-ရနိုင်ခဲသော ရဟန်းအဖြစ်ကို ရအောင်ယူထားသူဟူ၍ အဓိပ္ပာယ် ရရှိပေသည်၊ ဒုလဘ-ဟု ပင်ကိုယ်ပုဒ်ရင်းပင် ဖြစ်ပါသော်လည်း သဒ္ဒါစည်းကမ်းများကြောင့် ဒုလ္လဘ-ဟု 'လ္လ' နှစ်လုံးဆင့် ဖြစ်နေပါသည်။

ဒုလ္လဘ—ရနိုင်ခဲသော ရဟန်းအဖြစ်ဟူသည် လူ့ဝတ်ကြောင်များအနေဖြင့် မရနိုင် မယူနိုင်သည့် (၂၂၇)သွယ်သော သီလသိက္ခာပုဒ်၊ အကျယ်အားဖြင့် ကုဋေ ကိုးထောင် ကျော်သော သီလသိက္ခာပုဒ်တို့ကို လိုက်နာ ကျင့်ကြံ၍ သီလကုသိုလ်များကို ရယူနိုင်သောကြောင့် ဒုလ္လဘ— ရနိုင်ခဲသော ရဟန်း အဖြစ်ဟု ဆိုလိုပါသည်။

ဒုလ္လဘရဟန်းခံခြင်းနှင့်စပ်၍ သာသနာတော်၌ ရဟန်းပြုသူ ၅-မျိုး ရှိသည်ကို သိသင့်လှပေသည်၊ ဒုလ္လဘရဟန်းပြုသူနှင့်တကွ သာသနာတော်၌ ရဟန်းပြုသူ ၅-မျိုး ရှိပါသည်။

၁။ သဒ္ဓါပဗ္ဗဇိတ— ယုံကြည်ခြင်းကြောင့် ရဟန်းပြုသူ
၂။ ပညာပဗ္ဗဇိတ— ပညာကြောင့် ရဟန်းပြုသူ

http://www.dhammadownload.com



၃။ ဘယာပဗ္ဗဇိတ= အပြစ်ဘေးကြောင့် ရဟန်းပြုသူ

၄။ မိရှိးဖလာ်ပဗ္ဗဇိတ= မိဖရိုးဖလာ အစဉ်အလာကြောင့် ရဟန်းပြုသူ

၅။ ဒုလ္လဘာပဗ္ဗဇိတ= ရခဲသည့် ရဟန်းအဖြစ်ကို ရလိုသောကြောင့် ရဟန်းပြုသူ ဟူ၍

၅–မျိုး ရှိပါသည်။

၁။ သဒ္ဓါပဗ္ဗဇိတ= ယုံကြည်ခြင်းကြောင့် ရဟန်းပြုသူ ဟူသည်....

အကြင်သူသည် ဘုရား တရား သံဃာ ရတနာသုံးပါးတို့၏ အကြောင်းကို ကြားနာရ၍ ရတနာသုံးပါး၌ ယုံကြည်ခြင်း သဒ္ဓါတရားဖြစ်၏၊ ထိုသဒ္ဓါတရားကို အကြောင်းပြု၍ ရဟန်းပြုသောသူသည် သဒ္ဓါပဗ္ဗဇိတ= ယုံကြည်ခြင်းကြောင့် ရဟန်းပြုသူ မည်၏။

ထိုရဟန်းသည် ရတနာသုံးပါးကို ယုံကြည်လေးစားသောကြောင့် သီလသိက္ခာပုဒ်များကိုသည်း မကျိုးမပေါက်ရအောင် အလေးဂရုပြု၍ စောင့်ထိန်း၏၊ ဆရာသမားများနှင့်အတူနေသူ သီတင်းသုံးဘော်တို့ကိုလည်း အလေးပြု၍နေထိုင်၏၊ သံသရာမှ လွတ်မြောက်ကြောင်း ကမ္မဋ္ဌာန်းတရားတို့ကိုလည်း ကြိုးစားအားထုတ်၍ နေတတ်၏၊ ဤကဲ့သို့ နေထိုင်ကျင့်သုံးသဖြင့် ကြည်ညိုဖွယ်ဂုဏ်များနှင့်ပြည့်စုံသောကြောင့်သာသနာတော်၏ ဂုဏ်ကျက်သရေဆောင်ပုဂ္ဂိုလ်မျိုး ဖြစ်ပေသည်။

http://www.dhammadownload.com



၂။ ပညာပဗ္ဗဇိတ= ပညာကြောင့် ရဟန်းပြုသူ ဟူသည်.....

အကြင်သူသည် ဗုဒ္ဓ၏ ပိဋကတ်ကျမ်းဂန်စာပေတို့ကို လေ့လာ ဖတ်ရှုရ၊ နာကြားရ၍ အသိအလိမ္မာ ဉာဏ်ပညာ တိုးတက်လာသောကြောင့် ရဟန်းပြု၏၊ ထိုအသိအလိမ္မာဉာဏ်ပညာကို အကြောင်းပြု၍ ရဟန်းပြုသောသူသည် ပညာပဗ္ဗဇိတ= ပညာကြောင့် ရဟန်းပြုသူ မည်၏။

ထိုရဟန်းသည် ဗုဒ္ဓ၏ ပိဋကတ်စာပေကျမ်းဂန်တို့ကို သင်ယူတတ်မြောက်ခြင်း၌သာ အလေးပြု၏၊ အခြား သာသနာရေးကိစ္စများ၌ အလေးပြုခြင်း မရှိ၊ အများနှင့်မဆန့်ကျင်ရုံမျှသာ နေထိုင်လေ့ ရှိ၏၊ သို့ပါသော်လည်း ပိဋကတ် စာပေကျမ်းဂန်များ ပြည့်စုံစွာသင်ကြားတတ်မြောက်ပြီးသောအခါ သဒ္ဓါနှင့် ပညာ နှစ်ပါးစုံပြည့်စုံလာသဖြင့် သာသနာတော်၏ ဂုဏ်ကျက်သရေဆောင် ပုဂ္ဂိုလ်မျိုး ဖြစ်နိုင်ပေသည်။

၃။ ဘယာပဗ္ဗဇိတ= အပြစ်ဘေးကြောင့် ရဟန်းပြုသူ ဟူသည်....

အကြင်သူသည် ရာဇဝတ်ဘေး စသော တစ်စုံတစ်ခုသော အပြစ်ဘေးကြောင့်သော်လည်းကောင်း၊ စားဝတ်နေရေးမပြေလည်၍သော်လည်းကောင်း ရဟန်းပြု၏၊ ထိုအပြစ်ဘေးနှင့် မပြေလည်ခြင်းကို အကြောင်းပြု၍ ရဟန်းပြုသော သူသည် ဘယာပဗ္ဗဇိတ=အပြစ်ဘေးကြောင့် ရဟန်းပြုသူ မည်၏။

ထိုရဟန်းမျိုးသည် များသောအားဖြင့် ဆရာသမားကောင်းများထံ၌ စနစ်တကျလည်း မနေလိုပေ၊ ကြည်ညိုဖွယ်ကို ဆောင်

http://www.dhammadownload.com



နိုင်အောင် သီလသိက္ခာပုဒ်များကိုလည်း စောင့်ထိန်းခြင်းမရှိပေ၊ အရပ်လေးမျက်နှာ လှည့်လည်တောင်းခံကာ သာသနာတော်၏ ဂုဏ်ကျက်သရေတို့ကို ဖျက်ဆီးနေသောပုဂ္ဂိုလ်မျိုးဖြစ်ပေသည်။

၄။ မိရိုးဖလာပဗ္ဗဇိတ = မိဖရိုးရာ အစဉ်အလာကြောင့် ရဟန်းပြုသူဟူသည်....

အကြင်သူသည် ငယ်ရွယ်စဉ်အခါကတည်းက ရှင်သာမဏေပြုလုပ်၍အသက်(၂၀)ပြည့်လျှင်မိရိုးဖလာထုံးစံအတိုင်းရဟန်းပြု၏၊ဆိုမိရိုးဖလာထုံးတမ်းစဉ်အလာကိုအကြောင်းပြု၍ ရဟန်းပြုသောသူသည် မိရိုးဖလာပဗ္ဗဇိ = မိဖရိုးရာ အစဉ်အလာကြောင့် ရဟန်းပြုသူ မည်၏။

ထိုရဟန်းမျိုးကို ယခုခေတ်အခါ၌ ငယ်ပြုရဟန်းဟုခေါ်ကြကုန်၏၊ ထိုရဟန်းသည် ဆရာသမားကောင်းများ၏ဩဝါဒကို ခံယူ၍ ပညာသင်ကြား တတ်မြောက်ပါက ယုံကြည်ခြင်းသဒ္ဓါတရားနှင့်လည်းပြည့်စုံလာတတ်ပေသည်၊ သဒ္ဓါနှင့်ပညာပြည့်စုံလာသောအခါသာသနာတော်၏ဂုဏ်ကျက်သရေဆောင်သာသနာ့အာဇာနည်ပုဂ္ဂိုလ်မျိုး ဖြစ်နိုင်ပေသည်။

၅။ ဒုလ္လဘပဗ္ဗဇိတ=ရခဲသည့် ရဟန်းအဖြစ်ကို ရလိုသောကြောင့် ရဟန်းပြုသူဟူသည်....

သာသနာတော်၌အမြဲမနေနိုင်ငြားသော်လည်းရခဲသောရဟန်းအဖြစ်ကိုရယူမည်၊ နောက်နောင်ဘဝများအတွက် အထုံပါရမီကုသိုလ်ဖြစ်အောင် အားထုတ်မည်ဟု ရည်မှန်း၍ ရဟန်း

http://www.dhammadownload.com



ပြု၏၊ ထိုရခဲသောရဟန်းအဖြစ်ကို ရလိုခြင်းကိုအကြောင်းပြု၍ ရဟန်းပြုသောသူသည် ဒုလ္လဘပဗ္ဗဇိတ=ရခဲသည့်ရဟန်းအဖြစ်ကို ရလိုသောကြောင့် ရဟန်းပြုသူ မည်၏။

အကြင်ဒုလ္လဘ ရဟန်းတော်တို့သည် (၂၂၇)သွယ်သော သီလသိက္ခာပုဒ်တို့ကို စောင့်ထိန်းခြင်းလည်းမရှိ၊ ဆရာသမား များ၏ ဆုံးမဩဝါဒတို့ကိုလည်း ရိုရိုသေသေ လိုက်နာကျင့်ကြံ ခြင်းလည်း မရှိ၊ သာသနာတော်၏ သင်္ကန်း ဆွမ်း ကျောင်း ဆေး ပစ္စည်းလေးပါးတို့ကို စားကာ သောက်ကာဖြင့် ပျော်ပျော် နေထိုင်ကြကုန်၏၊ ထိုဒုလ္လဘရဟန်းတော်တို့သည် ဒုလ္လဘ ဟူသောအမည်နှင့်လည်းမလျော်ညီ၊ အာပတ် ကြီး ငယ်များ လည်း သင့်နေမည်ဖြစ်၍ အပါယ်ရေသို့ ကျရောက်သွားသည် အထိ ဆုတ်ယုတ်သွားကြမည် ဖြစ်ပေသည်။

အကြင်ဒုလ္လဘရဟန်းတော်တို့သည် ဒုလ္လဘဟူသော အမည် နှင့်လျော်ညီစွာလူ့ တဝဋ္ဋမရနိုင်မစောင့်ထိန်းနိုင်သော(၂၂၇) သွယ်သော သီလသိက္ခာပုဒ်တို့ကို လုံခြုံအောင် စောင့်ထိန်း၏၊ ဆရာသမားကောင်းတို့၏ အဆုံးအမဩဝါဒများကိုလည်း ရိုရို သေသေလိုက်နာ၍ သီလ, သမာဓိ, ပညာ သိက္ခာသုံးပါးနှင့်ပြည့် စုံအောင်နေထိုင်၏၊ ထို ဒုလ္လဘရဟန်းတော်တို့သည် မိမိတို့၏ ပါရမီအားလျော်စွာမဂ်ဖိုလ်နိဗ္ဗာန်သို့ရောက်သွားကြသည်အထိ အကျိုးများကြမည် ဖြစ်ပေသည်။

ပါရမီနုသေး၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ မရောက်သေးငြားသော် လည်း နောက်နောင်ဘဝ၊ နောက်နောင်သောဘုရားရှင်တို့၏

http://www.dhammadownload.com



သာသနာတော်၌ သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာများဖြစ်ကြ၍ နိဗ္ဗာန်သို့ ရောက်သွားကြရမည်ဖြစ်ပေသည်။

ဝိပဿီမြတ်စွာဘုရားလက်ထက်တော်အခါက အမျိုးကောင်းသားတစ်ယောက်သည် ဆွေမျိုးဉာတိများ ပျက်စီးခြင်း၊ စည်းစိမ်ဥစ္စာများ ပျက်စီးခြင်းတို့ကြောင့် ဝိပဿီမြတ်စွာဘုရား၏ သာသနာတော်၌ ရဟန်းပြုလေ၏၊ ထို အမျိုးကောင်းသား ရဟန်းသည် ရဟန်းတရားတို့ကို ကြိုးစား၍ အားထုတ်၏၊ ၇ရက်ပြည့်သည်ရှိသော် စိတ်ဆင်းရဲခြင်း စိုးရိမ်ပူပန်ခြင်းတို့ငြိမ်းအေးသွားလေ၏၊ ထိုအခါ ရဟန်းဘဝမှထွက်၍ လူဝတ်လဲသွားလေ၏။

လူ့ ၊ ၁ ၄မှ နုထိုင်ပြီးသက်တန်းကုန်၍ ကွယ်လွန်စုတေသွားသောအခါ (၉၁)ကမ္ဘာပတ်လုံး အပါယ်သို့ မကျရောက်ပါဘဲ၊ ဂေါတမမြတ်စွာဘုရားပွင့်တော်မူလာသောအခါ ဝိပဿီမြတ်စွာဘုရား လက်ထက်တော်အခါက ၇-ရက် ရဟန်းပြုခဲ့ဖူးသော အထုံပါရမီ ကုသိုလ်ကြောင့် ပဋိသမ္ဘိဒါ ၄-ပါး၊ အဘိညာဉ် ၆-ပါးရရှိသောရဟန္တာပုဂ္ဂိုလ်ဖြစ်ရလေ၏၊ သတ္တာဟပဗ္ဗဇိတ မထေရ်ဟူ၍ ထင်ရှားလေ၏။

သို့ဖြစ်၍ ဒုလ္လဘရဟန်းတော်တို့သည် ရခဲသည့်ရဟန်းအဖြစ်ကို ရအောင်ယူသူ (ဒုလ္လဘ) ဟူသောအမည်နှင့် လျော်ညီစွာ ကျင့်သုံးနေထိုင်ပါက ရဟန္တာဖြစ်၍ နိဗ္ဗာန်သို့ရောက်သွားရသည်အထိ အကျိုးများကြမည် ဖြစ်ပေသည်။

http://www.dhammadownload.com



ရှင်ရဟန်းပြုကြမည့် ဒုလ္လဘရှင်ခလောင်း ရဟန်းလောင်းတို့သည် မိဘများထံမှ ခွင့်ပြုချက်ရသူများဖြစ်ပါမှ ဆရာတော်သံဃာတော်များက ရှင်ရဟန်းပြုပေးသို့ရပါသည်၊ ခွင့်ပြုချက်မရသူများကို ရှင်ရဟန်းပြုပေးပါက ဆရာတော် သံဃာတော်များ၌ အပြစ်ရှိပါသည်၊ အာပတ်သင့်စေဟု မြတ်စွာဘုရား ပညတ်တော်မူထားခဲ့ပါသည်။

မိဘများထံ ခွင့်ပြုချက်ရမှ ရှင်ရဟန်းပြုရ

မိဘများထံမှာ ခွင့်ပြုချက်ရမှ ရှင်ရဟန်းပြုရမည်ဟူသော ပညတ်ချက် ဖြစ်ပေါ်လာရခြင်း၏အကြောင်းရင်းမှာ မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီးနောက်မကြာ မိမှာပင်ရဟန္တာဒသပါင်းနှစ်သောင်းခြံရံလျက် ရာဇဂြိုဟ်ပြည်မှ တစ်ဆင့် ခမည်းတော်သုဒ္ဓေါဒနမင်းကြီးရှိရာ ကပိလဝတ်နေပြည်တော်သို့ ကြွတော်မူ၏၊ မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ရောက်၍ သုံးရက်မြောက်နေ့၌ ညီတော်နန္ဒမင်းသားနှင့် ညီမတော် ရူပနန္ဒာမင်းသမီးတို့ ထိမ်းမြားလက်ထပ်မင်္ဂလာပွဲကျင်းပ၏။

မြတ်စွာဘုရားကို ထိမ်းမြားလက်ထပ်မင်္ဂလာပွဲသို့ ပင့်ဖိတ်၍ မင်္ဂလာဆွမ်း ဆက်ကပ် လှူဒါန်းကြ၏၊ မြတ်စွာဘုရားသည် ဆွမ်းဘုဉ်းပေးပြီးသောအခါ သပိတ်တော်ကို ညီတော်နန္ဒမင်းသားလက်သို့ပေးအပ်၍ ကျောင်းတော်သို့ပြန်ကြွတော်မူ၏။

ညီတော်နန္ဒမင်းသားသည် မြတ်စွာဘုရားကို ချစ်ကြောက်ရိုသေသော စိတ်ရှိသည်ဖြစ်၍ မြတ်စွာဘုရား နောက်တော်သို့

မလိုက်လိုပါဘဲ၊ သပိတ်တော်ကို ကိုင်ဆောင်ကာ နိဂြောဓာရုံကျောင်းသို့ လိုက်ပါသွားရလေ၏၊ ကျောင်းတော်သို့ ရောက်သောအခါ ညီတော် နန္ဒမင်းသားကို ရဟန်း ပြုပေးတော်မူလိုက်၏။

ယသော်ဓရာမိဖုရားကလည်း ၇-နှစ်သား အရွယ် ရာဟုလာသားငယ်တို့ မြတ်စွာဘုရားထံ၌ အမွေတောင်းဖို့ရန် စေလွှတ်လိုက်၏၊ မြတ်စွာဘုရားက လောကီအမွေထက် မွန်မြတ်သော လောကုတ္တရာအမွေကို ပေးမည်ဟု မိန့်ကြားကာ အရှင်သာရိပုတ္တရာကို စေခိုင်း၍ ရှင်သာမဏေပြုပေးတော်မူလိုက်၏။

ဤကဲ့သို့ ညီတော်နန္ဒမင်းသားနှင့် သားတော်ရာဟုလာတို့ကို ဖခင် သုဒ္ဓေါဒနမင်းကြီးထံ ခွင့်မတောင်းပါဘဲ မြတ်စွာဘုရားအလိုတော်အတိုင်း ရှင်ရဟန်း ပြုပေးလိုက်သောကြောင့် ဖခင်သုဒ္ဓေါဒနမင်းကြီးမှာ များစွာစိတ်ထိခိုက်စိတ်မချမ်းမသာဖြစ်ရလေ၏။

သုဒ္ဓေါဒန မင်းကြီးသည် မိမိစိတ်ထိခိုက် စိတ် မချမ်းမသာဖြစ်ရသကဲ့သို့ နောင်သားနောက်သားမိဘများ စိတ်မချမ်းမသာမဖြစ်ရလေအောင် မြတ်စွာဘုရားထံချဉ်းကပ်၍ မိဘနှစ်ပါးထံမှ ခွင့်ပြုချက် မရသောသူကို ရှင်ရဟန်းပြုမပေးပါရန် မြတ်စွာဘုရားအား လျှောက်ထားတောင်းပန်လေ၏။

ဖခင် သုဒ္ဓေါဒနမင်းကြီး လျှောက်သားတောင်းပန်ခြင်းကို အကြောင်းပြု၍ မိဘများက ခွင့်မပြုသူကို ရှင်ရဟန်းပြုမပေးရဟူ၍ ပညတ်ချက်ကို မြတ်စွာဘုရား ထုတ်ပြန်တော်မူလိုက်ပါသည်။

http://www.dhammadownload.com



ဤသို့ မြတ်စွာဘုရား ပညတ်တော်မူချက် ရှိသောကြောင့် ရှင်ရဟန်းပြုကြမည့် ဒုလ္လဘ ရှင်-ရဟန်းလောင်း တို့ကို ဆရာတော် သံဃာတော်များက "မိဘများထံမှ ခွင့်ပြုချက် ရကြပါရဲ့လား" ဟု မေးကြရပါသည်၊ ခွင့်ပြုချက်ရမှ ရှင်ရဟန်းပြုပေးကြရပါသည်။

### ခွင့်ပြု၊ ခွင့်မပြု ရှင်ရဟန်းပြုရပုံ

မိဘများထံမှ ခွင့်ပြုချက်ရမှ ရှင်ရဟန်းပြုပေးရမည်၊ ခွင့်ပြုချက် မရက ရှင်ရဟန်းပြုမပေးရ ဟူသော ပညတ်တော်မူချက်သည် မွေးဖွားသော မိခင်ရင်း၊ ဖခင်ရင်းများမှ ခွင့်ပြုချက်ရခြင်းကိုသာ ဆိုလိုပါသည်။ မွေးစားသောမိဘများထံမှ ခွင့်ပြု ချက်ကို ဆိုလိုရင်း မဟုတ်ပါ။ မွေးစားသော မိဘများထံမှ ခွင့်ပြုချက် မရသော်လည်း ရှင်ရဟန်း ပြုကောင်းပါသည်။

မိဘရင်း နှစ်ယောက်တို့တွင် တစ်ယောက်သေဆုံးသွားလျှင် ကျန်တစ်ယောက်ထံ၌သာ ပန်ကြား ခွင့်တောင်းအပ်၏၊ ရှင်ရဟန်း ဝတ်နေကြသော မိဘများကိုလည်း ပန်ကြားခွင့်တောင်းအပ်၏၊ ဖခင်ကိုယ်တိုင် ရှင်ရဟန်းပြု၍ သားကိုလည်း ရှင်ပြုပေးစေလိုလျှင် မိခင်ထံ၌ ခွင့်ပြုပါရန် ပန်ကြား ခွင့်တောင်းအပ်၏။

ခွင့်မပန်ခဲ့ရသေးသော ရှင်လောင်း၊ ရဟန်းလောင်းများ ရောက်လာလျှင် ရှင်လောင်း၊ ရဟန်းလောင်း များ၏ မိဘများထံ ဆရာတော်ကိုယ်တိုင် သွားရောက်၍ခွင့်ပြုဖို့ရန် ပန်ကြား

http://www.dhammadownload.com



ခွင့်တောင်းနိုင်ပါသည်၊ သူတစ်ပါးကိုသော်လည်း စေလွှတ်၍ ပန်ကြားနိုင်ပါသည်၊ ရှင်လောင်း ရဟန်းလောင်းတို့ကိုသော်လည်း မိဘများထံ သွားရောက်၍ ပန်ကြားခွင့်တောင်းရန် စေလွှတ်အပ်၏။ ဤ

ရှင်လောင်း ရဟန်းလောင်းများက 'မိဘများထံမှခွင့်ရခဲ့ပါသည်'ဟု လျှောက်ထားသောအခါ ယုံကြည်လျှင် ရဟန်းပြု ပေးအပ်၏၊ မယုံကြည်လျှင် ရဟန်းပြုမပေးအပ်၊ မယုံကြည်ပါဘဲ သံသယရှိလျက်နှင့် ရှင်ရဟန်းပြုပေးခဲ့လျှင် ပြုပေးသော ဆရာတော်မှာ (ဒုက္ကဋ်) အာပတ်သင့်၏။

မိဘ (၂) ဦးတို့သည် အိမ်ထောင်ရေး အဆင်မပြေသဖြင့် ခွဲခွာ၍ နေကြရာ၌ သားဖြစ်သူများ ရှင်ပြု ရဟန်းခံကြမည့် အခါဘွင် မိခင်နှင့် အတူတကွ နေကြသော သားများက ဖခင်၏ ခွင့်ပြုချက်ကိုရယူရန် မလိုပါ၊ မိခင်၏ ခွင့်ပြုချက်ဖြင့် ပင် ရှင်ရဟန်းပြုနိုင်ကြပါသည်၊ ဖခင်နှင့်အတူတကွနေကြသော သားများကလည်း မိခင်၏ခွင့်ပြုချက်ကို ရယူရန်မလိုပါ၊ ဖခင်၏ ခွင့်ပြုချက်ဖြင့်ပင် ရှင်ရဟန်းပြုနိုင်ကြပါသည်။

ရှင်ရဟန်းပြုပြီး သာသနာတော်၌ မပျော်မမွေ့ခြင်း၊ အကြောင်းကိစ္စရှိခြင်းတို့ကြောင့် လူထွက်၏၊ လူထွက်ပြီးသော အခါ တစ်ဖန်ပြန်၍ ရှင်ရဟန်းပြုလိုသည်ရှိသော် မိဘများထံ ခွင့်ပြုပါရန် ပန်ကြားရပါသည်၊ အကြိမ် (၁၀၀) လူထွက်၍ တစ်ဖန် ရှင်ရဟန်းပြန်ဝတ်လိုသည်ရှိသော် အကြိမ် (၁၀၀) ပင် မိဘများထံ ခွင့်ပြုပါရန် ပန်ကြားရပါမည်။

http://www.dhammadownload.com



ယော်စဉ်ကပင် 'ဤသူငယ်ကို အလိုရှိသောအခါ ရှင်ပြုပေးပါ၊ ဤသူငယ်လာတိုင်းလာတိုင်း ရှင်ပြုပေးပါ'ဟူ မိဘ များက လျှောက်ထားခဲ့ဖူးပါလျှင် မပန်ကြားဘဲ ရှင်ပြုပေးကောင်းပါသည်။

သူငယ်တစ်ဦးသည် မိဘတို့နှင့် ငြင်းခုံခိုက်ရန်ဖြစ်ခဲ့၍ မိဘတို့ထံ ပန်ကြားရန် မသွားလိုသောကြောင့် 'ရှင်ပြုမပေးလျှင် ကျောင်းကို မီးရှို့မည်၊ အရှင်ဘုရားတို့ကို နှိပ်စက်သတ်ဦးဆဲမည်၊ သစ်ပင်ပေါ်မှခုန်ချ၍ သေလိုက်မည်၊ သူခိုး၊ ဓားပြ၊ သူမှုန်ထံသို့ ဝင်မည်၊ အရပ်တစ်ပါးသို့ ထွက်သွားမည်' ဟူ၍ ပြောဆိုအံ့၊ အသက်ကို ကယ်ဆယ်သောအားဖြင့် ရှင်ပြုပေးအပ်၏။

## ဆံချသောအခါ သိဖွယ်ရာ

ဗုဒ္ဓဘာ ရှင်လောင်းရဟန်းလောင်းများ ခေါင်းရိတ် ဆံချရာတွင် ဆံမချမီ ကျောင်းတိုက်အတွင်းရှိ သံဃာတော်များကို ရှင်လောင်း ရဟန်းလောင်းများ ဆံချ ခေါင်း ရိတ် မည့်အကြောင်း ပန်ကြားလျှောက်ထားရပါသည်၊ ဆံတစ်ပင်မျှကိုသော်လည်း မပန်ကြားဘဲ မရိတ်အပ်သည် သာတည်း၊ မပန်ကြားနိုင်လျှင် ခဏ္ဍသိမ်အတွင်း၌ ရှင်လောင်း ရဟန်းလောင်းများကို ဆံချ ခေါင်းရိတ်ပေးရပါသည်၊ လူဟို့ကိုယ်တိုင် ရိတ်ပေးလျှင် ပန်ကြားဖွယ်မရှိ။

သံဃာကိုပန်ကြားရခြင်းအကြောင်းမှာ....

တစ်ခါသောအခါ ရွှေပန်းထိမ်သည်သားတစ်ယောက်သည် မိဘများနှင့်ငြင်းခုံခိုက်ရန်ဖြစ်ပြီး ရဟန်းတော်များရှိရာကျောင်း

http://www.dhammadownload.com



သို့ ထွက်ပြေးလာ၏။ ရှင်ပြုပေးပါဟုလျှောက်ထားတောင်းပန်လေ၏၊ ရဟန်းတော်တို့က ဆံရိတ်ပြီးရှင်ပြုပေးကြကုန်၏၊ မိဘတို့သည် ကျောင်းသို့လာရောက်၍ ရှာဖွေကြသောအခါ ရဟန်းတော်တို့ကိုမြင်၍ မေးကြကုန်၏၊ ရဟန်းတော်တို့က ငါတို့မသိ၊ ငါတို့မမြင်ဟု ပြောကြကုန်၏၊ ထိုနောက် လိုက်၍ရှာပြန်သောအခါ သားငယ်အား ရှင်ပြုပေးနေကြသည်ကို တွေ့မြင်ရသဖြင့် ရဟန်းတို့သည် လိမ်ညာ၍ မုသားပြောကြကုန်၏၊ သီလမရှိကြကုန်=ဒုသီလတွေ ဟု ကဲ့ရဲ့ ရှုတ်ချပြောဆိုကြကုန်၏၊ ထိုကြောင့် မြတ်စွာဘုရားက ရှင်လောင်း ရဟန်းလောင်းများကို ဆံရိတ်သောအခါ သံဃာကို ပန်ကြားရမည်ဟု မိန့်ကြား ပညတ်တော်မူသောကြောင့် ပန်ကြားရခြင်းဖြစ်ပါသည်။

ဆံချ ခေါင်းရိတ်ပေးသောအခါ တစပဉ္စက ကမ္မဋ္ဌာန်းကို ရွတ်ဆိုစေ၍ ခေါင်းရိတ်ပေးရပါသည်။

ဤကိုယ်၌ ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေ၊ အရေ၊ သွား၊ လက်သည်း၊ ခြေသည်း၊ မွေးညင်း၊ ဆံပင် ဤ၅ခုသည် အဆင်းအားဖြင့် လည်းကောင်း၊ သဏ္ဌာန်အားဖြင့် လည်းကောင်း၊ အနံ့အားဖြင့်လည်းကောင်း၊ မှီရာအကြောင်းအားဖြင့်လည်းကောင်း၊ တည်ရာအရပ်အားဖြင့် လည်းကောင်း၊ စက်ဆုပ်စရာ ရွံစရာဖြစ်ကုန်၏။ မတင့်တယ်ကြကုန်၊ သတ္တဝါလည်းမဟုတ်ကုန်၊ အသက်လည်း မဟုတ်ကုန်၊ မာတင်းသော ပထဝီဓာတ် ဖြစ်၏။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါ မဟုတ်၊ အနိစ္စ ဒုက္ခ အနတ္တ ဟု ရွတ်ဆိုစေ၍ ခေါင်းရိတ်ပေးရပါသည်။

http://www.dhammadownload.com



ဆံရိတ်ပြီးလျှင် ခေါင်းမှအနံ့ဆိုးများပျောက်သွားရအောင် နနွင်းမှုန့်၊ ဆပ်ပြာမှုန့်တို့ဖြင့် ပွတ်တိုက်ရမည်ဟု ကျမ်းဂန်များ၌ အဆိုရှိ၏၊ အနံ့ဆိုးများပျောက်သွားဖို့သာ လိုရင်းဖြစ်ပေသည်၊ ကာသတော်လစ်ဆပ်ပြာစသည်တို့ဖြင့် ပွတ်တိုက်လျှင်လည်း ကိစ္စပြီးပါသည်။

ခေါင်းရိတ် ဆံချပြီးသောအခါ၊ သင်္ကန်းဝတ်ကြမည့် ရှင်လောင်း၊ ရဟန်းလောင်းတို့သည် မျက်နှာသုတ်ပဝါကိုဖြစ်စေ၊ အဝတ်တစ်ခုခုကို ဖြစ်စေ၊ ပခုံးတွင် လက်ကတော့ တင်၍ ဥပဇ္ဈာယ် ဖြစ်ထိုက်သော ရဟန်းတော်ထံ၌ သင်္ကန်းဝတ်ခွင့် တောင်းကြရပါသည်၊ သာသနာတွင်းက ရဟန်းတော်များက သင်္ကန်းဝတ်ခွင့်မပေးပါဘဲ ကိုယ်တိုင် သင်္ကန်းဝတ်ပါက ခိုး၍ ဝတ်သည်မည်၏။

သာသနာတွင်း မှရဟန်းတော်များက သင်္ကန်းဝတ်ခွင့် မပေးပါဘဲ ကိုယ်တိုင်သင်္ကန်းဝတ်ခဲ့သော် ရဟန်းကောင်း သာမဏေကောင်းတို့၏ သာသနာ့အသွင်ကို ခိုးယူသည်မည်၏၊ မိမိသည် ရဟန်းဖြစ်သည် သာမဏေဖြစ်သည် ဟူ၍ ဝန်ခံကာ သာသနာတွင်းက ရဟန်းကောင်း၊ သာမဏေကောင်းတို့နှင့် အတူတကွ ပေါင်းဖော် နေထိုင်ခဲ့သော် သာသနာတော်၏ပေါင်းဖော်ခြင်းကို ခိုးယူသည်မည်၏၊ နောင်သောအခါ ရှင် ရဟန်း ပြုလို့မရ၊ သာသနာတော်မှ ဆုံးရှုံးသူ ဖြစ်သွားရ၏။

သို့ဖြစ်ပါ၍ မိမိတို့ ကိုယ်ပိုင်သင်္ကန်းကို (၁၀)ဝါ ပြည့်၍ ဥပဇ္ဈာယ်ဆရာဖြစ်ထိုက်သော ဆရာတော်အား ပေးရပါသည်။

http://www.dhammadownload.com



## ဥပဇ္ဈာယ်ဆရာထံ သင်္ကန်းပေးပုံ

ရှင်လောင်း ရဟန်းလောင်းတို့သည် ဆောင့်ကြောင့်ထိုင်ကာ သင်္ကန်းကို ကိုင်၍—

"သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနသစ္ဆိကရဏတ္ထာယ ဣမံ ကာသာဝံ ဂဟေတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ"ဟု (ပါဠိလိုဖြစ်စေ) ဆိုကာ ဥပဇ္ဈာယ်ဆရာအား မိမိတို့သင်္ကန်းကို ပေးကြရပါသည်။

"အရှင်ဘုရား....၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို မင်္ဂဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်မြန်စွာ မျက်မှောက်ပြုပါရခြင်းအကျိုးငှာ တပည့်တော်၏ လက်၌ရှိသော ဤသင်္ကန်းကို ယူ၍ ရှင်သာမဏေဖြစ်အောင် ပြုပေးတော် မူကြပါဘုရား"ဟု (မြန်မာလိုဖြစ်စေ) ဆိုကာ ဥပဇ္ဈာယ်ဆရာအား မိမိတို့သင်္ကန်းကို ပေးကြရပါသည်။

## ဥပဇ္ဈာယ်ဆရာထံမှ သင်္ကန်းပြန်တောင်းပုံ

ရှင်လောင်း ရဟန်းလောင်းတို့သည် ဆောင့်ကြောင့်ထိုင်ကာ လက်အုပ်ချီ၍—

"သကလ ဝဋ္ဋ ဒုက္ခ နိဿရဏ နိဗ္ဗာနသစ္ဆိကရဏတ္ထာယ ဧတံ ကာသာဝံ ဒတွာ ပဗ္ဗာဇေထ မံ ဘန္တေ အနုကမ္ပံ ဥပါဒါယ"ဟု (ပါဠိလိုဖြစ်စေ)ဆို၍ ဥပဇ္ဈာယ်ဆရာတော်ထံမှ သင်္ကန်းကို ပြန်တောင်းယူကြရပါသည်။

"အရှင်ဘုရား....၊ အလုံးစုံသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို မင်္ဂဉာဏ် ဖိုလ်ဉာဏ်ဖြင့် လျင်

http://www.dhammadownload.com



မြန်စွာ မျက်မှောက် ပြုပါရခြင်း၊ အကျိုးငှာ အရှင်ဘုရားအ‌ေလက်၌ရှိသော ထိုသင်္ကန်းကို တပည့်တော်အား ပေးသနားရျ၍ တပည့်တော်ကို အစဉ် သနားခြင်းကို အကြောင်းပြု၍ ရှင်သာမဏေဖြစ်အောင် ပြုပေးတော်မူကြပါဘုရား”ဟု (မြန်မာလိုဖြစ်စေ)ဆို၍ ဥပဇ္ဈာယ်ဆရာထံမှ သင်္ကန်းကို ပြန်တောင်းကြရပါသည်။

ဥပဇ္ဈာယ်ဆရာထံမှ သင်္ကန်းကိုတောင်းယူရရှိပြီးသောအခါ သင့်လျော်ရာ အရပ်သို့သွား၍ ခါးဝတ်သင်းပိုင်ကို ဒူးအောက် လက်ရှစ်သစ်ခန့် ချကာ ဝတ်ရပါသည်၊ ကိုယ်ရုံ ဧကသီကို ဒူးအောက် လက်လေးသစ်ခန့်ချကာ ဝတ်ရုံရပါသည်။

သင်္ကန်းဝတ်ပြီးသောအခါ ဥပဇ္ဈာယ် ဆရာထံ ပြန်လာ၍ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ဝင်ဖို့ရာခွင့်တောင်းရပါသည်။

ရှင်လောင်း ရဟန်းလောင်းတို့သည် ဆောင့်ကြောင့်ထိုင်၍ လက်အုပ်ချီကာ—

“ဘန္တေ သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံ ယာစာမိ”ဟု (ပါဠိလို) ဖြစ်စေ ရှင်သာမဏေ အဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ခွင့်တောင်းရပါသည်။

“အရှင်ဘုရား....သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ရာ ရှင်သာမဏေအဖြစ်ကို တောင်းပန်ပါသည်ဘုရား”ဟု (မြန်မာလို) ဖြစ်စေ၊ ရှင်သာမဏေအဖြစ်ဖြင့် သာသနာ့ဘောင်သို့ ဝင်ခွင့် တောင်းရပါသည်။

http://www.dhammadownload.com



ဓာသနာ့တောင်သို့ဝင်ရှင့်တောင်းပြီးသောအခါသာသနာနှင့်စပ်သော အပြစ်ကြီး အပြစ်ငယ်များ ယခုဘဝမှာ ဖြစ်စေ၊ ရှေးရှေးဘဝများကဖြစ်စေ ရှိခဲ့ပါလျှင်ကင်းစင်သွားရအောင် —

ဩကာသ၊ဩကာသ စသည်ဖြင့်ဆိုကာဒကန်တော့ရပါသည်။

"ဩကာသ၊ ဩကာသ၊ ဩကာသ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်တေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်းအကျိုးငှာ ဘုရားရတနာ တရားရတနာ သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါး ဆရာသမားတို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိမိုးပူဇော် ဖူးမြော်မာန်လျှော့ကန်တော့ပါ၏အရှင်ဘုရား" ဟူ၍ ကန်တော့ရပါသည်။

ကန်တော့ပြီးသောအခါ ဥပဇ္ဈာယ်ဆရာထံမှာ ဆယ်ပါးသီလ တောင်းယူရပါသည်။

"အဟံ ဘန္တေ တိသရဏေနသဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံယာစာမိ အနုဂ္ဂဟံကတွာ သီလံဒေထ မေ ဘန္တေ" ဟူ၍ ဒုတိယမ္ပိ တတိယမ္ပိ ထည့်ကာ သုံးကြိမ်ဆို၍ တောင်းရပါသည်။

"အရှင်ဘုရား...တပည့်တော်သည် သရဏဂုံ (၃) ပါးနှင့်တကွ ဆယ်ပါးသော ရှင်သာမဏေသီလတရားကို တောင်းပါသည်။ တပည့်တော်အား သနားချီးမြှောက်၍ ဆယ်ပါးသီလ ပေးတော်မူပါဘုရား" ဟူ၍ မြန်မာလိုဖြစ်ပါသည်။

ဆယ်ပါးသီလ ကျောင်းပြီးသောအခါ ဆရာတော်က... "နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု ထစ်ခေါက်ဆိုမပေးလိုက်လျှင် ရှင်လောင်း ရဟန်းလောင်းများက သုံးခေါက်ဆိုကြရပေသည်။

"ပူဇော်အထူးကို ခံတော်မူထိုက်သော၊ အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင်သိတော်မူသော၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား တပည့်တော် (သုံးကြိမ်တိုင်တိုင်) ရှိခိုးပါ၏" ဟု မြန်မာလိုဖြစ်ပါသည်။

ဘုရားရှိခိုးပြီးသောအခါ ဥပဇ္ဈာယ်ဆရာက ဆိုပြပေးသော အတိုင်း သရဏဂုံ ဆောက်တည်ရပါသည်။

(ရှင်သာမဏေဖြစ်ဖို့ရာမှာ သရဏဂုံဆောက်တည်ခြင်းသည် အရေးအကြီးဆုံးပင် ဖြစ်ပေသည်၊ သရဏဂုံကို ပီသအောင် ဆိုနိုင်မှသာ ရှင်သာမဏေဖြစ်သည်၊ ရှေးမထေရ်မြတ်တို့သည် သရဏဂုံပီသအောင် အထူးအလေးပြု၍ ဆိုစေကြပါသည်။)

ရဟန်းခံ၍ ကမ္မဝါရွတ်ဖတ်ရာ၌ ကမ္မဝါဖတ်သော ဆရာတော်က ပီသစွာရွတ်ဖတ်နိုင်လျှင် ရဟန်းခံခြင်းကိစ္စ ပြီး၏၊ ရဟန်းဖြစ်၏။ ရှင်သာမဏေဝတ်၍ သရဏဂုံဆောက်တည်ရာ၌ သရဏဂုံပေးသော ဆရာတော်ကလည်း ပီသအောင်ရွတ်ဆိုနိုင်ရမည်၊ ရှင်သာမဏေလောင်းကလည်း ပီသအောင်ရွတ်ဆိုနိုင်ရမည်၊ နှစ်ဦးလုံး ပီသအောင် ရွတ်ဆိုနိုင်မှ ရှင်သာမဏေဖြစ်သည်၊ တစ်ဦးဦးက မပီသလျှင် ရှင်သာမဏေ မဖြစ်။

http://www.dhammadownload.com



ပီသအောင် ဆိုသည်မှာ ပြင်းပြင်းထန်ထန် ရွတ်ဆိုရမည့် အက္ခရာများကို ပြင်းပြင်းထန်ထန်ရွတ်ဆို၍ နဂိုအတိုင်းရွတ်ဆိုရမည့် အက္ခရာများကို နဂိုအတိုင်း ရွတ်ဆိုခြင်းကိုဆိုလိုပါသည်။

"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ"ဟု ရွတ်ဆိုရာ၌...

ဗုဒ္ဓံ ၌(ဒ္ဓ)ကို ပြင်းပြင်းထန်ထန် ရွတ်ဆိုရမည်။

ဂစ္ဆာမိ ၌ (စ္ဆာ) ကို ပြင်းပြင်းထန်ထန် ရွတ်ဆိုရမည်။

"ဓမ္မံ သရဏံ ဂစ္ဆာမိ"ဟု ရွတ်ဆိုရာ၌...

ဓမ္မံ ၌ (ဓမ်) ကိုပြင်းပြင်းထန်ထန် ရွတ်ဆိုရမည်။

ဂစ္ဆာမိ ၌(စ္ဆာ)ကို ပြင်းပြင်းထန်ထန် ရွတ်ဆိုရမည်။

"သံဃံ သရဏံ ဂစ္ဆာမိ"ဟု ရွတ်ဆိုရာ၌...

သံဃံ ၌(ဃံ)ကို ပြင်းပြင်းထန်ထန် ရွတ်ဆိုရမည်။

ဂစ္ဆာမိ၌(စ္ဆာ)ကို ပြင်းပြင်းထန်ထန် ရွတ်ဆိုရမည်။

ဒုတိယမ္ပိ၊ တတိယမ္ပိ ထည့်၍ ရွတ်ဆိုရာ၌လည်း ဤနည်းအတူပင်(ဒ္ဓံ)၊(စ္ဆာ)၊ (ဓမ်)၊ (ဃံ)ဟူသော အက္ခရာ(၄)လုံးတို့ကို ပြင်းပြင်းထန်ထန် ရွတ်ဆိုရပါသည်။

(ပြင်းပြင်းထန်ထန်ဟု ဆိုပါသော်လည်း ခေါင်း၊ကိုယ်များ တုန်ခါသွားလောက်အောင် ပြင်းထန်ဖို့ရာ မလိုပါ။ သိသာရုံမျှသာ ပြင်းထန်ဖို့ ဖြစ်ပါသည်။)

ဤအက္ခရာ(၄)လုံးကို ပြင်းပြင်းထန်ထန်ရွတ်ဆို၍ ကြွင်းကျန်သော အက္ခရာများကို သံမှန်နဂိုအတိုင်း ဆရာနှင့်တပည့် နှစ်ဦးလုံး ရွတ်ဆိုနိုင်ပါက၊ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ ဟူ၍ရွတ်ဆိုပြီးဆုံးသည်နှင့်တစ်ပြိုင်နက် ရှင်သာမဏေ ဖြစ်သွား

http://www.dhammadownload.com



လေတော်၏ ဆယ်ပါးသီလ သိက္ခာပုဒ်များကို ဆောက်တည်ခြင်းသည် လိုက်နာကျင့်ကြံရမည့် သီလသိက္ခာပုဒ် များကို သိအောင် ဆောက်တည်ခြင်းသာ ဖြစ်ပေသည်။

သရဏဂုံ ဆောက်တည် ပြီးသောအခါ ဆယ်ပါးသီလ ဆောက်တည်ရပါသည်။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
သူ့အသက်လဲ၊ မသတ်ပဲ၊ အမြဲ ရှောင်ကြဉ်မည်။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
သူ့ဥစ္စာလဲ၊ မခိုးပဲ၊ အမြဲရှောင်ကြဉ်မည်။

၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
မမြတ်တာလဲ၊ မကျင့်ပဲ၊ အမြဲရှောင်ကြဉ်မည်။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
လိမ်ညာချိုလဲ၊ မပြောပဲ၊ အမြဲရှောင်ကြဉ်မည်။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
သေအရက်လဲ၊ မသောက်ပဲ၊ အမြဲရှောင်ကြဉ်မည်။

၆။ ဝိကာလဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
နေ့မွန်းတိမ်းလွဲ၊ ညစာလဲ၊ မစားပဲရှောင်ကြဉ်မည်။

၇။ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသူက ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
ကတာကိုလဲ၊ မကြည့်ပဲ၊ တီးမှုတ်တာလဲ၊ နားမထောင်ပဲ၊ အမြဲရှောင်ကြဉ်မည်။

http://www.dhammadownload.com



၈။ မာလာ၊ ဂန္ဓ၊ ဝိလေပန၊ ဓာရဏ၊ မဏ္ဍန၊ ဝိဘူသန ဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
ပန်းနံ့သာလိမ်းမသုံးပဲ၊ အမြဲရှောင်ကြဉ်မည်။

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
မြင့်မြတ်ရာလျှ၊ မနေပဲ၊ အမြဲရှောင်ကြဉ်မည်။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။
ရွှေငွေကိုလဲ၊ မကိုင်ပဲ၊ အမြဲရှောင်ကြဉ်မည်....ဟူ၍ ဆောက်တည်ရပါသည်။

## (၁၀)ပါးသီလ ကျိုးပျက်ခြင်း အပြစ်

(၁၀)ပါးသော သီလသိက္ခာပုဒ်တို့တွင် ပါဏာတိပါတာ စသော ရှေ့ သီလသိက္ခာပုဒ်(၅)ပါးကို ကျူးလွန်လျှင် အပြစ်ကြီး၏၊ လိင်ကျ၏၊ ရှင်သာမဏေအဖြစ်မှ လူအဖြစ်သို့ ရောက်သွား၏၊ စောင့်ထိန်းထားသောသီလအားလုံးပျက်၏။ (၁၀)ပါးသီလ တစ်ဖန်ပြန်၍ ဆောက်တည်ရသည်။

ဝိကာလဘောဇနာ စသော နောက် သိက္ခာပုဒ်(၅)ခုကို လွန်ကျူးလျှင် အပြစ်သေးငယ်၏။ လွန်ကျူးသောသိက္ခာပုဒ် တစ်ခုသာပျက်၏၊ ဆရာတော်များက သာသယ်ခိုင်းခြင်း၊ ရေခပ်ခိုင်းခြင်းဟူသော ဒဏ်၊ ရေဒဏ်ပေးခြင်းတို့ဖြင့်အပြစ်ကင်းစင် ပပျောက်နိုင်သည်။

http://www.dhammadownload.com



## သိက္ခာပုဒ်(၂)ခု ပေါင်းခြင်းနှင့် ခွဲခြင်း

လူတို့(၈)ပါးသီလ ဆောက်တည်ကြရာတွင်-

နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ-ဟူသော သိက္ခာပုဒ်ကို တစ်ပုဒ်တည်းပြု၍ ဆောက်တည်ကြရပေသည်။

ရှင်သာမဏေတို့ ဆယ်ပါးသီလ ဆောက်တည်ကြရာတွင်

(၁)နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ ဟူ၍လည်းကောင်း၊

(၂)မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ ဟူ၍လည်းကောင်း၊

သိက္ခာပုဒ်နှစ်ခုကိုခွဲ၍ ဆောက်တည်ကြရပေသည်။

လူတို့(၈)ပါးသီလ ဆောက်တည်ကြရာတွင်-

နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ သိက္ခာပုဒ်၌ ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ ကြည့်ရှုနားထောင်ခြင်း တို့သည် ကာမဂုဏ်အရာ၌ လျှပ်ပေါ်ခြင်းတို့ပင် ဖြစ်ကြပေသည်။

မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနသိက္ခာပုဒ်၌ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာပျောင်းတို့ဖြင့် အတင့်အတယ် အပြေအပြစ် ပြုခြင်းတို့သည်လည်း ကာမဂုဏ်အရာ၌ လျှပ်ပေါ်ခြင်းတို့ပင် ဖြစ်ကြပေသည်။

ဤကဲ့သို့ ကာမဂုဏ်အရာမှာ လျှပ်ပေါ်မှုချင်း တူကြသော ကြောင့် ရှစ်ပါးသီလဥပုသ်စောင့်ထိန်းသောအခါ ရှောင်ကြဉ်

http://www.dhammadownload.com



ရမည့်အင်္ဂါချင်း တူကြ၏။ ထို့ကြောင့် သိက္ခာပုဒ်တစ်ခုတည်း ပြု၍ ဆောက်တည်ကြရပေသည်။

ရှင်သာမဏေတို့ (၁၀)ပါးသီလ ဆောက်တည်ကြရာတွင်-

(၁) နစ္စ ဂီတ ဝါဒိတ ဝိသူကဒဿနာ သိက္ခာပုဒ်သည် ကိုယ်တိုင်ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ သူတစ်ပါးကို ကစေခြင်း၊ သီဆိုစေခြင်း၊ တီးမှုတ်စေခြင်း၊ သူတစ်ပါး က၊ ဆို၊ တီးမှုတ်သည်ကို သွားရောက် ကြည့်ရှုနားထောင်ခြင်းတို့ကို ပြုသောသူအား ကိုယ်နှင့်နှုတ်အားဖြင့် (၂)ပါး၊ ကိုယ်တိုင်ပြုခြင်းနှင့် သူတစ်ပါးကိုပြုစေခြင်း အားဖြင့် (၂)ပါးတို့နှင့် ဆက်ဆံနေသောကြောင့် သိက္ခာပုဒ်အထူးဖြစ်၏။

(၂) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ သိက္ခာပုဒ်သည် ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာ ပျောင်း တို့ဖြင့် အတင့်အတယ် အပြေအပြစ်ပြုသောသူ အား မိမိကိုယ်ကာယ၌ မိမိကိုယ်တိုင် ပြုလုပ်ခြင်း တစ်ပါးနှင့်သာ ဆက်ဆံသောကြောင့် သိက္ခာပုဒ် အထူး ဖြစ်၏။

ဤကဲ့သို့ (၁) နံပါတ် သိက္ခာပုဒ်က ကိုယ်နှင့် နှုတ်တို့ဖြင့် ကိုယ်တိုင်လည်းပြုခြင်း၊ သူတစ်ပါးတို့ကိုလည်း ပြုစေခြင်းအား ဖြင့်လည်းကောင်း၊ (၂) နံပါတ် သိက္ခာပုဒ်က ကိုယ်ကာယ တစ်ခုတည်း၌ ကိုယ်တိုင်ပြုခြင်း တစ်ခုတည်း အားဖြင့်လည်း ကောင်း ကွဲပြားကြသောကြောင့် သိက္ခာပုဒ် နှစ်ခုကို ခွဲ၍ ဆောက်တည်ကြရပေသည်။

http://www.dhammadownload.com



## ဥစ္စာသယာန မဟာသယာနနှင့် သိမှတ်ဖွယ်ရာ

ခုတာင်၊ ထိုင်ခုံတောင်အောက် တစ်တောင်ထွာထက် ခြေထောက်ရှည်သော ခုတင်(မဉ္စ = ညောင်စောင်း)၊ ထိုင်ခုံ(ပီဌ=အင်းပျဉ်)တို့သည် မြင့်သောနေရာ(ဥစ္စာသယာန)မည်၏။ ရဟန်းသာမဏေနှင့် ဥပုသ်သည်တို့ မအိပ်ကောင်း၊ မထိုင်ကောင်းသောနေရာများဖြစ်၏။ တစ်တောင်ထွာအောက်တိုအောင်ခြေထောက်ကို ဖြတ်၍ အသုံးပြုနေထိုင်ပါက အပြစ်မရှိ။ နေထိုင်ကောင်းပါသည်။

ခြေထောက်၌ ခြင်္သေ့ရုပ်၊ ကျားရုပ် စသည်ရှိသော ပလ္လင်သည် မြတ်သောနေရာ (မဟာသယာန) မည်၏။ လဲမှို့ ထွက်ထားသော (ဘုံလျှို) မွေ့ရာအသည်လည်း မြတ်သောနေရာ (မဟာသယာန) မည်၏။ ရဟန်းသာမဏေနှင့် ဥပုသ်သည်တို့ မထိုင်ကောင်းသော နေရာများဖြစ်၏။ ပလ္လင်ခြေထောက်၌ ခြင်္သေ့ရုပ်၊ ကျားရုပ်စသည်တို့ကို ဖျက်၍၊ မွေ့ရာ၌ လဲမှို့တို့ကို ထုတ်၍ အသုံးပြုနေထိုင်ပါက အပြစ်မရှိ၊ နေထိုင်ကောင်းပါသည်။

လေးထောင့်အညီ ပြုလုပ်ထားသော ခုတင်( အာသန္ဒီ ညောင်စောင်း) သည် တစ်တောင်ထွာထက် ခြေထောက်ရှည်သော်လည်း ရဟန်းသာမဏေနှင့် ဥပုသ်သည်တို့ အသုံးပြုနေထိုင်ကောင်းပါသည်။

ခုတင် (မဉ္စ=ညောင်စောင်း)၊ ထိုင်ခုံ (ပီဌ=အင်းပျဉ်)၊ လေးထောင့်အညီ ပြုလုပ်ထားသော ခုတင် (အာသန္ဒီ ညောင်စောင်း) တို့၌ သားမွေးကော်ဇော စသည် ခင်းလျှင် မြတ်သော

http://www.dhammadownload.com



နေရာ(မဟာသဃာန) မည်၏။ ရဟန်းသာမဏေနှင့် ဥပုသ်သည့်တို့ မထိုင်ကောင်း၊ မအိပ်ကောင်းသော မြတ်သောနေရာများ ဖြစ်၏။ သားမွေးကော်ဇော စသည်တို့ကို မြေ၌ ကြမ်း၌ ခင်းလျှင် အပြစ်မရှိ။ နေထိုင်ကောင်းပါသည်။

## ဇာတရူပ ရဇတဥ္စ သိက္ခာပုဒ်

ရွှေ ငွေကို မခံယူရ၊ မကိုင်ရ ဟူသော ဇာတရူပ ရဇတ သိက္ခာပုဒ်၌ ရွှေ ငွေကို လာလှူသောအခါ ရဟန်း သာမဏေတို့အား မအပ်စပ် ဟူ၍ ကိုယ်နှုတ်တို့ဖြင့် ပယ်လိုက်လျှင် စိတ်ထဲက သာယာသော်လည်း အပြစ်မရှိ။ ဤ ရွှေ ငွေ တို့ သည် မအပ်စပ်ဟု စိတ်ဖြင့် ပယ်လိုက်လျှင်လည်း ကိုယ် နှုတ် တို့ဖြင့် မပယ်သော်လည်း အပြစ်မရှိ။

အထက်ဖော်ပြပါ မြတ်စွာဘုရား၏ ပညတ်ချက်၊ ခွင့်ပြုချက်များသည် ရဟန်းသာမဏေတို့အတွက် အကျိုးများလှပါသည်။ လိုက်နာဖွယ်ကောင်းလှပါသည်။

## ရဟန်းတော်များ မကိုင်ကောင်းသော ပစ္စည်းများ

ရဟန်းတော်များ မကိုင်ကောင်းသော ပစ္စည်းများမှာ.... လူမိန်းမ၊ တိရစ္ဆာန်မတို့၏ ကိုယ်ကာယ၊ မိန်းမတို့၏ အဝတ်အရုံ၊ ထန်းရွက် လက်စွပ်မှ စ၍ အသုံးအဆောင် တန်းဆာ၊ မိန်းမ ပုံသဏ္ဌာန် အရုပ်၊ ကြက်မဝပ်ဟန် လက်ဘက်အုပ်၊ နတ်သမီး တံဆိပ် မီးခြစ်၊ အမျိုးသမီးရုပ်ပုံပါသော ပြက္ခဒိန်မှ စ၍ အမျိုးသမီးဓာတ်ပုံအမျိုးမျိုး၊ စပါးမျိုး(၇)ပါး၊ သစ်ပင်၌ သီးနေ

http://www.dhammadownload.com



ခဲ့သော ဓားမွှယ်အသုံးအဆောင်၊ လှည့်ကွက်ရုပ်ပုံပါသောသော အထီး အရွက်၊ ဘုရားချထားသော ရွှေ၊ ငွေဆိုင်း၊ ရွှေထွက်သော မျိုး ကျောက်မှုတ်ချို ရွှေ ငွေ ရတနာ (၁၀) ပါး၊ သေနတ် စသော လက်နက်၊ မုဆိုး တံငါတို့၏ ပိုက်ကွန်၊ ဆောင်း၊ ကျော့ကွင်း၊ တီးမှုတ်စရာ တူရိယာပစ္စည်း၊ ဘဏ္ဍာ ညှိပစ္စည်းများကို မကိုင် ကောင်းပေ။

မိန်းမ အသုံးအဆောင်ကို သင်္ကန်း၊ ထိုင်ခင်း စသည်အလို့ငှာ လှူလျှင် ကိုင်ကောင်း၏။ ယမ်းခွံ စပါး ဖြန့်လှန်းထား၍ သွားလမ်းမရှိလျှင် နင်းသွားကောင်း၏။ ရတနာကို ကျောင်း ထိုးလှူလျှင် ကိုင်ကောင်း၏။ မိန်းမရုပ်ရှိသော ပစ္စည်းဖြစ်လျှင် အရုပ်ကိုဖျက်၍ သုံးကောင်း၏။

(၁၀) ပါးသီလ ဆောက်တည်ခံယူပြီးသောအခါ (၁၀) ပါး ပြည့်၍ ဥပဇ္ဈာယ် ဖြစ်ထိုက်သော ဆရာတော်ထံ၌ ဥပဇ္ဈာယ် ယူရပါသည်။

### ရဟန်းပြုမပေးအပ်သူများ

၁။ ဥပဇ္ဈာယ်ဆရာမရှိသောသူကို ရဟန်းပြုမပေးအပ်။

၂။ သံဃာကို ဥပဇ္ဈာယ်ပြုကာ သံဃာဥပဇ္ဈာယ်ဖြင့် ရဟန်း ပြုမပေးအပ်။

၃။ ဂိုဏ်းကို ဥပဇ္ဈာယ်ပြုကာ ဂိုဏ်းဥပဇ္ဈာယ်ဖြင့် ရဟန်းပြု မပေးအပ်။ ရဟန်းပြုပေးလျှင်ပြုပေးသောရဟန်းများ (ဒုက္ကဋ်) အာပတ် သင့်၏။

http://www.dhammadownload.com



ရမည့်အင်္ဂါချင်း တူကြ၏။ ထို့ကြောင့် သိက္ခာပုဒ်တစ်ခုတည်း ပြု၍ ဆောက်တည်ကြရပေသည်။

ရှင်သာမဏေတို့ (၁၀)ပါးသီလ ဆောက်တည်ကြရာတွင်—

(၁) နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿနာ သိက္ခာပုဒ် သည် ကိုယ်တိုင်ကခြင်း၊ သီဆိုခြင်း၊ တီးမှုတ်ခြင်း၊ သူတစ်ပါးကို ကစေခြင်း၊ သီဆိုစေခြင်း၊ တီးမှုတ်စေခြင်း၊ သူတစ်ပါး က၊ ဆို၊ တီးမှုတ်သည်ကို သွားရောက် ကြည့်ရှု နားထောင်ခြင်းတို့ကို ပြုသောသူအား ကိုယ်နှင့်နှုတ်အားဖြင့် (၂)ပါး၊ ကိုယ်တိုင်ပြုခြင်းနှင့် သူတစ်ပါးကိုပြုစေခြင်း အားဖြင့် (၂) ပါးတို့နှင့် ဆက် ဆံ နေသောကြောင့် သိက္ခာပုဒ် အထူးဖြင်၏။

(၂) မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ သိက္ခာပုဒ်သည် ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်း၊ နံ့သာ ပျောင်း တို့ဖြင့် အတင့်အတယ် အပြေအပြစ်ပြုသောသူ အား မိမိကိုယ်ကာယ၌ မိမိကိုယ်တိုင် ပြုလုပ်ခြင်း တစ် ပါးနှင့်သာ ဆက်ဆံသောကြောင့် သိက္ခာပုဒ် အထူး ဖြစ်၏။

ကျက်ဆို (၁) နံပါတ် သိက္ခာပုဒ်က ကိုယ်နှင့် နှုတ်တို့ဖြင့် ကိုယ်တိုင်လည်းပြုခြင်း၊ သူတစ်ပါးတို့ကိုလည်း ပြုစေခြင်းအား ဖြင့်လည်းကောင်း၊ (၂) နံပါတ် သိက္ခာပုဒ်က ကိုယ်ကာယ တစ်ခုတည်း၌ ကိုယ်တိုင်ပြုခြင်း တစ်ခုတည်း အားဖြင့်လည်း ကောင်း ကွဲပြားကြသောကြောင့် သိက္ခာပုဒ် နှစ်ခုကို ခွဲ၍ ဆောက်တည်ကြရပေသည်။

http://www.dhammadownload.com



## ဥစ္စာသယနနှင့် မဟာသယနတို့ သိမှတ်ရာ

ခုတင်၊ ထိုင်ခုံတောင်အောက် တစ်တောင်ထွာထက် ခြေထောက်ရှည်သော ခုတင်(မဉ္စ = ညောင်စောင်း)၊ ထိုင်ခုံ(ပီဌ=အင်းပျဉ်)တို့သည် မြင့်သောနေရာ(ဥစ္စာသယန)မည်၏။ ရဟန်းသာမဏေနှင့် ဥပုသ်သည်တို့ မအိပ်ကောင်း၊ မထိုင်ကောင်းသော နေရာများ ဖြစ်၏။ တစ်တောင်ထွာအောက်တိုအောင် ခြေထောက်ကို ဖြတ်၍ အသုံးပြုနေထိုင်ပါက အပြစ်မရှိ။ နေထိုင်ကောင်းပါသည်။

ခြေထောက်၌ ခြင်္သေ့ရုပ်၊ ကျားရုပ် စသည်ရှိသော ပလ္လင်သည် မြတ်သောနေရာ (မဟာသယန) မည်၏။ လဲမွှို့ သွက်ထားသော (ဘုံလျှို) မွေ့ရာသည်လည်း မြတ်သောနေရာ (မဟာသယန) မည်၏။ ရဟန်းသာမဏေနှင့် ဥပုသ်သည်တို့ မထိုင်ကောင်းသော နေရာများ ဖြစ်၏။ ပလ္လင်ခြေထောက်၌ ခြင်္သေ့ရုပ်၊ ကျားရုပ်စသည်တို့ကို ဖျက်၍၊ မွေ့ရာ၌ လဲမွှို့တို့ကို ထုတ်၍ အသုံးပြုနေထိုင်ပါက အပြစ်မရှိ၊ နေထိုင်ကောင်းပါသည်။

လေးထောင့်အညီ ပြုလုပ်ထားသော ခုတင်( အာသန္ဒိ ညောင်စောင်း) သည် တစ်တောင်ထွာထက် ခြေထောက်ရှည်သော်လည်း ရဟန်းသာမဏေနှင့် ဥပုသ်သည်တို့ အသုံးပြုနေထိုင်ကောင်းပါသည်။

ခုတင် (မဉ္စ=ညောင်စောင်း)၊ ထိုင်ခုံ (ပီဌ=အင်းပျဉ်)၊ လေးထောင့်အညီ ပြုလုပ်ထားသော ခုတင် (အာသန္ဒိ ညောင်စောင်း) တို့၌ သားမွေးကော်ဇော စသည် ခင်းလျှင် မြတ်သော

http://www.dhammadownload.com



နေရာ(မဟာသယန) မည်၏။ ရဟန်းသာမဏေနှင့် ဥပုသ်သည်တို့ မထိုင်ကောင်း၊ မအိပ်ကောင်းသော မြင့်သောနေရာများဖြစ်၏။ သားမွေးရှည်သော စသည်တို့ကို မြေ၌ ကြမ်း၌ ခင်း၍ အပြစ်မရှိ။ နေထိုင်ကောင်းပါသည်။

## ဇာတရူပ ရဇတဉ္စ သိက္ခာပုဒ်

ရွှေငွေကို မခံယူရ၊ မကိုင်ရ ဟူသော ဇာတရူပ ရဇတ သိက္ခာပုဒ်၌ ရွှေငွေကို လာလှူသောအခါ ရဟန်း သာမဏေတို့အား မအပ်စပ် ဟူ၍ ကိုယ်နှုတ်တို့ဖြင့် ပယ်လိုက်လျှင် စိတ်ထဲက သာယာသော်လည်း အပြစ်မရှိ။ ဤရွှေ ငွေ တို့ သည် မအပ်စပ်ဟု စိတ်ဖြင့် ပယ်လိုက်လျှင်လည်း ကိုယ်နှုတ် တို့ဖြင့် မပယ်သော်လည်း အပြစ်မရှိ။

အထက်ဖော်ပြပါ မြတ်စွာဘုရား၏ ပညတ်ချက်၊ ခွင့်ပြုချက်များသည် ရဟန်းသာမဏေတို့အတွက် အကျိုးများလှပါသည်၊ လိုက်နာဖွယ်ကောင်းလှပါသည်။

## ရဟန်းတော်များ မကိုင်ကောင်းသော ပစ္စည်းများ

ရဟန်းတော်များ မကိုင်ကောင်းသော ပစ္စည်းများမှာ.... လူမိန်းမ၊ တိရစ္ဆာန်မတို့၏ ကိုယ်ကာယ၊ မိန်းမတို့၏ အဝတ်အစား၊ ထန်းရွက် လက်စွပ်မှ စ၍ အသုံးအဆောင် တန်ဆာ၊ မိန်းမ ဖုံသဏ္ဌာန် အရုပ်၊ ကြက်မဝပ်ဟန် လက်ဘက်အုပ်၊ နတ်သမီး တံဆိပ် မီးခြစ်၊ အမျိုးသမီးရုပ်ပုံပါသော ပြက္ခဒိန်မှ စ၍ အမျိုးသမီးဓာတ်ပုံအမျိုးမျိုး၊ စပါးမျိုး(၇)ပါး၊ သစ်ပင်၌ သီးနေ

http://www.dhammadownload.com



သော တားမွှယ်အသိုး၊ အရွက်၊ သွဲ့တို့စုပုံထားသော အသီး အရွက်၊ အုရေးချသော ရွှေ၊ ရွှေဆိုင်း၊ ရွှေထွက်သော မျိုး ကျောက်မှစ၍ ရွှေ ငွေ ရတနာ (၁၀) ပါး၊ သေနတ် စသော လက်နက်၊ မုဆိုး ထောင်ချောက်၊ ပိုက်ကွန်၊ ဆောင်း၊ ကျော့ကွင်း၊ တီးမှုတ်စရာ တူရိယာပစ္စည်း၊ ဘဏ္ဍာ ဤပစ္စည်းများကို မကိုင် ကောင်းပေ။

မိန်းမ အသုံးအဆောင်ကို သက်န်း၊ ထိုင်ခင်း စသည်အလို့ ငှာ လှူလျှင် ကိုင်ကောင်း၏။ ယမ်းဘူး စပါး ဖြန့်လှန်းထား၍ သွားလမ်းမရှိလျှင် နင်းသွားကောင်း၏။ ရတနာကို ကျောင်း ထိုးလှူလျှင် ကိုင်ကောင်း၏။ မိန်းမရုပ်ရှိသော ပစ္စည်းဖြစ်လျှင် အရုပ်ကိုဖျက်၍ သုံးကောင်း၏။

(၁၀) ပါးသီလ ဆောက်တည်ခံယူပြီးသောအခါ (၁၀) ပါးပြည့်၍ ဥပဇ္ဈာယ် ဖြစ်ထိုက်သော ဆရာတော်ထံ၌ ဥပဇ္ဈာယ် ယူရပါသည်။

### ရဟန်းပြုမပေးအပ်သူများ

၁။ ဥပဇ္ဈာယ်ဆရာမရှိသောသူကို ရဟန်းပြုမပေးအပ်။

၂။ သံဃာကို ဥပဇ္ဈာယ်ပြုကာ သံဃာဥပဇ္ဈာယ်ဖြင့် ရဟန်း ပြုမပေးအပ်။

၃။ ဂိုဏ်းကို ဥပဇ္ဈာယ်ပြုကာ ဂိုဏ်းဥပဇ္ဈာယ်ဖြင့် ရဟန်းပြု မပေးအပ်။ ရဟန်းပြုပေးလျှင်ပြုပေးသောရဟန်းများ (ဒုက္ကဋ်) အာပတ် သင့်၏။

(၁၀)ဝါ မပြည့်သေးသော ရဟန်းသည် ဥပဇ္ဈာယ်မပေးအပ်။ (၁၀)ဝါပြည့်သော်လည်း ကံကြီးကင်ယံစသော ဝိနည်းအရာ၌ မကျွမ်းကျင်သောရဟန်းသည် ဥပဇ္ဈာယ် မပေးအပ်။ ပေးလျှင် (ဒုက္ကဋ်)အာပတ် သင့်၏။

သို့ဖြစ်သောကြောင့် (၁၀)ဝါပြည့်၍ ဥပဇ္ဈာယ်ဖြစ်ထိုက်သော ဆရာထံ၌ "ဥပဇ္ဈာယော မေ ဘန္တေ ဟောဟိ" ဟူ၍ နှုတ်ဖြင့်ရွတ်ဆိုကာ ဥပဇ္ဈာယ်ယူရပါသည်။ "အရှင်ဘုရားသည် တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါဘုရား" ဟု လျှောက်ထားတောင်းပန်ခြင်းပင် ဖြစ်ပေသည်။

မိဘ မိသားစုများ နေထိုင်ကြသော အိမ်တွင် အကြီးအကဲ မိဘများ ရှိကြရသလို၊ အလုပ်ဌာနများတွင် ဌာနဆိုင်ရာ အကြီးအကဲပုဂ္ဂိုလ်များ ရှိကြရသလို၊ သာသနာတော်၌လည်း အကြီးအကဲပုဂ္ဂိုလ်များ ရှိကြရပေသည်။ သာသနာတော်၌ အကြီးအကဲပုဂ္ဂိုလ်ကို ဥပဇ္ဈာယ်ဆရာဟူ၍ ခေါ်ကြရပါသည်။

## ဥပဇ္ဈာယ်၏ အဓိပ္ပာယ်

ဥပဇ္ဈာယ်သည် ဥပဇ္ဈာယ ဟူသော ပါဠိမှ ဖြစ်ပေါ်လာသော စကား ဖြစ်ပေသည်။

ဥပဇ္ဈာယ၌ဥပ-က တစ်ပုဒ်၊ ဇ္ဈာယ-က တစ်ပုဒ်ဖြစ်ပေသည်။ ဥပ=အနီးကပ်၍၊ ဇ္ဈာယ=အပြစ်ကြီး၊ အပြစ်ငယ်တို့ကို ကြည့်ရှု ပြောဆိုဆုံးမသော ပုဂ္ဂိုလ်၊ ဥပဇ္ဈာယ=အပြစ်ကြီး အပြစ်ငယ်တို့ကို အနီးကပ် ကြည့်ရှုကာ ပြောဆို ဆုံးမသောပုဂ္ဂိုလ် ဟူ၍ အဓိပ္ပာယ် ရရှိပါသည်။

http://www.dhammadownload.com



ဥပဇ္ဈာယ်ဆရာမှုသည် သာသနာ့ဘောင်သို့ရောက်လာကြသော ရဟန်းသာမဏေများကို သာသနာတော်နှင့် စပ်သော အပြစ်ကြီး အပြစ်ငယ်များမှ လွတ်ကင်းစေ၍ သာသနာ့အကျင့်မြတ်တို့ကို ပြည့်ပြည့်စုံစုံ ကျင့်ကြံ အားထုတ်နိုင်ဖို့ရာ မေတ္တာကရုဏာ ရှေ့ထားလျက် ပြောဆိုဆုံးမ ပေးသော ဆရာ ဖြစ်ပေသည်။ အလေးဂရု အပြုရဆုံးဆရာ ဖြစ်ပေသည်။

ရှင်သာမဏေဖြစ်ပြီးသော ရဟန်းလောင်းက "အရှင်ဘုရားသည် တပည့်တော်၏ ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူပါဘုရား" ဟူ၍ လျှောက်ထားတောင်းပန်သောအခါ ဥပဇ္ဈာယ်ဆရာက "ပါသာဒိကေန သမ္ပာဒေဟိ" ဟု ပြန်၍ မိန့်ကြားတော်မူပါသည်။ သာသနာတော်တွင် နေရိုက် လိုက်နာဖို့ရာ လေးနက်သော ဩဝါဒစကားဖြစ်သည်။

ပါသာဒိကေန=ကြည်ညိုဖွယ်ကို ဆောင်တတ်သော ကိုယ်အမူအရာ နှုတ်အမူအရာဖြင့်၊ တိဝိဓသိက္ခံ=သိက္ခာ(၃)ရပ် သာသနာတော်မြတ်ကို၊ သမ္ပာဒေဟိ=ပြည့်စုံစေလော့ဟူ၍ သာသနာတော်တွင် နေရိုက်မှာ လိုက်နာကျင့်ကြံဖို့ရာ အကျဉ်းချုပ် မှာကြားလိုက်ခြင်း ဖြစ်ပေသည်။

သာသနာ့ဘောင်သို့ ရောက်လာသောအခါ "ကိုယ် အမူအရာကလည်း ကြည်ညိုဖွယ်ရာရှိပါစေ၊ နှုတ်အမူ အရာကလည်း ကြည်ညိုဖွယ်ရာ ရှိပါစေ" ဟု ရှေးဦးစွာ မှာကြားလိုက်ခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



သာသနာ့တောင်သို့ရောက်လာသောအခါ ပြေးသွားခြင်း၊ လျင်မြန်စွာဆိုင်ခြင်း၊ ထခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း စသော လူတို့၏ကိုယ်အမူအရာအားလုံးသည်ကြည်ညိုဖွယ်ရာမဟုတ်သော ကြောင့် ပယ်ဖျောက်ရပါသည်၊ ရဟန်းဟူသော အမှတ်သညာ ဖြင့်လည်းကောင်း၊ ရှုမှတ်မှု အမှတ်သတိဖြင့် လည်းကောင်း သိမ်မွေ့စွာ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း၊ လျောင်းခြင်း၊ ထခြင်း၊ ကွေးခြင်း၊ ဆန့်ခြင်း စသည်တို့ကို ပြုလုပ်ရပါသည်။ ဤကဲ့သို့ ရဟန်းဟူသော အမှတ်သညာ၊ ရှုမှတ်မှု အမှတ်သတိ တို့ဖြင့် သွားလာခြင်း စသည်တို့သည် သာသနာတော်၌ ကြည်ညို ဖွယ်ရာ ကိုယ်အမူအရာ၂င် ဖြစ်ပေသည်။

သာသနာ့တောင်သို့ ရောက်လာသောအခါ လူ့ဘဝက ပြောဆိုသုံးနှုန်းခဲ့သော မင်းတို့၊ ငါတို့၊ ခင်ဗျား၊ ကျွန်တော်၊ ဟုတ်ကဲ့၊ အဖေ၊ အမေ၊ အဖေါ်၊ ကြီးဒေါ်၊ အစ်ကို၊ အစ်မ စသော အသုံးအနှုန်း တို့သည် ကြည်ညိုဖွယ်ရာ မဟုတ်သော ကြောင့် အားလုံး ပယ်ဖျောက်ရပါသည်။

ရဟန်း သာမဏေ အချင်းချင်း ပြောဆို ဆက်ဆံကြရာမှာ တပည့်တော်က၊ အရှင်ဘုရားက၊ မှန်ပါဘုရား၊ ဟုတ်ပါအရှင်ဘုရား စသည်ဖြင့် ပြောဆိုကြရပါသည်။ လူပုဂ္ဂိုလ်များနှင့် ပြောဆို ဆက်ဆံကြရာမှာလည်း ဒကာကြီး၊ ဒကာမကြီး၊ ဒကာလေး၊ ဒကာမလေး စသည်ဖြင့် ပြောဆိုကြရပါသည်။ ဤကဲ့သို့ ပြော ဆိုသုံးနှုန်းခြင်းသည် သာသနာတော်၌ယဉ်ကျေးသော ကြည်ညို ဖွယ်ရာ နှုတ်အမူအရာပင် ဖြစ်ပေသည်။

http://www.dhammadownload.com



## ကြည်ညိုဖွယ်ဆောင်မြင်းခြ အကျိုး (၅) မျိုး

၁။ မကြည်ညိုသေးသောသူတို့ ကြည်ညိုကြကုန်၏။
၂။ ကြည်ညိုပြီးသော သူတို့သည်လည်း တိုး၍ကြည်ညိုကြကုန်၏။
၃။ မြတ်စွာဘုရား အဆုံးအမတော်ကို လိုက်နာ ကျင့်ကြံသည် မည်၏။
၄။ နောင်လာ နောက်သားတို့သည် အတုလိုက်ကြကုန်၏။
၅။ ထိုပုဂ္ဂိုလ်၏စိတ်သည် ကြည်လင်၏ဟူသော ဤအကျိုး (၅) မျိုး ရရှိပါသည်။

ထို့နောက်ကျင့်ကြံအားထုတ်ဖို့ရာများကို ဥပဇ္ဈာယ်ဆရာက ဆက်လက်မှာကြားတော်မူသည်မှာ "ကိုယ်အမူအရာ နှုတ်အမူအရာများ ကြည်ညိုဖွယ်ရာ ရှိပြီးသည့်အပြင် သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာဟူသော သာသနာ (၃) ရပ်ကိုလည်း ပြည့်စုံနိုင်သမျှ ပြည့်စုံအောင် ကျင့်ကြံ အားထုတ်ပါ" ဟု ထပ်ဆင့်၍ မှာကြားတော်မူပါသည်။

တပည့်ရဟန်းလောင်းများက "အာမဘန္တေ" ဟူ၍ဝန်ခံကြရပါသည်။

ဘန္တေ- အရှင်ဘုရား၊ အာမ- မိန့်ကြားတော်မူသည့်အတိုင်း ပြည့်စုံစေပါမည်ဘုရားဟု အလေးအနက် ဝန်ခံကြရပါသည်။

[ ရှင်သာမဏေဝတ်ခန်း ပြီးပါပြီ။ ]

* * *

http://www.dhammadownload.com

## “ရဟန်း၀တ်ခန်း”

### ရဟန်းပြုပေးပါရန် သံဃာထံ တောင်းပန်ရခြင်း

ဒုလ္လဘရဟန်းလောင်းသည် ရှင်သာမဏေ၀တ်ပြီးသောအခါ သံဃာတော်များရှိရာ သိမ်ထဲသို့သွား၍ ရဟန်းပြုပေးပါရန် သံဃာတော်များကို တောင်းပန်ရပါသည်။

“သံဃာတော် အရှင်မြတ်များဘုရား....၊ တပည့်တော်ကို သနားတော်မူသဖြင့် မည်းညစ်သော အကုသိုလ်အဖို့မှ ထစေ၍ ဖြူစင်သော ကုသိုလ်အဖို့၌ တည်အောင်ထားပေးတော်မူကြပါဘုရား....။ ယုတ်နိမ့်သော သာမဏေအဖြစ်မှ ထုတ်နုတ်၍ မြင့်မြတ်သော ရှင်ရဟန်းအဖြစ်၌ တည်အောင် ထားပေးတော်မူကြပါဘုရား...,။ သံသရာဘည်းဟူသော ၀ဲဩဃ ရေအယဉ်မှ ဆယ်ယူ၍ နိဗ္ဗာန်တည်းဟူသော ကုန်းထက်၌ တည်အောင် ထားပေးတော်မူကြပါဘုရား”ဟူ၍ တောင်းပန်ရပါသည်။

သံဃာတော်များကို တောင်းပန်ရခြင်းအကြောင်းမှာ....

မြတ်စွာဘုရားလက်ထက်တော်အခါက ရဟန်းတစ်ပါးသည် ရဟန်းပြုပြီးလျှင်ပြီးချင်း ရဟန်းတော်တို့ မပြုအပ် မပြုကောင်းသည်ကို ပြုလုပ်၏။ ရဟန်းတော်များက ဆုံးမကြသောအခါ “ရဟန်းပြုပေးပါဟု ငါမတောင်းပန်ဘဲ အဘယ့်ကြောင့် ငါ့ကို ရဟန်းပြုပေးကြသနည်း”ဟု ရိုင်းပြစွာ ပြန်ပြောခြင်းကြောင့် တောင်းပန်မှသာ ရဟန်းပြုပေးရမည်၊ မတောင်းပန်ဘဲ ရဟန်း ပြုပေးလျှင် (ဒုက္ကဋ်)အာပတ်သင့်စေဟု မြတ်စွာဘုရား ပညတ်

http://www.dhammadownload.com



တော်မူ၏။ ထို့ကြောင့် သံဃာတော်များကို တောင်းပန်ရခြင်း ဖြစ်ပေသည်။

## အနာရောဂါရှိက ရဟန်းပြုမပေးအပ်

ထိုသို့ တောင်းပန်ပြီးနောက် သံဃာ့တော်များထံမှ မေးစစ်ခွင့် (သမ္မုတိ) ရသော ရဟန်းတော်က ရဟန်းလောင်းကိုမေးစစ်၏။ သင့်မှာ နူနာ၊ မြင်းဖုနာ၊ ပွေး ညှင်းအနူကွက်၊ ချောင်းဆိုးရင်ကျပ်နာ၊ အရူးနာရှိသလော ဟု မေးစစ်၏၊ ယင်းအနာငါးမျိုးရှိနေလျှင် ရဟန်းပြုမပေးအပ်။

ပြုမပေးရခြင်း၏အကြောင်းမှာ....

မြတ်စွာဘုရားလက်ထက်တော်အခါက မာဂဓတိုင်း၌ လူတို့သည် နူနာစသော ရောဂါ (၅) မျိုး စွဲကပ်ကြကုန်၏။ ဆရာဇီဝကထံ၌ လူဝတ်ကြောင်နှင့် ဆေးကုသခွင့် မရသောကြောင့် ရဟန်းဝတ်ကြ၍ ဆရာဇီဝက၏ ဆေးကုသမှုကို ခံယူကြကုန်၏။

ရဟန်းတစ်ပါးသည် နူနာရောဂါပျောက်ကင်းသောအခါ လူထွက်လေ၏။ ဆရာဇီဝက တွေ့မြင်သည်ရှိသော် နူနာစသည်ရှိသူများကို ရဟန်းပြုပေးရန် မသင့်ကြောင်း မြတ်စွာဘုရားကို လျှောက်ထားလေ၏၊ မြတ်စွာဘုရားက "နူနာစသောရောဂါရှိသူများကို ရဟန်းပြုမပေးအပ်၊ ပြုပေးလျှင် ဒုက္ကဋ်အာပတ်သင့်စေ" ဟု ပညတ်တော်မူ၏၊ ထို့ကြောင့် နူနာစသော ရောဂါရှိသူများကို ရဟန်းပြုမပေးရခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



## လူမဟုတ်သူကို ရဟန်းပြုမပေးအပ်

ထို့နောက် မေးစစ်ခွင့် (သမ္မုတိ) ရသော ရဟန်းတော်က "သင် ရဟန်းလောင်းသည် လူသားစင်စစ်ဖြစ်၏လော" ဟု မေးစစ်၏။ လူမဟုတ်သူ နတ်၊ တိရစ္ဆာန်တို့ဖြစ်လျှင် ရဟန်းပြုမပေးအပ်။

### ပြုမပေးရခြင်းအကြောင်းမှာ....

မြတ်စွာဘုရားလက်ထက်တော်အခါက လူယောင်ဖန်ဆင်းနိုင်သော နဂါးသည် နဂါးဘဝကို စက်ဆုပ်လှသည်ဖြစ်၍ လူယောင်ဖန်ဆင်းကာ ရဟန်းတော်များထံ၌ ရဟန်းပြုပေးပါရန် တောင်းမန်၏၊ ရဟန်းတော်တို့သည် ရဟန်းပြုပေးကြကုန်၏။

ထိုနဂါးရဟန်းသည် အဖော်ရဟန်းတစ်ပါးနှင့် တစ်ကျောင်းတည်းမှာ အတူတကွနေ၏၊ တစ်နေ့သ၌ အဖော်ရဟန်းသည် နံနက်စောစောထ၍ ကျောင်းအပြင်ဘက် (လွင်တီးခေါင်၌) စကြံလျှောက်နေ၏၊ ထိုအချိန်တွင် နဂါးရဟန်းသည် လွတ်လပ်စွာအိပ်ရသဖြင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားလေ၏၊ ဤကဲ့သို့ နှစ်ခြိုက်စွာ အိပ်ပျော်ရာ၌ နဂါးတို့၏ ပကတိပင်ကိုယ်သဏ္ဍာန်ထင်ရှားစွာဖြစ်ပေါ်လာ၏၊ တစ်ကျောင်းလုံး မြွေ၏ကိုယ်ဖြင့်ပြည့်၍ ပြူတင်းပေါက်များမှ အခွေများထွက်နေကြကုန်၏။

- ၅ ဒုတိယအကြိမ်

http://www.dhammadownload.com



အဖော်ရဟန်းသည် ကျောင်းတွင်းသို့ဝင်မည်ဟု တံခါးကို ဖွင့်လိုက်သောအခါ တစ်ကျောင်းလုံး မြွေကိုယ်ဖြင့် ပြည့်နေသည်ကိုမြင်၍ ကြောက်လန့်ကာ ကျယ်လောင်စွာ အော်ဟစ်လေ၏၊ အခြားသော ရဟန်းတော်များပြေးလာကြပြီး အော်ဟစ်ရခြင်း အကြောင်းကို မေးကြကုန်၏၊ မေးမြန်းကြသောအသံများကြောင့် နဂါးရဟန်းသည် အိပ်ပျော်ရာမှနိုးပြီး ထိုင်နေလေ၏၊ ရဟန်းတော်များက 'သင် ဘယ်သူနည်း' ဟု မေးကြသောအခါ 'အကျွန်ုပ် နဂါးဖြစ်သည်' ဟု ပြောကြားလေ၏။

မြတ်စွာဘုရားထံ လျှောက်ထားကြရာ မြတ်စွာဘုရားက ထိုနဂါးကို ဤသို့ မိန့်ကြား၏။ 'သင်နဂါးတို့သည် ဝိပဿနာ မဂ်ဖိုလ်နိဗ္ဗာန်တို့နှင့် မဆက်ဆံသောကြောင့် သာသနာတော်၌ မကြီးပွားနိုင်ကုန်၊ ထို့ကြောင့် နဂါးပြည်သို့ပြန်သွား၍ ဥပုသ်သီလ စောင့်သုံးလော့၊ မကြာမီ လူ့ဘဝကို ရပေလိမ့်မည်' ဟု မိန့်ကြားတော်မူ၏၊ နဂါးသည် စိတ်နှလုံး မသာမယာ ဖြစ်၍ ငိုယိုကာ ထွက်သွားလေ၏။

"ရဟန်းတို့....၊ နဂါးတို့သည်....

(၁) ခေတ်တူသူ နဂါးမနှင့် မေထုန်ပျော်ပါးသောအခါ-

(၂) နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သောအခါ- ဤအကြောင်း (၂) ပါးကြောင့် နဂါးတို့၏ သဘာဝသည် ထင်ရှားစွာ ဖြစ်ပေါ်လာကြကုန်၏။"

http://www.dhammadownload.com



"ရဟန်းတို့....၊ သာသနာတော်၌ မကြီးပွားနိုင်သော နဂါးစသော တိရစ္ဆာန်များကို ရဟန်းပြုမပေးအပ်၊ ရဟန်းပြုပြီးလျှင်လည်း ဖျက်ဆီးအပ်၏" ဟုမိန့်ကြားတော်မူသောကြောင့် ရဟန်းပြုမပေးရခြင်း ဖြစ်ပါသည်။

### ယောကျ်ားမဟုတ်သူကို ရဟန်းပြုမပေးအပ်

ထို့နောက် မေးစစ်ခွင့်(သမ္မုတိ)ရသော ရဟန်းတော်က "သင် ရဟန်းလောင်းသည် ယောကျ်ားစင်စစ်ဖြစ်၏လော" ဟု မေးစစ်၏၊ ယောကျ်ားမဟုတ်သူကို ရှင်ရဟန်းပြုမပေးအပ်။

ပြုမပေးရခြင်းအကြောင်းမှာ—

မြတ်စွာဘုရား လက်ထက်တော်အခါက ယောကျ်ားလည်း မဟုတ်၊ မိန်းမလည်းမဟုတ်သော ပဏ္ဍုက်တစ်ယောက်သည် ရဟန်းတို့ထံ ရှင်ရဟန်းပြု၍နေ၏၊ ထိုပဏ္ဍုက်သည် ရဟန်းငယ်တို့ထံ ချဉ်းကပ်၍ 'အကျွန်ုပ်ကို (မေထုန်မှီဝဲ) ဖျက်ဆီးကြကုန်လော့'ဟု ဆို၏၊ ရဟန်းငယ်တို့က ဆော်ဩ၍ နှင်ထုတ်ကြကုန်၏၊ ထို့နောက် သာမဏေကြီးတို့ထံ သွားရောက်၍ (မေထုန်မှီဝဲ) ဖျက်ဆီးကြကုန်လော့ဟု ဆိုပြန်၏၊ သာမဏေကြီးတို့၏ ငေါက်ငန်း မောင်းမဲမှုကို ခံရပြန်၏။

ထို့နောက် ဆင်ထိန်း၊ မြင်းထိန်းတို့ထံမှာ သွား၍ (မေထုန်မှီဝဲ) ဖျက်ဆီးခိုင်း၏၊ ဆင်ထိန်း မြင်းထိန်းတို့သည် မှီဝဲဖျက်ဆီး ပြီးလျှင် ဤရဟန်းတို့သည် ယောကျ်ားမဟုတ်၊ မိန်းမမဟုတ်၊ ပဏ္ဍုက်တို့ ဖြစ်ကြ၏၊ တစ်ပါးသော (ပဏ္ဍုက်မဟုတ်သော)

http://www.dhammadownload.com



ရဟန်းတို့သည် ဤပဏ္ဍုက်တို့ကို (မေထုန်မှီဝဲ) ဖျက်ဆီးကြကုန်၏၊ ရဟန်းအားလုံးတို့သည် မမြတ်သော (မေထုန်)အကျင့်ကို ကျင့်ကြကုန်၏ဟု ကဲ့ရဲ့ရှုတ်ချကြကုန်၏။

ထို့ကြောင့် မြတ်စွာဘုရားက "ပဏ္ဍုက်တို့ကို ရှင်ရဟန်း ပြုမပေးအပ်" ဟု မိန့်ကြား ပညတ်တော်မူသောကြောင့် ယောက်ျားမဟုတ်သူကို ရဟန်းပြုမပေးရခြင်း ဖြစ်ပါသည်။

## ကျွန်ဖြစ်သူကို ရဟန်းပြုမပေးအပ်

ထို့နောက် မေးစစ်ခွင့် (သမ္မုတိ)ရသော ရဟန်းတော်က "သင်ရဟန်းလောင်းသည် ကျွန်(၄)မျိုးတို့တွင် မပါဝင်ဘဲ တော်မှန်ကောင်းမြတ်သူ ဖြစ်၏လော" ဟု မေးစစ်၏၊ ကျွန်ဖြစ်သူကို ရှင်ရဟန်း ပြုမပေးအပ်။

ပြုမပေးရခြင်းအကြောင်းမှာ....

မြတ်စွာဘုရားလက်ထက်တော်အခါက ကျွန်တစ်ယောက်သည် ထွက်ပြေး၍ ရဟန်းတော်တို့ထံ၌ ရှင်ရဟန်းပြု၏၊ အရှင်သခင်ဖြစ်သူက မြင်သောအခါ ဤသူသည် ငါတို့၏ ကျွန်ဖြစ်သည်၊ ဖမ်းဆီးမည်ဟုဆို၏၊ ရဟန်းတို့က မိမိသခင်ကြီးသည် ခွင့်ပြုထား၏ဟု ဆိုကြကုန်သည်ရှိသော် လူအများက ရဟန်းတို့သည် သခင်ခွင့်မပေးသော ကျွန်ကိုလည်း ရှင်ရဟန်းပြုပေးကြကုန်၏ ဟူ၍ ကဲ့ရဲ့ကြကုန်၏၊ ထို့ကြောင့် မြတ်စွာဘုရားက "ကျွန်ကို ရဟန်းပြုမပေးအပ်၊ ပြုပေးလျှင် (ဒုက္ကဋ်) အာပတ်သင့်စေ" ဟု ပညတ်တော်မူသောကြောင့် ကျွန်ကို ရှင်ရဟန်း ပြုမပေးရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



## ကြေးမြီရှိသူကို ရှင်ရဟန်းပြုမပေးအပ်

ထို့နောက် မေးစစ်ခွင့်(သမ္မုတိ)ရသော ရဟန်းတော်က "သင်ရဟန်းလောင်းသည် ကြွေးမြီကင်းသောသူ ဖြစ်၏လော" ဟု မေးစစ်၏။ ကြွေးမြီရှိလျှင်ရှင်ရဟန်း ပြုမပေးအပ်။

ပြုမပေးရခြင်းအကြောင်းမှာ....

မြတ်စွာဘုရား လက်ထက်တော်အခါက ကြွေးရှိသူ တစ်ယောက်သည် ထွက်ပြေး၍ ရဟန်းတော်တို့ထံ၌ ရှင်ရဟန်းပြုနေ၏၊ တစ်နေ့သောအခါ ကြွေးရှင်သည် ထိုရဟန်းကို မြင်သဖြင့် ငါတို့၏ ကြွေးရှိသူဖြစ်သည်၊ ဖမ်းဆီးမည်ဟု ဆို၏။ ရဟန်းတော်တို့က ဗိမ္ဗိသာရမင်းကြီးသည် ခွင့်ပြုထား၏ ဟု ဆိုသည်ရှိသော် လူအများက ရဟန်းတော်တို့သည် ကြွေးမကင်းသူကိုလည်း ရဟန်းပြုပေးကြကုန်၏ ဟူ၍ ကဲ့ရဲ့ကြကုန်၏။ ထို့ကြောင့် မြတ်စွာဘုရားက "ကြွေးမကင်းသူကို ရှင်ရဟန်း ပြုမပေးအပ်၊ ပြုပေးလျှင်(ဒုက္ကဋ်) အာပတ်သင့်စေ" ဟု ပညတ်တော်မူသောကြောင့် ကြွေးရှိသူကို ရှင်ရဟန်းပြု မပေးရခြင်း ဖြစ်ပါသည်။

## မင်းမှုထမ်းဖြစ်သူကို ရဟန်းပြုမပေးအပ်

ထို့နောက် မေးစစ်ခွင့်(သမ္မုတိ) ရသော ရဟန်းတော်က "သင်ရဟန်းလောင်းသည်မင်းစေားယောကျ်ားမဟုတ်သူဖြစ်၏လော" ဟု မေးစစ်၏။ မင်းစေားယောကျ်ားကို ရှင်ရဟန်း ပြုမပေးအပ်၊ ပြုမပေးရခြင်းအကြောင်းမှာ....

http://www.dhammadownload.com



မြတ်စွာဘုရား လက်ထက်တော်အခါက ဗိမ္ဗိသာရမင်းကြီး၏ တိုင်းပြည်တွင် တိုင်းစွန်တိုင်းများ(ပစ္စန္တရာဇ်)အရပ်၌ လုယက် ဖျက်ဆီးကာ သူပုန်ထကြကုန်၏။ မင်းကြီးက အမတ်စစ်သူကြီး တို့ကို သူပုန်များကို သွားရောက်နှိမ်နင်းရန် မိန့်ကြား၏။ အမတ်စစ်သူကြီးများက စစ်သားများကို စုဆောင်းပြီး တိုက်ခိုက်နှိမ်နင်းရန် ညွှန်ကြားစေလွှတ်၏။

စစ်သားတို့သည် "စစ်တိုက်ရခြင်းသည် မကောင်းမှုကို ပြုလုပ်ရခြင်း ဖြစ်၏။ မကောင်းမှု အကုသိုလ်များ တိုးပွားဖို့ရာဖြစ်၏။ ရဟန်းတော်တို့ထံ၌ ရှင်ရဟန်းပြုခြင်းသည် အကုသိုလ် ကင်း၍ ကုသိုလ်ကောင်းမှုများ တိုးပွားဖို့ရာ ဖြစ်၏"ဟု ကြံစည် ယူဆကာ ရဟန်းတော်များထံ တောင်းပန်၍ ရှင်ရဟန်းပြုကြ ကုန်၏။

အမတ်စစ်သူကြီးတို့သည် စစ်သားများကို စီစစ်သောအခါ လျော့နည်း နေသည်ကို တွေ့ကြ၍ လျော့နည်းနေသည့် အကြောင်းကို မေးကြရာ ရဟန်းတော်တို့ထံ ရှင်ရဟန်းပြုကြသောကြောင့် လျော့နည်းနေခြင်း ဖြစ်ပါသည်ဟု ဖြေကြားကြလေ၏။

အမတ်စစ်သူကြီးတို့သည် ရဟန်းတို့ကို ကဲ့ရဲ့ကြကုန်၍ ဗိမ္ဗိသာရမင်းကြီးအား လျှောက်တင် အကြောင်းကြားကြကုန်၏။ မင်းကြီးက တရားဆုံးဖြတ်သော အမတ်ကြီးတို့ကို "အမတ်ကြီးတို့.... မင်းခစား ယောကျ်ားအား ရဟန်းပြုပေးသောသူကို အဘယ်အပြစ်များ ပေးသင့်ပါသနည်း"ဟု မေး၏။ ဥပဇ္ဈာယ်

http://www.dhammadownload.com



ဆရာကို ခေါင်းဖြတ်အပ်၏၊ ကမ္မဝါစာဆရာကို လျှာဖြတ်ထုတ်အပ်၏၊ ကာရကသံဃာကို နံရိုးတစ်ပိုင်းကျိုးအောင်ပြုအပ်၏ဟု ပြောကြားလျှောက်တင်ကြကုန်၏။

အမတ်စစ်သူကြီးတို့၏စကားကို မင်းကြီး ကြားရသောအခါ မြတ်စွာဘုရားထံ သွား၍ လျှောက်ထားလေ၏။ "မြတ်စွာဘုရား သာသနာတော်ကို မကြည်ညိုကြကုန်သော မင်းတို့သည် အနည်းငယ်သောအပြစ်ဖြင့် ရဟန်းတော်တို့ကို ညှဉ်းဆဲ သတ်ဖြတ် ကုန်လတ္တံ့၊ သို့ဖြစ်ပါသောကြောင့်(မင်းမှုထမ်း)မင်းခစား ယောကျာ်းတို့ကို ရဟန်းပြုပေးဖို့ရာ မသင့်ကြောင်း" လျှောက်ထား တောင်းပန်လေ၏။

မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကြီးလျှောက်ထားတောင်းပန်ခြင်းကို အကြောင်းပြု၍ "မင်းခစား ယောကျာ်းကို ရဟန်းပြုမပေးအပ်၊ ပြုပေးလျှင် (ဒုက္ကဋ်)အာပတ်သင့်စေ"ဟု ပညတ်တော်မူသောကြောင့် မင်းခစားယောကျာ်းကို ရဟန်းပြုမပေးရခြင်း ဖြစ်ပါသည်။

### မိဘခွင့်မပြုသူကို ရဟန်းပြုမပေးအပ်

ထို့နောက် မေးစစ်ခွင့်(သမ္မုတိ) ရသော ရဟန်းတော်က "သင်ရဟန်းလောင်းသည် မိခင်ဖခင်တို့က ကျေကျေနပ်နပ် ခွင့်ပြုအပ်ခဲ့သောသူ ဖြစ်၏လော"ဟု မေးစစ်၏။ မိဘ ခွင့်မပြုသော သူကို ရှင်ရဟန်း ပြုမပေးအပ်။

ပြုမပေးရခြင်းအကြောင်းမှာ....

http://www.dhammadownload.com



တစ်ချိန်သောအခါ မြတ်စွာဘုရားသည် ညီတော် နန္ဒမင်းသားနှင့် သားတော်ရာဟုလာတို့ ဖခင် သုဒ္ဓေါဒနမင်းကြီး ထံ ခွင့်မတောင်းပါဘဲ မြတ်စွာဘုရားအလိုအတိုင်း ရှင်ရဟန်းပြု ပေးလိုက်၏။ ထို့ကြောင့် ဖခင်သုဒ္ဓေါဒနမင်းကြီး များစွာ စိတ်မချမ်းမသာဖြစ်၍ နောင်သောအခါ မိဘနှစ်ပါးထံမှ ခွင့်ပြုချက် မရသောသူကို ရှင်ရဟန်း မပြုပေးပါရန် လျှောက်ထား တောင်းပန်ခြင်းကိုအကြောင်းပြု၍ "မိဘခွင့်မပြုသူကို ရှင်ရဟန်း ပြုမပေးအပ်၊ ပြုပေးလျှင် (ဒုက္ကဋ်)အာပတ်သင့်စေ" ဟု ပညတ် တော်မူသောကြောင့် မိဘခွင့်မပြုသူကို ရှင်ရဟန်းပြုမပေးရခြင်း ဖြစ်ပါသည်။

## အသက်(၂၀) မပြည့်သူကို ရဟန်းပြုမပေးအပ်

ထို့နောက် မေးစစ်ခွင့် (သမ္မုတိ)ရသော ရဟန်းတော်က "သင်ရဟန်းလောင်းသည် အသက်(၂၀)ပြည့်သောသူ ဖြစ်၏ လော" ဟု မေးစစ်၏။ အသက်(၂၀) မပြည့်သူကို ရဟန်းပြု မပေးအပ်။ အသက်(၂၀)ကို အမိဝမ်းထဲ၌ နေခဲ့ရသော ရက်၊ လမှ စ၍ ယူရပါသည်။ အသက်(၂၀) ဟူသည် လအားဖြင့် (၂၄၀)၊ ရက်အားဖြင့် (၇၂၀၀)ဖြစ်ပါသည်။

အသက်(၂၀)မပြည့်သူကို ရဟန်းပြုမပေးရခြင်း အကြောင်း မှာ....

တစ်ချိန်သောအခါ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ

http://www.dhammadownload.com



ရာဇဂြိုဟ်ပြည်၌ (၁၇)ယောက်ရှိသော သူငယ်ချင်း အဖွဲ့တစ်ခု ရှိလေသည်။ ထိုသူငယ်ချင်းအဖွဲ့တွင် အကြီးဆုံးဖြစ်သည့် ဥပါလိ မည်သော သူငယ်က မိမိ ရဟန်းပြုတော့မည့်အကြောင်း ပြောပြရာ အဖွဲ့ဝင် သူငယ်ချင်းအားလုံးတို့က ကျွန်ုပ်တို့လည်း အတူလိုက်၍ ရဟန်း ပြုကြမည်ဟု ပြောကြားလေ၏။ မိဘများ၏ ခွင့်ပန်ကာ သူငယ်ချင်း (၁၇) ယောက်တို့ ရဟန်းပြုကြလေ၏။

ထိုရဟန်းငယ်တို့သည်နံနက်စောစောထ၍ ယာဂု(ဆန်ပြုတ်) ပေးကြလော့၊ ထမင်းပေးကြလော့၊ သစ်သီးခဲဖွယ် ပေးကြလော့ စသည်ဖြင့် တောင်းကြကုန်၏၊ မရသောအခါ ငိုကြကုန်၏၊ အိပ်ရာထဲ၌ ကျင်ကြီး၊ ကျင်ငယ်များ စွန့်ကြကုန်၏။

ထိုသူငယ်တို့၏ စားသောက်ဖွယ်များကို တောင်းသောအသံနှင့် ငိုသောအသံတို့ကို မြတ်စွာဘုရားကြားတော်မူသောကြောင့် အရှင်အာနန္ဒာကို မေးတော်မူ၏။ အရှင်အာနန္ဒာက အကြောင်းစုံကို လျှောက်ထားသည်ရှိသော် အသက်(၂၀)မပြည့်သောသူတို့သည် အချမ်းအပူကို သည်းမခံနိုင်၊ ရေငတ်၊ အစာဆာခြင်းကိုလည်း သည်းမခံနိုင်၊ ဖြစ်ပေါ်လာသော ရောဂါဝေဒနာတို့ကိုလည်း သည်းမခံနိုင်ကြပေ၊ ထို့ကြောင့် "အသက်(၂၀)မပြည့်သူကို ရဟန်းပြုမပေးအပ်၊ ပြုပေးလျှင်(ဒုက္ကဋ်)အာပတ်သင့်စေ" ဟု ပညတ်တော်မူသောကြောင့် အသက်(၂၀) မပြည့်သူကို ရဟန်းပြုမပေးရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



### သပိတ်သက်န်း မရှိသူကို ရဟန်းပြုမပေးအပ်

ထို့နောက် မေးစစ်ခွင့် (သမ္မုတိ)ရသော ရဟန်းတော်က "သင်ရဟန်းလောင်းအား သပိတ် သင်္ကန်း ပြည့်စုံ၏လော"ဟု မေးစစ်၏။ သပိတ်သင်္ကန်း မရှိသူ၊ မပြည့်စုံသူကို ရဟန်းပြု မပေးအပ်။

ပြုမပေးရခြင်း အကြောင်းမှာ....

တစ်ချိန်သောအခါ ရဟန်းတော်တို့သည် သပိတ် သင်္ကန်းမရှိသူတို့ကို ရဟန်းပြုပေးကြကုန်၏။ ရဟန်းပြုပြီးသောအခါ သပိတ်သင်္ကန်းမရှိသော ရဟန်းတော်တို့သည် အဝတ်မပါ၊ ကိုယ်တုံးလုံးဖြင့်၊ သပိတ်မပါ၊ လက်ဖြင့် မြို့ထဲရွာထဲသို့ ဆွမ်းခံကြွဝင်ကြကုန်၏။ တိတ္ထိတွေလိုပဲဟု လူတို့ကကဲ့ရဲ့ကြသောကြောင့် "သပိတ် သင်္ကန်း မရှိသူကို ရဟန်းပြုမပေးအပ်၊ ပြုပေးလျှင် (ဒုက္ကဋ်) အာပတ် သင့်စေ"ဟု ပညတ်တော်မူ၏။

ရဟန်းတော်တို့သည် သပိတ် သင်္ကန်း မရှိသော သူတို့ကို သပိတ် သင်္ကန်း အငှားတို့ဖြင့် ရဟန်းပြုပေးကြကုန်၏။ ရဟန်းပြုပြီးသောအခါ သပိတ် သင်္ကန်းတို့ကို ပြန်ယူကြကုန်၏။ သပိတ် သင်္ကန်းမပါ၊ ကိုယ်တုံးလုံး၊ လက်ဖြင့်သာ ဆွမ်းခံကြွဝင်ကြကုန်၏။ တိတ္ထိတွေလိုပဲဟူ၍ လူတို့က ကဲ့ရဲ့ကြသောကြောင့် "သပိတ် သင်္ကန်း အငှားဖြင့် ရဟန်းပြုမပေးအပ်၊ ပြုပေးလျှင် (ဒုက္ကဋ်) အာပတ် သင့်စေ"ဟု ပညတ်တော်မူ၏။ ထို့ကြောင့် သပိတ် သင်္ကန်း မရှိသူ၊ မပြည့်စုံသူများကို ရဟန်းပြုမပေးရခြင်း ဖြစ်ပါသည်။

http://www.dhammadownload.com



ကမ္မဝါစာရွတ်ဖတ်ရာ၌ လွယ်ကူစေခြင်းငှာ ရဟန်းလောင်းကို နာဂ၊ မိတ္တ စသည်ဖြင့် အမည်သစ်များ ထပ်ပေးရပါသည်။ ဥပဇ္ဈာယ်ဆရာကိုလည်း တိဿဟူ၍ အမည်သစ် ထပ်ပေး ပါသည်။

ထို့နောက် သိမ်အတွင်း၌ကမ္မဝါစာရွတ်ဖတ်၍ ရဟန်း(ခံ) ပြုပေးရပါသည်။ ရဟန်း(ခံ)ပြုပေးသောအခါ အင်္ဂါငါးပါးနှင့် ပြည့်စုံရပါမည်။

ရဟန်းခံသောအခါ ပြည့်စုံရမည့် အင်္ဂါငါးပါး

၁။ ရဟန်းလောင်း၏ ရဟန်း မပြုထိုက်သော ပုဂ္ဂိုလ် (၁၃) ယောက်မှလွတ်၍ ရဟန်းပြုထိုက်သော လူယောက်ျား ဖြစ်ခြင်း။

၂။ အနာကြီးငါးမျိုးရှိသူ၊ ကြွေးမြီရှိသူ၊ မိဘခွင့်မပြုသူ စသော အန္တရာယ်တို့မှ ကင်းသူဖြစ်ခြင်း။

၃။ သိမ်ပျက်(၁၁)လုံးတို့မှ လွတ်၍ ပြည့်စုံသော သိမ် ဖြစ်ခြင်း။

၄။ အိန္ဒိယပြည်၊ မဇ္ဈိမဒေသဖြစ်လျှင် ရဟန်း (၁၀)ပါး၊ မြန်မာပြည်လို အရပ်ဒေသမျိုးဖြစ်လျှင် ရဟန်း(၅) ပါးတို့ တစ်သိမ်ဟည်းတွင် နှစ်တောင်ထွာအတွင်း၌ တည်ရှိခြင်း။

၅။ ရဟန်းမပြုမီ ရှေးဦးစွာ ပြုရမည့် ကိစ္စ ရှစ်ပါး နှင့် ပြည့်စုံခြင်း ဟူသော ဤ အင်္ဂါငါးပါးနှင့် ပြည့်စုံရ မည် ဖြစ်ပါသည်။

http://www.dhammadownload.com



**သတိပြုဖွယ်ရာ** ။ အိန္ဒိယပြည် ဗုဒ္ဓဂါယာသို့ ဘုရားဖူးသွားရစဉ်၊ ရဟန်း(ခံ)ပြုကြရာမှာ မြန်မာပြည်မှာကဲ့သို့ ရဟန်းငါးပါးတို့ဖြင့် ရဟန်း(ခံ)ပြုမိတတ်ကြပေသည်။ အိန္ဒိယပြည်သည် မဇ္ဈိမအရပ်ဒေသဖြစ်၍ ငါးပါးဖြင့် ရဟန်းမဖြစ်၊ အနည်းဆုံး ၁၀ပါးဖြင့် ရဟန်း(ခံ)ပြုပေးမှသာ ရဟန်း ဖြစ်သည်ကို သတိပြုသင့်လှပေသည်။

[ရဟန်းဝတ်စဉ် ပြီးပါပြီ။]

http://www.dhammadownload.com

## "သီလဖြည့်ကျင့်ခန်း"

### ပစ္စည်း(၄)ပါးသုံးဆောင်ပုံကို ပြောကြားခြင်း

ရဟန်း ဖြစ်သွားပြီးသောအခါ ဥပဇ္ဈာယ်ဆရာ စသော ဆက်ဆိုင်ရာပုဂ္ဂိုလ်တို့က မှီဝဲဖွယ်ရာ ပစ္စည်းများနှင့် ရှောင်ကြဉ်ရမည့် အရာများကို ရှေးဦးစွာပြောကြားရပါသည်။ ရဟန်းသစ်ကလည်း မှတ်သားနာယူ၍ လိုက်နာ ကျင့်ကြံရပါသည်။

ရဟန်းဖြစ်ပြီးသောအခါ မှီဝဲဖွယ်ရာ ပစ္စည်းများမှာ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်း(၄)ပါးတို့ပင်ဖြစ်ပါသည်။ ၎င်းပစ္စည်း(၄)ပါးကိုလည်း မြတ်စွာဘုရား ပညတ်တော်မူထားသည့် ဝိနည်းသိက္ခာပုဒ်များနှင့် လျော်ညီစွာ ရှာမှီးရပါသည်။ ရရသမျှပစ္စည်း(၄)ပါးဖြင့် ရောင့်ရဲတင်းတိမ်၍ ဗုဒ္ဓစာပေသင်ယူခြင်းနှင့် တရားအားထုတ်ခြင်းဟူသော ရဟန်းတရား(၂)ပါးကို အားထုတ်ရမည် ဖြစ်ပေသည်။

(၁) ဆွမ်းလှူဒါန်းမည့်သူမရှိခဲ့ပါလျှင် ခြေထောက်ဖြင့် မတောင်းခံကောင်း၊ အိမ်စဉ်လှည့်လည်ကာ ရပ်သောကိုယ်အမူအရာဖြင့် တောင်းခံရရှိသော ဆွမ်းဖြင့်သာ တစ်သက်ပတ်လုံး ရဟန်းတရား (၂)ပါးကို အားထုတ်ရပါမည်။ ဘုန်းကံ ကြီးမားလာသောအခါများ၌ လှူဒါန်းသူများရှိပါမူ ပင့်ဖိတ်လှူဒါန်းသော ဆွမ်း၊ အမြဲတမ်းထား၍ လှူဒါန်းသောဆွမ်း စသည်တို့ကိုလည်း ဘုဉ်းပေးသုံးဆောင်နိုင်ပါသည်။

http://www.dhammadownload.com



(၂) သင်္ကန်းလှူဒါန်းမည့်သူ မရှိခဲ့ပါလျှင် လမ်းကြိုလမ်းကြား၊ အမှိုက်ပုံများနှင့် သင်္ချိုင်းစသည်တို့၌ စွန့်ပစ်ထားသော အဝတ်စုတ်များကို ကောက်ယူကာ ချုပ်ဆိုး၍ ဝတ်ရုံရသော ပံ့သကူ သင်္ကန်းဖြင့်သာ တစ်သက်ပတ်လုံး ရဟန်းတရား (၂) ပါးကို အားထုတ်ရပါမည်။ ဘုန်းကံကြီးမား လာဘ်လာဘ ပေါများ၍ လှူဒါန်းသူများ ရှိပါမူ ခေါချည်သင်္ကန်း၊ ပိုးချည် သင်္ကန်းစသည်တို့ကိုလည်း ဝတ်ရုံသုံးဆောင်ကောင်းပါသည်။

(၃) ကျောင်းလှူဒါန်းမည့်သူမရှိခဲ့ပါလျှင်သစ်ပင်အောက် သစ်ပင်ရင်းတို့၌ နေထိုင်၍ ရဟန်းတရား ၂-ပါးကို အားထုတ်ရပါမည်။ ဘုန်းကံကြီးမား လာဘ်လာဘပေါများ၍ လှူဒါန်းသူများရှိခဲ့ပါမူ (၄)ဘက်စောင်းချွန်မိုးသောကျောင်း၊ (၂)ဘက်စောင်းချွန် မိုးသောကျောင်း၊ ပြာသာဒ်ကျောင်း စသောကျောင်းတို့၌လည်း နေထိုင်ကောင်းပါသည်။

(၄) ဆေးလှူဒါန်းသူမရှိခဲ့ပါလျှင် နွားကျင်ငယ် ဟော်ဆေးဖြင့်သာ တစ်သက်ပတ်လုံး ရဟန်းတရား ၂-ပါးကို အားထုတ်ရပါမည်။ ဘုန်းကံကြီးမား လာဘ်လာဘပေါများ၍လှူဒါန်းသူများရှိပါမူ ထောပတ်၊ ဆီ၊ ထောပတ်ဖြစ်လုနီးဆီဦး၊ တင်လဲ၊ ပျားရည် စသော ဆေးတို့ကိုလည်း မှီဝဲ သုံးဆောင် ကောင်းပါသည်။

ဆွမ်းလှူသူမရှိခဲ့လျှင် အိမ်စဉ်လှည့်လည်၍ ဆွမ်းခံရမည်။
သင်္ကန်းလှူသူမရှိလျှင် ပံ့သကူသင်္ကန်းကိုရှာမှီး၍ဝတ်ရုံရမည်။
ကျောင်းလှူသူမရှိလျှင် သစ်ပင်ရင်း၌ နေရမည်။

http://www.dhammadownload.com



ဆေးလှူသူ မရှိလျှင် နွားကျင်ငယ်ပုတ်ဆေးကို မှီဝဲရမည်ဟု မြတ်စွာဘုရားမိန့်ကြားတော်မူခြင်းသည် ရရသမျှပစ္စည်း၄-ပါး ဖြင့် ရောင့်ရဲတင်းတိမ်၍ရဟန်းတရား(၂)ပါးကို အားထုတ်ကြရမည်ဟု မိန့်ကြားတော်မူခြင်း ဖြစ်ပါသည်။

ရရသမျှ ပစ္စည်း ၄-ပါးဖြင့်မရောင့်ရဲနိုင်ဘဲ ကောင်းနိုးရာရာ ပစ္စည်းများကို ဒကာ ဒကာမများထံ တောင်းခံပါက မအပ်စပ်သော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့ကို မှီဝဲသုံးဆောင်ခြင်းကြောင့် မစင်ကြယ်သော ရဟန်းများ ဖြစ်သွားကြပေမည်။ ရဟန်းတော်များအတွက်ကြောင့် ဒကာ ဒကာမများ ဝန်လေးကြမည် ဖြစ်ပေသည်။ အကြည်အညို ပျက်သွားကြမည် ဖြစ်ပေသည်။ သို့ဖြစ်၍ ရရသမျှသော ပစ္စည်း ၄-ပါးဖြင့် ရောင့်ရဲနိုင်ဖို့ရာ မိန့်ကြားတော်မူခြင်းဖြစ်ပါသည်။

## တောင်းခြင်းသည် အကြည်ညိုပျက်၍ ဆုတ်ယုတ်မှုယ်ဖြစ်ကြောင်း

တောင်းခြင်းသည် အကြည်ညို ပျက်ခြင်း၏ အကြောင်း တစ်ပါးဖြစ်၏။ အာဠဝီတိုင်းသား ရဟန်းတို့သည် လူတို့ထံ တောင်းခံခြင်းများသောကြောင့် လူတို့ အကြည်ညိုပျက်ကြကုန်၏။ ရဟန်းတော်တို့ကို မြင်လျှင် တိမ်းရှောင် ပုန်းအောင်း၍ နေကြကုန်၏။ တစ်ချိန်သောအခါ အာဠဝီတိုင်းသား ရဟန်း တို့သည် ကျောင်းငယ်များကို ကိုယ်တိုင်ဆောက်လုပ်ကြကုန်၏။ ဒကာ ဒကာမတို့ထံ လုပ်အားပေးရန် လူပေးပါ၊ နွားပေးပါ၊ ပဲကွပ်ပုဆိန်ပေးပါစသည်ဖြင့်တောင်းခံကြကုန်၏။ အကြိမ်ကြိမ်

တောင်းခံခြင်း များသောအခါ၊ ဧကာ ဧကာမတို့သည် ရဟန်းတို့ကိုမြင်လျှင် ထွက်ပြေးကြကုန်၏။ အိမ်ထဲခါးကိုပိတ်၍ပုန်းနေကြကုန်၏။

ထိုအခါ အရှင်မဟာကဿပ ထည် အာဠဝီပြည်သို့ကြွရောက်လာပြီးလျှင် ဆွမ်းခံကြွဝင်တော်မူ၏။ လူတို့သည် အရှင်မဟာကဿပကို မြင်လျှင် အိမ်တံခါးကို ပိတ်၍ ပုန်းနေကြကုန်၏။ အရှင်မဟာကဿပသည် ရသမျှဆွမ်းဖြင့် ဘုဉ်းပေးသုံးဆောင်ပြီးသောအခါ အာဠဝီပြည်၌နေကြသော ရဟန်းများထံသွား၍ "ငါ့ရှင်တို့...ရှေးအခါက အာဠဝီပြည်၌ ဆွမ်းရလွယ်၏။ ယခုမူကား ဆွမ်းမလွယ်၊ အဘယ်ကြောင့်ပါနည်း" ဟု မေးတော်မူ၏။

ရဟန်းတို့က "တောင်းခံခြင်းများ၍ လူတို့ကြောက်လန့်ကြကုန်သောကြောင့် ဆွမ်းမလွယ်ခြင်းဖြစ်ပါသည်" ဟု လျှောက်ထားကြကုန်၏။ အရှင်မဟာကဿပသည် မြတ်စွာဘုရားထံ ကြွသွား၍ ထိုအကြောင်းကို လျှောက်ထားလေ၏။

မြတ်စွာဘုရားသည် အာဠဝီတိုင်းသား ရဟန်းများကိုခေါ်၍ မေးစစ်တော်မူပြီးလျှင် "ရဟန်းတို့... တောင်းခြင်းသည် အကြည်ညို ပျက်ခြင်း၏ အကြောင်းဖြစ်၏" ဟု မိန့်ကြားကာ နဂါးမင်းဝတ္ထုကို ဟောကြားတော်မူ၏။

လွန်လေပြီးသောအခါ ဘုရားအလောင်းသည် ဗာရာဏသီပြည်၌ များသောစည်းစိမ်ဥစ္စာရှိသော ပုဏ္ဏားမျိုး၌ ဖြစ်၏။ ဘုရားအလောင်း၌ ညီငယ်တစ်ယောက်လည်း ရှိလေ၏။ မိဘများ ကွယ်လွန်သွားသောအခါ ထိတ်လန့် သံဝေဂ ဖြစ်၍

http://www.dhammadownload.com



ညီနောင်နှစ်ယောက်တို့သည် ရသေ့တော်ကြလေကုန်၏။ ဂင်္ဂါမြစ်ကမ်းနားဌ် သစ်ရွက်မိုးကျောင်း ဆောက်လုပ်၍ နေကြလေကုန်၏။ ဘုရားအလောင်း၏ကျောင်းသည် ဂင်္ဂါမြစ်၏ အထက် (အညာ)၌ ဖြစ်၏။ ညီငယ်ရသေ့၏ကျောင်းသည် ဂင်္ဂါမြစ်၏ အောက်(အကြေ)၌ ဖြစ်၏။

တစ်နေ့သ၌ ဗတ္တမြားရတနာ လည်၌ဆွဲထားသော နဂါးမင်းသည် ဂင်္ဂါမြစ်ကမ်းနား၌ လှည့်လည်သွားလာသည်ရှိသော် ရသေ့ငယ်၏ ကျောင်းသို့ ရောက်သွားလေ၏။ ဝမ်းမြောက်ဖွယ်သော စကားပြောဆိုကြသဖြင့် တစ်ဦးနှင့်တစ်ဦး အလွန်အကျွမ်းဝင် ချစ်ခင်သွားကြလေ၏။ နဂါးသည် နေ့စဉ်နေ့တိုင်း ရသေ့ငယ်ထံလာ၍ အကျွမ်းတဝင် စကားပြောကာ နေထိုင်လေ၏၊ ကြာမြင့်စွာနေထိုင်ပြီး၍ ပြန်ခါနီးတွင် ရသေ့ငယ်အား ချစ်ခင်သောစိတ်ကြောင့် လူအသွင်ကိုစွန့်၍ နဂါးအသွင်မြွေကိုယ်ခွေဖြင့် ရသေ့ငယ်ကို ရစ်ပတ်၍ ရသေ့ငယ်၏ ဦးခေါင်းထက်၌ ပါးပျဉ်းကြီးကို မိုးထားလေ၏။ အတန်ကြာမှ အခွေကိုဖြေ၍ နဂါးပြည်သို့ ပြန်သွားလေ၏။ နေ့စဉ်နေ့တိုင်း လာ၍ ပြန်ခါနီးတွင် ဤကဲ့သို့ပြုလုပ်လေ၏။

ရသေ့ငယ်သည် နဂါး၏ပြုမူမှုကို ကြောက်သောကြောင့် ပိန်ချုံးနေ၏။ အကြောပြိုင်းပြိုင်းထကာ အဆင်းမလှ ဖြစ်ခဲ့၏။ တစ်နေ့သောအခါ ရသေ့ငယ်သည် နောင်တော် ဘုရားအလောင်း ရသေ့ကြီးထံသို့ သွားလေ၏။ ဘုရားအလောင်း ရသေ့ကြီးက "သင် အဘယ်ကြောင့် ပိန်ချုံးရသနည်း၊ အဆင်း

http://www.dhammadownload.com



မလှ ဖြစ်ရသနည်း”ဟု မေးသောအခါ ညီငယ်ရသေ့က “နဂါး၏ ပြုမူပုံများကို ကြောက်သောကြောင့် ဤကဲ့သို့ ပိန်ချုံးရခြင်း၊ အဆင်းမလှခြင်း ဖြစ်ရပါသည်”ဟု လျှောက်ထားလေ၏။

သင်သည် နဂါးလာခြင်းကို အလိုမရှိလျှင် နဂါးလာသောအခါ မထိုင်မီ လည်၌ဆွဲထားသော ပတ္တမြားကို ပေးပါဟု တောင်းလော့၊ ဤသို့တောင်းသည်ရှိသော် နဂါးသည် ကိုယ်အရေဖြင့်သင့်ကိုမရစ်ပတ်မူ၍သာလျှင်ပြန်သွားလိမ့်မည်၊ နောက်တစ်နေ့လာသောအခါ ကျောင်းတံခါးဝ၌လာရပ်စဉ် ပတ္တမြားကို တောင်းလော့၊ ၃-ရက်မြောက် နောက်တစ်နေ့လာသောအခါ ဂင်္ဂါမြစ်ကမ်းနားက သွားစောင့်နေ၍ နဂါးရေမှပေါ်လာသည်နှင့် တစ်ပြိုင်နက် ပတ္တမြားကို တောင်းလော့၊ ဤသို့တောင်းသည်ရှိသော် သင့်ထံ နဂါးလာတော့မည်မဟုတ်ပေ ဟု ဘုရားအလောင်း ရသေ့ကြီး မိန့်ကြားတော်မူသည့် အတိုင်း ရသေ့ငယ်သည် လည်၌ပတ္တမြားကိုတောင်းရာ သုံးရက်မြောက် တောင်းသောနေ့မှစ၍ ရသေ့ငယ်ထံ နဂါးမလာတော့ပေ။ ကြည်ညိုခြင်း အချစ်ပျက်သွားလေ၏။

ရသေ့ငယ်ကို နဂါးအကြည်ညိုပျက်သကဲ့သို့ ရရသမျှသော ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဖြင့် မရောင့်ရဲနိုင်ဘဲ ဒကာဒကာမများထံ ခဏခဏ တောင်းခြင်းသည် အကြည်ညိုပျက်ခြင်း၏ အကြောင်းဖြစ်ပေသည်။ သာသနာဆုတ်ယုတ်ခြင်း၏ အကြောင်း ဖြစ်ပေသည်။ သို့ဖြစ်၍ ရရသမျှဖြင့် ရောင့်ရဲနိုင်ဖို့ရာ မိမိ၏ လုံ့လ ဝီရိယဖြင့် ရနိုင်သော ပစ္စည်း(၄)ပါးကို ရှေးဦးစွာ ပြောကြားရခြင်း ဖြစ်ပေသည်။

http://www.dhammadownload.com



ရဟန်းတော်တို့သည် တောင်းကောင်း၊ မတောင်းကောင်း စသော ဒကာ ဒကာမ(၄)မျိုးတို့ကို ခွဲခြား၍ သိထားမှသာ အာပတ်သင့်ခြင်းမှ လွတ်ကင်းကြမည် ဖြစ်ပါသည်။ စင်ကြယ်သော ရဟန်းတော်များ ဖြစ်ကြပါမည်။ သိမထားကြပါက မစင်ကြယ်သော ရဟန်းများ ဖြစ်ကြရပေမည်။ အပါယ်(၄) ပါးသို့ ကျရောက်သွားသည့်တိုင်အောင် ဆုတ်ယုတ်သွားကြမည် ဖြစ်ပေသည်။ သို့ဖြစ်၍ ဒကာ ဒကာမ(၄)မျိုးတို့ကို ခွဲခြား၍ သိထားကြရမည် ဖြစ်ပေသည်။

ဒကာ ဒကာမ(၄)မျိုးမှာ....

၁။ တောင်းသာ တောင်းကောင်း၍ မပေးကောင်းသော ဒကာ ဒကာမ။

၂။ ပေးသာ ပေးကောင်း၍ မတောင်းကောင်းသော ဒကာ ဒကာမ။

၃။ တောင်းလည်း တောင်းကောင်း၊ ပေးလည်း ပေးကောင်းသော ဒကာ ဒကာမ။

၄။ တောင်းလည်း မတောင်းကောင်း၊ ပေးလည်း မပေးကောင်းသော ဒကာ ဒကာမ။

ဟူ၍ (၄)မျိုးကို သိထားကြရမည် ဖြစ်ပါသည်။

(၁) အချို့သော ဒကာ ဒကာမတို့သည် ဆရာတော် သံဃာတော်တို့အား "သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး-ပစ္စည်း လေးပါးနှင့်တကွ အလိုရှိတာ တပည့်တော်ထံမှာ တောင်းပါ ဘုရား" ဟူ၍ ဖိတ်သော ဖိတ်ကြားထားကြကုန်၏။ ဆရာတော်

http://www.dhammadownload.com



သံဃာတော်တို့၏ ကျောင်း၊ အိပ်ရာ၊ နေရာ စသည်တို့ကို ဆောက်လုပ် ပြုပြင်ပေးခြင်း၊ နေလှန်းခြင်း၊ တံမြက်လှည်းခြင်း၊ သွမ်းခဲဖွယ် ဘောဇဉ်တို့ကို စီမံ ချက်ပြုတ်ပေးခြင်း စသော ဝတ်ကြီး ဝတ်ငယ်တို့ကို မပြုလုပ်ကြကုန်။ ဆရာတော် သံဃာတော်တို့သည် ထိုဒကာ ဒကာမတို့ထံ၌ တောင်းသော တောင်းကောင်းကြကုန်၏။ မိမိတို့ပစ္စည်းကို မပေးကောင်း။

ဆောင်ပုဒ်။ ။ဝတ်ကားမမူ၊ ဖိတ်ကြားသူ၊ တောင်းယူ မပေးအပ်။

(၂) အချို့သော ဒကာ ဒကာမတို့သည် ဆရာတော် သံဃာတော်တို့၏ ကျောင်း၊ အိပ်ရာ၊ နေရာစသည်တို့ကို ဆောက်လုပ် ပြုပြင်ပေးခြင်း၊ နေလှန်းခြင်း၊ တံမြက်လှည်းခြင်း၊ သွမ်းခဲဖွယ်၊ ဘောဇဉ်တို့ကို စီမံချက်ပြုတ်ပေးခြင်း စသော ဝတ်ကြီး ဝတ်ငယ်တို့ကိုသာ ပြုလုပ်ပေးကြကုန်၏။ ပစ္စည်း (၄) ပါးနှင့် အလိုရှိသည်များ တောင်းတော်မူပါ ဟူ၍ လျှောက်ထားခြင်း မရှိကြပေ။ ဆရာတော် သံဃာတော်တို့သည် ထို ဒကာ ဒကာမ တို့အား မိမိတို့၏ပစ္စည်းကို ပေးသာပေးကောင်း၏၊ ထို ဒကာ ဒကာမတို့ထံမှ မတောင်းကောင်း။

ဆောင်ပုဒ်။ ။ဖိတ်ကြားမကြေ၊ ဝတ်ကားကြေ၊ ပေးလေ မတောင်းအပ်။

(၃) အချို့သော ဒကာ ဒကာမ တို့သည် ဆရာတော် သံဃာတော်တို့အား ပစ္စည်း(၄)ပါးနှင့်တကွ အလိုရှိသည် များကို တပည့်တော်ထံမှ တောင်းတော်မူပါဘုရား ဟူ၍

http://www.dhammadownload.com



ဖိတ်လည်း ဖိတ်ကြားထားကြကုန်၏၊ ကျောင်း၊ အိပ်ရာ နေရာ စသည်တို့ကို ဆောက်လုပ်ပြုပြင်ပေးခြင်း၊ နေလှန်းပေးခြင်း၊ တံမြက်လှည်းခြင်း၊ ဆွမ်းခံဖွယ် ခွက်ခွဲတို့ကို စီမံချက်ပြုတ်ပေးခြင်း စသော ဝတ်ကြီး ဝတ်ငယ် တို့ကိုလည်း ပြုလုပ်ပေးကြကုန်၏၊ ဆရာတော် သံဃာတော်တို့သည် ထိုဒကာ ဒကာမများထံ၌ တောင်းလည်း တောင်းကောင်းကုန်၏။ ပေးလည်း ပေးကောင်းကုန်၏။

ဆောင်ပုဒ်။ ။ဖိတ်ကြားသဖြင့်၊ ဝတ်လည်းကျင့်၊ တောင်းသင့် ပေးသင့်မှတ်။

(၄) အချို့သော ဒကာ ဒကာမတို့သည် ဆရာတော် သံဃာတော်တို့အား ပစ္စည်း(၄)ပါးနှင့်တကွ အလိုရှိသည်များကို တပည့်တော်ထံမှာ တောင်းခံတော်မူပါ ဘုရား ဟူ၍ ဖိတ်ကြားခြင်းလည်း မရှိကြပေ၊ ဆရာတော် သံဃာတော်တို့၏ ဝတ်ကြီး ဝတ်ငယ်တို့ကိုလည်း ပြုလုပ်ခြင်း၊ မရှိကြပေ၊ ဆရာတော် သံဃာတော်တို့သည် ထိုဒကာ ဒကာမများထံ၌ တောင်းလည်း မတောင်းကောင်း၊ ထိုဒကာ ဒကာမများအား ပေးလည်း မပေးကောင်းပေ။

ဆောင်ပုဒ်။ ။ဖိတ်ကြား ကင်းဝေး၊ ဝတ်လည်းဝေး၊ မပေး မတောင်းအပ်။

ဤ ဒကာ ဒကာမ (၄)မျိုးတို့ကို သိထားကြသောရဟန်းတော်တို့သည် မြတ်စွာဘုရား၏ ဝိနည်း သာသနာတော် နှင့် လျော်ညီစွာ တောင်းသင့်သူထံမှာ တောင်းခြင်း၊ ပေးသင့်သူ

http://www.dhammadownload.com



အား ပေးခြင်းတို့ဖြင့် ဝိနည်းအပြစ်ကင်း၍ သီလစင်ကြယ်သောကြောင့် တရားအားထုတ်သောအခါ သမာဓိ လျှင်မြန်စွာ ဖြစ်ကြပေသည်။ သမာဓိအား ကောင်းသည်နှင့် အမျိုးမျိုးသော ဉာဏ်များ ပြည့်စုံသောအခါ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ဖြင့် နိဗ္ဗာန် ရောက်သည်တိုင်အောင် ကြီးပွားချမ်းသာကြမည် ဖြစ်ပေသည်။

## သာသနာတော်၌ သုံးဆောင်ခြင်း (၄) မျိုး

သာသနာတော်၌ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေးဟူသော ပစ္စည်း(၄)ပါးကို ရဟန်းသာမဏေတို့ သုံးဆောင်ကြရာ၌ သုံးဆောင်ခြင်း (၄)မျိုး ကွဲပြားပါသည်။

၁။ ရှင်ရဟန်းတို့၏ သီလမရှိဘဲ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်း(၄)ပါးတို့ကို သုံးဆောင်ခြင်းသည် (ထေယျပရိဘောဂ) ခိုးစားသည်နှင့် တူ၏။

၂။ ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ ပစ္စည်း(၄)ပါးတို့ကို သုံးဆောင်ခြင်းသည် (ဣဏပရိဘောဂ) အကြွေးယူကာ ချေးငှားစားသည်နှင့် တူ၏။

၃။ ပစ္စဝေက္ခဏာဆင်ခြင်၍ သုံးဆောင်ခြင်းသည် လည်းကောင်း၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည်လည်းကောင်း၊ (ဒါယဇ္ဇပရိဘောဂ) အမွေရ၍ စားသည်နှင့် တူ၏။

http://www.dhammadownload.com



၄။ ရဟန္တာ ပုဂ္ဂိုလ်တို့၏ သုံးဆောင်ခြင်းသည် (သာမိ ပရိဘောဂ) ထုတွာ၏ ကျွန်အဖြစ်မှ လွတ်ပြီး၍ အရှင်သခင်၏ စားခြင်းနှင့် တူ၏။

ဆောင်ပုဒ်။ ။ထေယျ-ဣဏ၊ ဒါယဇ္ဇနှင့်၊ ပိုင်လှသာမိ၊ ထေးခု နှိ၊ ပရိဘောဂတည်း။

၁။ ထေယျပရိဘောဂ = ခိုးစားခြင်းသည် တာဝများစွာ သံသရာ၌ အပါယ်ငရဲသို့ ကျရောက်ကာ ဆင်းရဲဒုက္ခ အပြစ်ဒဏ် အမျိုးမျိုး ခံဖို့ရာ ဖြစ်သည်။

၂။ ဣဏပရိဘောဂ = အကြွေးယူကာ ချေးငှားစားခြင်း သည် လောက၌ အကြွေးတင်လျှင် ကျွန်ဖြစ်သည်။ သာသနာ တော်၌ သံသရာညွန်၌ နစ်မြုပ်၏။ သံသရာ ဝဋ်ဆင်းရဲ ဒုက္ခ တို့မှ မလွတ်မြောက်နိုင်၊ နစ်မြုပ်ဖို့ရာ ဖြစ်၏။ သို့ဖြစ်၍ ရဟန်း သာမဏေတို့သည် (ထေယျပရိဘောဂ၊ ဣဏပရိဘောဂ) ဤနှစ် မျိုးမှ လွတ်အောင် ကျင့်သုံးနေထိုင်ကြရပေသည်။

## ပစ္စည်း (၄) ပါး သုံးဆောင်တိုင်း ဆင်ခြင်ရန်

ပစ္စည်း (၄) ပါးကို သုံးဆောင်တိုင်း (ဣဏပရိဘောဂ) အကြွေးယူ၍စားခြင်းမျိုး မဖြစ်ရအောင် ဆင်ခြင်၍ သုံးဆောင် ရမည်။

၁။ သင်္ကန်းဝတ်ရုံသောအခါ ဤသင်္ကန်းကို ဝတ်ရုံခြင်း သည် လှပတင့်တယ်ဖို့ရာ ဝတ်ရုံသည်မဟုတ်၊ အအေးအပူတို့ကို ကာကွယ်ဖို့ရာ၊ အရှက်အကြောက်ကို ဖုံးလွှမ်း ကာကွယ်ဖို့ရာ

http://www.dhammadownload.com



ဝတ်ရုံခြင်းသာဖြစ်သည်ဟု တတ်နိုင်လျှင် သင်္ကန်းကို ပြင်ဝတ်တိုင်း၊ ပြင်ဝတ်တိုင်း ဆင်ခြင်ရမည်။ မတတ်နိုင်လျှင် တစ်နေ့လျှင် တစ်ကြိမ်အရုဏ်မတက်မီဆင်ခြင်ရမည်။ သင်္ကန်းမှ တစ်ပါးသော ဝတ်ရုံစရာ အဝတ်အထည် ဟူသမျှတို့ကိုလည်း သင်္ကန်းကို ဆင်ခြင်သော အတိုင်း ဆင်ခြင်၍ ဝတ်ရုံရပါသည်။

၂။ ဆွမ်းစားသောအခါ ဤဆွမ်းစသော အာဟာရကို စားခြင်းသည် မြူးတူးပျော်ပါးနိုင်ဖို့ရာ စားသည် မဟုတ်။ အရေအဆင်း လှပတင့်တယ်ဖို့ရာ စားသည်မဟုတ်။ အားအင်ပြည့်ဖြိုး သန်စွမ်းဖို့ရာ စားသည် မဟုတ်၊ သာသနာအကျင့်၊ မဂ်ဖိုလ်နိဗ္ဗာန်ရောက်ကြောင်း သတိပဋ္ဌာန် ဝိပဿနာ အကျင့်တို့ကို ကျင့်နိုင်ဖို့ရာ စားခြင်းသာ ဖြစ်သည်ဟု တတ်နိုင်လျှင် ဆွမ်းအလုတ်တိုင်း အလုတ်တိုင်း ဆင်ခြင်ရမည်၊ မတတ်နိုင်လျှင် တစ်နေ့လျှင် တစ်ကြိမ် အရုဏ်မတက်မီ ဆင်ခြင်ရမည်။ ဆွမ်းမှ တစ်ပါးသောစားဖွယ်ဟူသမျှတို့ကိုလည်း ဆွမ်းကိုဆင်ခြင်သော အတိုင်း ဆင်ခြင်၍ သုံးဆောင်ရပါသည်။

၃။ ကျောင်း၌ နေထိုင်သောအခါ ဤကျောင်း၌နေခြင်းသည် အအေး အပူကို ကာကွယ်ဖို့ရာ၊ မှက် ခြင် ယင် မျှား ကိုက်ခဲခြင်းကို ကာကွယ်ဖို့ရာ၊ ဥတုကြမ်းနှင့် ဘေးရန်အမျိုးမျိုးတို့ကို ကာကွယ်ဖို့ရာ၊ လုံခြုံစွာ စာပေကျမ်းဂန်သင်အံလေ့လာနိုင်ဖို့ရာ၊ ဝိပဿနာတရား အားထုတ်နိုင်ဖို့ရာ နေထိုင်ခြင်းသာ ဖြစ်သည်ဟု တတ်နိုင်လျှင် ကျောင်းထဲသို့ဝင်တိုင်း၊ ကျောင်းပြင်သို့ထွက်တိုင်း ဆင်ခြင်ရမည်။ မတတ်နိုင်လျှင် တစ်နေ့လျှင် တစ်ကြိမ် အရုဏ်မတက်မီ ဆင်ခြင်ရမည်။ ကျောင်းမှ တစ်ပါး

http://www.dhammadownload.com



သော ခုထင်၊ ကုလားထိုင်၊ အိပ်ရာ၊ ဖျာခင်း၊ ခြင်ထောင် စသော အသုံးအဆောင်ဟူသမျှတို့ကိုလည်း ကျောင်းကို ဆင်ခြင်သောအတိုင်း ဆင်ခြင်၍ အသုံးပြုရပါသည်။

၄။ ဆေးမှီဝဲစားသောက်သောအခါ ဤဆေးကိုစားခြင်းသည် ရောဂါဝေဒနာများကိုပယ်ဖျောက်ဖို့ရာ၊ ရောဂါဝေဒနာကြောင့် ဖြစ်သော ဆင်းရဲခြင်း မရှိဖို့ရာ၊ ရောဂါဝေဒနာကင်း၍ ဆင်းရဲခြင်းမရှိသဖြင့် စာပေကျမ်းဂန် သင်အံလေ့လာခြင်း၊ ဝိပဿနာတရား အားထုတ်ခြင်း ဟူသော ရဟန်းတရား (၂)ပါးကို အားထုတ်နိုင်ဖို့ရာ စားခြင်းသာ ဖြစ်သည်ဟု ဆေး စား၍ [illegible] တွေး ဆင်ခြင်ရမည်။ ဆေးမှ တစ်ပါးသော ရေသောက်ခြင်း၊ ရေချိုးခြင်းစသော ကျန်းမာရေးအတွက် မှီဝဲဖွယ်ရာ ဟူသမျှတို့ကိုလည်း ဆေးကို ဆင်ခြင်သော အတိုင်း ဆင်ခြင်၍ မှီဝဲရပါသည်။

## အရုဏ်မတက်မီ အားလုံးပေါင်း၍ ဆင်ခြင်ရန်

ဖိနပ် ဆီမီး ထီး တောင်ဝှေးက အစပြု၍ ဤယခု နေ့ရှေ့နောက်အရုဏ်နှစ်ခုအကြား သုံးစားမှီဝဲအပ်သမျှ သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး၊ ပစ္စည်း(၄)ပါးတို့ကို ကစားဇမ္ဗယ် မြူးရယ်မာန်ကြွ လှပရေဆင်း ပြည့်ဖြိုးခြင်းငှာ သုံးဆောင်အပ်သည် မဟုတ်ပါ။ နိဿတ္တ နိဇ္ဇီဝ အဗျာကတ သညာခေတ် ရုပ်အစစ် အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ အသုဘ အရိုးစု ဖြစ်သော ဤကိုယ်ခန္ဓာ အတွင်းအပြင် ရောဂါဘေးဘယ ကင်းကွာ၍ ကျန်းမာချမ်းသာ အသက်ရှည်ကြာစွာ တည်နေလျက်၊ စာပေ

http://www.dhammadownload.com



ကျမ်းဂန် သင်အံ လေ့လာနိုင်ခြင်း၊ သီလ သမာဓိ ဝိပဿနာ ဘာဝနာ အပြား ရဟန်းတရားကို ပွားများအားထုတ်နိုင်ခြင်း အကျိုးငှာသာလျှင် သုံးဆောင်မှီဝဲပါသတည်း။

## အကပ်ခံရာဝယ် သတိပြုဖွယ်

ဗုဒ္ဓဘာသာရဟန်းတော်တို့သည် စားဖွယ်အမျိုးမျိုးနှင့် ဆေးပစ္စည်းများကို လူဘဝက ကိုယ်တိုင် ကိုင်ယူစားသုံးခဲ့သော အလေ့အကျင့်က များခဲ့ကြသောကြောင့် ရဟန်းဘဝသို့ရောက်လာသောအခါ အကပ်မခံရသေးသော စားဖွယ်အမျိုးမျိုးနှင့် ဆေးပစ္စည်းများကို မသိ၍ဖြစ်စေ၊ သတိမမှု၍ဖြစ်စေ၊ ကိုင်မိယူမိတတ်ကြကုန်၏။ မကိုင်ကောင်း၊ မယူကောင်း။ ကိုင်မိယူမိခဲ့ပြီးသော စားဖွယ် အမျိုးမျိုးနှင့် ဆေးပစ္စည်းများကို ပြန်အကပ်ခံပါသော်လည်း မသုံးဆောင်ကောင်းတော့ပါ။ သုံးဆောင်လျှင် စားတိုင်းစားတိုင်းအာပတ်သင့်၏။ သို့ဖြစ်၍အကပ်မခံရသေးသော စားဖွယ် အမျိုးမျိုးနှင့် ဆေးပစ္စည်းများကို မကိုင်မိ မယူမိအောင် အထူးသတိပြုကြရမည် ဖြစ်ပေသည်။

ဗုဒ္ဓဘာသာရဟန်းတော်တို့သည် စားဖွယ်သောက်ဖွယ် အမျိုးမျိုးနှင့် ဆေးပစ္စည်းအမျိုးမျိုးတို့ကို လူနှင့်သာမဏေ တစ်ယောက်ယောက်က ယူပေး၊ ကပ်ပေးမှသာ စားသုံးကောင်း၏။ စားသုံးဖွယ်နှင့် ဆေးပစ္စည်းများကို ရဟန်းတော်ကိုယ်တိုင် ကိုင်ယူလာပြီးမှ လူ၊ သာမဏေတို့ကို တစ်ဖန် ကပ်ခိုင်းတတ်ကြကုန်၏။ အကပ်ပျက်သွားပြီဖြစ်၍ မသုံးရဆောင်ကောင်းတော့ပေ သုံးဆောင်လျှင် စားတိုင်း စားတိုင်း အာပတ်သင့်၏။ သို့ဖြစ်၍

http://www.dhammadownload.com



ဒုလ္လဘရဟန်းတော်များမှာ အကပ်ခံတတ်ဖို့ရာ အရေးကြီးသော အချက်တစ်ခုပင် ဖြစ်ပေသည်။

## အကပ်ခံမြောက်ခြင်း အင်္ဂါငါးပါး

အာဟာရအဖြစ် စားသုံးဖွယ်ရာများနှင့် ဆေးပစ္စည်းများကို အကပ်ခံသောအခါ အင်္ဂါ(၅)ပါးနှင့် ပြည့်စုံမှ အကပ်ခံခြင်း ကိစ္စ ပြီးမြောက်သည်။

၁။ ရဟန်းတော်အတွက် ရွေး၍ ဆောင်လာသော စားသောက်ဖွယ် ဝတ္ထုဖြစ်ခြင်း။

၂။ လာကပ်သူသည် ရဟန်းတော်၏ နှစ်တောင်ထွာအတွင်းသို့ ရောက်ခြင်း။

၃။ အား အလယ် အလတ် ရှိသူ ယောကျ်ား တစ်ယောက် မြှောက်နိုင် မနိုင်သော ဝတ္ထုပစ္စည်းဖြစ်ခြင်း။

၄။ လက်စသော ကိုယ်အင်္ဂါဖြင့် ပေးကပ်ခြင်း၊ ပန်းကန်ခွက်ဖြင့် ပေးကပ်ခြင်း၊ မြှောက်၍ပေးကပ်ခြင်း။

၅။ ရဟန်းတော်က လက်စသော ကိုယ်အင်္ဂါဖြင့် ခံယူခြင်း၊ သပိတ်၊ ပန်းကန်ခွက်စသည်ဖြင့်ခံယူခြင်းဟူသော အင်္ဂါ (၅)ပါးနှင့်ပြည့်စုံမှသာအကပ်မြောက်ပေသည်။ အကပ်မြောက်မှ ဘုဉ်းပေး သုံးဆောင်ကောင်းပါသည်။ တစ်ပါးပါးချွတ်ယွင်းပါက မသုံးဆောင်ကောင်းပေ။ သုံးဆောင်လျှင် စားတိုင်းစားတိုင်း အာပတ်သင့်ပါသည်။

http://www.dhammadownload.com



ဆောင်ပုဒ်။ ။ရှေးရှုလည်းဆောင်၊ နှစ်တောင်ထွာရောက်၊ မြောက်နိုင်ဝတ္ထု၊ သုံးခုပေးခြင်း၊ ခံခြင်း နှစ်လောက်၊ ကျမ်းလာထောက်၊ ကပ်မြောက် အင်္ဂါ ငါးပါးတည်း။

ထို အင်္ဂါ (၅)ပါးတို့တွင်....

(၂)နံပါတ် အင်္ဂါ၌ နှစ်တောင်ထွာ တိုင်းတာရာတွင် လာကပ်သူ၏အရှေ့စွန်းနှင့် အကပ်ခံသော ရဟန်းတော်၏ အနောက်အစွန်းမှ တိုင်းတာရပါသည်။ ရဟန်းတော် ထိုင်နေသောအခါ တစ်တောင်ခန့် ကျယ်ပြန့်နေပါသည်။ သို့ဖြစ်၍ လာကပ်သူနှင့် ရဟန်းတော်၏ အကြားတွင် တစ်တောင်ထွာခန့်သာ ကွာဝေးလျက် ရှိကြရပါမည်။ ထို့ကြောင့် နှစ်တောင်ထွာဟုဆိုပါသော်လည်း လာကပ်သူသည် ရဟန်းတော်၏ တစ်တောင်ထွာအတွင်းသို့ ရောက်မှ အကပ်မြောက်ပါသည်။

(၃)နံပါတ်အင်္ဂါ၌ အားအလယ်အလတ်ရှိသောယောကျ်ား တစ်ယောက် မြောက်နိုင် မနိုင်သော ဝတ္ထုပစ္စည်းဖြစ်လျှင် အားနည်းသူ အမျိုးသမီးများ (၃)ယောက်၊ (၄) ယောက် ကပ်ပါသော်လည်း အကပ်မြောက်ပါသည်။

ကပ်ပြီးသောဝတ္ထုပစ္စည်းများကို ရဟန်းတော်ကမစွန့်လျှင် လူများက ကိုင်ပါသော်သည်း အကပ် မပျက်သောကြောင့် ဘုဉ်းပေး သုံးဆောင် ကောင်းပါသည်။

ဗုဒ္ဓဘာသာဝင် ပုဂ္ဂိုလ်တို့သည် ရဟန်းတော်တို့ကို ဆွမ်းခဲဖွယ် ဘောဇဉ်များ ကပ်ကြရာ၌ အထူးပင် အလေးဂရုပြုကြ

http://www.dhammadownload.com



ပေသည်။ ရဟန်းတော်များကို ကပ်ပြီးတာနှင့် သွားမထိ၊ သွား မကိုင်ကြနှင့်ဟု အရေးတကြီးတားမြစ်ကြပေသည်။ သို့ပါသော် လည်း ရဟန်းတော်များကား မစွန့်သမျှကာလသတ်လုံး တာယ်လိုပင် ကိုင်ကိုင် ရွှေရွှေ အာပတ်မပျက်၊ ဘုဉ်းပေး သုံးဆောင်ကောင်း ပါသည်။

ရဟန်းတော်များကိုကပ်ထားပြီးသော စားဖွယ်သောက်ဖွယ် များ အာပတ်ပျက်ခြင်း၏ အကြောင်း(၆)ပါး ရှိပါသည်။

ဆောင်ပုဒ်။ ။စွန့် ချ ပေး လု၊ မစ္ဆု လိင်ပြန်၊ ဤခြောက်တန်၊ ကပ်ခံပျက်ကြောင်းတည်း။

စားသောက်ဖွယ်များကို....

၁။ စွန့် = စားသောက်ဖွယ် များကို အာလယ ပြတ် စွန့်ခြင်း။

၂။ ချ = ရဟန်းသိက္ခာချ၊ လူထွက်ခြင်း။

၃။ ပေး = စားသောက်ဖွယ်များကို လူ၊ သာ မဏေတို့အား ပေးခြင်း။

၄။ လု = လူတို့လုယူသွားခြင်း၊ အကျွမ်းတဝင် ယူသွားခြင်း။

၅။ မစ္ဆု = ရဟန်း ပျံလွန်တော်မူ (သေ) သွား ခြင်း။

၆။ လိင်ပြန် = ရဟန်း ယောကျ်ား အဖြစ်မှ မိန်းမ အဖြစ် လိင်ပြန်သွားခြင်း=

http://www.dhammadownload.com



ဟူသော ဤအကြောင်း(၆)ပါးကြောင့် ရဟန်းတော်များကို ကပ်ထားပြီးသော စားဖွယ်သောက်ဖွယ်များ အကပ်ပျက်ပါသည်။ ရဟန်းတော်တို့ မသုံးဆောင်ကောင်းသော စားသောက်ဖွယ်များ ဖြစ်သွားပါသည်။

ရဟန်းတော်အများ ပိုင်ဆိုင်သည့် အကပ်ခံထားပြီးသော စားသောက်ဖွယ် အမျိုးမျိုးနှင့် ဆေးပစ္စည်း အမျိုးမျိုးတို့ကို ရဟန်းတော်တစ်ပါးပါးက စွန့်သော်လည်းကောင်း၊ သိက္ခာချ=လူထွက်သော်လည်းကောင်း၊ လူ့သာမဏေတို့အား ပေးသော်လည်းကောင်း၊ ပျံလွန်(သေ)သော်လည်းကောင်း၊ မိန်းမဖြစ်(လိင်ပြန်)သွားသော်လည်းကောင်း အကပ်မပျက်၊ (ကျန်) ရဟန်းတော်များ သုံးဆောင်ကောင်းပါသည်။

## စားသုံးဖွယ်တို့၏ အချိန်ကာလအပိုင်းအခြား (၄)မျိုး

ရဟန်းတော်တို့သည် အာဟာရအဖြစ် စားသုံးဖွယ်နှင့် ဆေးပစ္စည်းများကို အချိန်ကာလ အပိုင်းအခြားဖြင့်အကပ်ခံ၍ စားသုံးရပါသည်။

(၁) အာဟာရအဖြစ် သုံးဆောင်ရသော ဆွမ်း၊ ခဲဖွယ်ဘောဇဉ်(ယာဝကာလိက)သည် အရုဏ်တက်သည်မှ အကပ်ခံ၍ မွန်းတည့်ချိန်အတွင်းသာ သုံးဆောင်ကောင်း၏။

(၂) ဖျော်ရည်အမျိုးမျိုး (ယာမကာလိက) သည် ယနေ့ အရုဏ်တက်သည်မှ အကပ်ခံ၍ နက်ဖြန် အရုဏ်မတက်မီအတွင်းသာ သုံးဆောင်ကောင်း၏။

http://www.dhammadownload.com



(၃) ထောပတ်၊ ထောပတ်ဖြစ်လုနီး ဆီဦး၊ ဆီ၊ ပျားရည်၊ တင်လဲ ဟူသော (၅)ပါး (သတ္တာဟကာလိက)သည် အကပ်ခံ သည်မှ (၇)ရက်အတွင်း ဆေးအဖြစ်ဖြင့် သုံးဆောင်ကောင်း၏။

(၄) ဇာဒိပ္ပိုလ်၊ လေးညှင်းစသည်တို့နှင့် ပြုလုပ်ထားသော ဆေးနှင့် အာဟာရကိစ္စကို မပြီးစေနိုင်သောအမြစ်၊ အခေါက်၊ အရွက်၊ အပွင့်၊ အသီး (ယာဝဇီဝိက) သည် တစ်ခါကပ်ပြီး လျှင် ရဟန်းတော်တို့ တစ်သက်လုံး သုံးဆောင်ကောင်း၏။

ဆောင်ပုဒ်။ ။မွန်းတည့်ရုံမျှ၊ အပ်တုံက၊ ယာဝကာလိကာ။
နောက်အရုဏ်မျှ၊ အပ်တုံက၊ ယာမကာလိကာ။
ခုနစ်ရက်မျှ၊ အပ်တုံက၊ သတ္တာဟကာလိကာ။
တစ်သက်လုံးမျှ၊ အပ်တုံက၊ ယာဝဇီဝိကာ။

### အရုဏ်တက်ရာ သတိပြုပါ

ရှေးမထေရ်မြတ်တို့သည် အရုဏ်တက်ချိန်ကို အထူးအလေး ဂရုပြုကြပါသည်။ အရုဏ်မတက်မီ အကပ်ခံခြင်းစသည် ပြုမိ ပါက အာပတ်အမျိုးမျိုး သင့်ကြရပေသည်။

ဥပမာ။ ။အရုဏ်မတက်မီ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်တို့ကို အကပ်ခံ၍ စားမိပါက စားဖွယ်များကို သိုမှီးသိမ်းဆည်းထား၍ စားခြင်းလည်းဖြစ်သောကြောင့် (သန္နိဓိကာရက) ပါစိတ်အာ ပတ်လည်း သင့်ပါသည်။ နေလွဲညစာ စားခြင်းလည်းဖြစ်သော ကြောင့်(ဝိကာလဘောဇန)ပါစိတ်အာပတ်လည်းသင့်ပါသည်။

သို့ဖြစ်၍ ရဟန်းတော်တို့သည် အရှက်တက်ချိန်ကို အထူးအလေး ဂရုပြုကြရပါသည်။

ဝါတွင်းအခါ အရှက်မတက်မီ ဆွမ်းခံထွက်မိခြင်းကြောင့် ဝါကျို၊ ဝါပြတ် ဖြစ်ရသည်။ ကထိန်သင်္ကန်းခံယူ၍ ကထိန်ခံ ပြီးသော်လည်း ကထိန်မှုအောင်ဖဲ ဖြစ်ရပေသည်။ ကထိန် အနုမောဒနာပြုသော်လည်း ထိုကထိန်အကျိုးအာနိသင် မရခြင်းဖြစ်ရပေသည်။ သို့ဖြစ်၍ ရဟန်းတော်တို့သည် အရှက်ဘက်ချိန်ကို အထူး အလေးဂရုပြုကြရပေသည်။

ရဟန်းတော်တို့ စောင့်ထိန်းရမည့် သီလသည် (၄)မျိုးရှိပါသည်။

(၁) ပါတိမောက္ခသံဝရသီလ
စောင့်ထိန်းသူကို အပါယ် သံသရာဆင်းရဲ ဝဲသည်မှ လွတ်မြောက်စေသော သီလ။

(၂) ဣန္ဒြိယသံဝရသီလ
မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်တို့၌ အကုသိုလ်အဖြစ်ကင်းစေသော သီလ။

(၃) အာဇီဝပါရိသုဒ္ဓိသီလ
မကောင်းသော အသက်မွေးခြင်းမှ စင်ကြယ်စေသော သီလ။

http://www.dhammadownload.com



(၄) ပစ္စယသန္နိဿိတ သီလ

သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်း(၄)ပါး တို့ကိုသုံးဆောင်ခြင်း၌ မကောင်းသော(အကြွေးယူ) စားခြင်းမှ လွတ်ကင်းစေသောသီလ ဟူ၍ (၄)မျိုး ရှိပါသည်။

(၁) ပါတိမောက္ခသံဝရသီလ အရ အကျဉ်းအားဖြင့် (၂၂၇)ပါးသော သိက္ခာပုဒ်တို့ကို ယူရပါသည်။ အကျယ် အားဖြင့် ကုဋေ ကိုးထောင်တစ်ရာရှစ်ဆယ်ငါးသန်းသုံးသောင်း ခြောက်ထောင်သော သိက္ခာပုဒ်တို့ကို ယူရပါသည်။

(က) ကျူးလွန်မိပါက လူထွက်ရသည့် သိက္ခာပုဒ်များ

အကျဉ်းအားဖြင့် (၂၂၇)ပါးသော သိက္ခာပုဒ်တို့တွင်— တစ်ကြိမ်တစ်ခါကျူးလွန်မိလျှင် နောင်တစ်ဖန် ရဟန်းပြန်ဝတ် ၍လည်းမရ။ ရဟန်းဘဝဖြင့် ကိုစား၍လည်းမရ။ လူထွက်ခြင်း ဖြင့်သာ ကုစားရသော သိက္ခာပုဒ်က (၄)မျိုး ရှိပါသည်။ ပါရာဇိကလို့ ခေါ်ပါသည်။ သာသနာတော်မှ ရှုံးခြင်းကြီး ရှုံးသွားပြီဟု ဆိုလိုပါသည်။

(၁) ရဟန်းဖြစ်သူသည် မေထုန်အမှုကို တိရစ္ဆာန်မကစ၍ မမှီဝဲကောင်း၊ မှီဝဲမိက ဦးခေါင်းပြတ်သွားသောသူ သည် အသက်တစ်ဖန်ရှင်ဖို့ရာမဖြစ်နိုင်တော့သကဲ့သို့ မေထုန်မှီဝဲသော ရဟန်းသည်လည်း ရဟန်းတစ်ဖန်

http://www.dhammadownload.com



ဝတ်၍ မရ။ သာသနာတော်မှ ဆုံးရှုံးသွားရလေသည်။

(၂) ရဟန်းဖြစ်သူသည် သူတစ်ပါးပစ္စည်းကို တစ်မတ်ကစ၍ မခိုးယူအပ်။ ခိုးယူမိပါက အညှာမှ ကြွေကျသော ဖက်ရွက်ရော်သည် တစ်ဖန် မစိမ်းလန်း မရှင်သန် သကဲ့သို့ ခိုးယူမိသော ရဟန်းသည်လည်း ရဟန်း တစ်ဖန်ဝတ်၍မရ။ သာသနာတော်မှဆုံးရှုံးသွားရလေသည်။

(၃) ရဟန်းဖြစ်သူသည် ကိုယ်ဝန်ကျဆေးပေးကာ အမိဝမ်းတွင်း၌ တည်သော သားငယ်ကို ကျစေ၊ သေစေရုံမျှကိုပင် မပြုလုပ်အပ်။ ပြုလုပ်မိက ကွဲပြီးသော ကျောက်ဖျာကြီးသည် တစ်ဖန်ပြန်စပ်၍မရသကဲ့သို့ ကိုယ်ဝန် ကျစေရုံမျှ လူသတ်မိသော ရဟန်းသည်လည်း ရဟန်းတစ်ဖန် ဝတ်၍မရ။ သာသနာတော်မှ ဆုံးရှုံးသွားရလေသည်။

(၄) ရဟန်းဖြစ်သူသည် ဈာန်၊ မဂ် ဖိုလ် တရား တို့ကို မရပါဘဲ ရသည်ဟူ၍ မပြောဆိုအပ်။ ပြောဆိုမိက လည်ဆစ်က ပြုတ်ကျသွားပြီးသော ထန်းပင်သည် အညွန့် တစ်ဖန် မပေါက်နိုင်တော့သကဲ့သို့ ဈာန်၊ မဂ် ဖိုလ် ရ၏ဟု ဝါကြွား ပြောဆိုမိသော ရဟန်းသည်လည်း ရဟန်းတစ်ဖန် ဝတ်၍မရ။ သာသနာတော်မှ ဆုံးရှုံးသွားရလေသည်။

http://www.dhammadownload.com



ဤပါရာဇိက သိက္ခာပုဒ်(၄)ပါးတို့ကို ကျူးလွန်မိသောသူသည် ရဟန်းဘဝ၌နေ၍တရားအားထုတ်ပါသော်လည်း တရားမရနိုင်တော့ပေ။ လူမထွက်ဘဲသေဆုံးသွားပါကလည်း အပါယ်ရေဲသို့သာ ကျရောက်သွားရမည်ဖြစ်ပေသည်။

## (ခ) ကျူးလွန်မိပါက သံဃာ(၂၀)ဖြင့် ကုစားရမည့် သိက္ခာပုဒ်များ

တစ်ကြိမ်တစ်ခါကျူးလွန်မိလျှင် အနည်းဆုံး သံဃာ(၂၀)ရှိမှ ကုစားသို့ရသော သိက္ခာပုဒ်က(၁၃)ခု ရှိပါသည်။ သံဃာဒိသိသ်လို့ ခေါ်ပါသည်။ ကုစားခြင်း၏ အစ၊ အလယ်၊ အဆုံးတို့၌ သံဃာဖြင့်သာ ကုစားရသည်ဟု ဆိုလိုပါသည်။

သံဃာဒိသိသ် သိက္ခာပုဒ်(၁၃)ပါးတို့တွင် ... ဘာရဟန်းတော်တို့ ကျူးလွန်မိ၍ အာပတ်သင့်တတ်သော သိက္ခာပုဒ်များကိုသာ ဖော်ပြပါမည်။

(၁) ရဟန်းဖြစ်သူသည် အိပ်မက်၌ သုက်လွှတ်ခြင်းကို ကြဉ်ပယ်ထား၍ စေတနာဖြင့် သုက်လွှတ်လျှင် သံဃာဒိသိသ် အာပတ်သင့်၏။ သံဃာ(၂၀)ဖြင့် ကုစားမှ စင်ကြယ်၏။

(၂) ရဟန်းဖြစ်သူသည် ယနေ့မွေးဖွားသောအမျိုးသမီးငယ်မှ စ၍ အမျိုးသမီးများ၏ ကိုယ်လက် အင်္ဂါကြီး-ငယ်တို့ကို သာယာသော စိတ်ဖြင့် ကိုင်ခြင်း၊ ပွတ်သပ်ခြင်း စသည်များကိုပြုလျှင် သံဃာဒိသိသ်

http://www.dhammadownload.com



အာပတ်သင့်၏။ သံဃာ(၂၀)ဖြင့် ကုစားမှ စင်ကြယ်၏။

(၃) ရဟန်းဖြစ်သူသည် အမျိုးသမီးများကို "လုလင်ပျိုများက မိန်းမပျိုများကို မတော်မလျော်သော စကားတို့ဖြင့် ပြောဆိုသကဲ့သို့" မတော်မလျော်သော စကားတို့ကို ပြောဆိုလျှင် သံဃာဒိသိသ် အာပတ်သင့်၏။ သံဃာ(၂၀)ဖြင့် ကုစားမှ စင်ကြယ်၏။

(၄) ရဟန်းဖြစ်သူသည် အမျိုးသမီးများကို မေထုန်ကာမတို့ဖြင့် ပြုစု လုပ်ကျွေးဖို့ရာပြောလျှင် သံဃာဒိသိသ် အာပတ်သင့်၏။ သံဃာ(၂၀)ဖြင့်ကုစားမှ စင်ကြယ်၏။

(၅) ရဟန်းဖြစ်သူသည် အမျိုးသားနှင့် အမျိုးသမီးတို့ကို လင်မယားဖြစ်ဖို့ရာ အောင်သွယ်စကားဖြင့် (၂)ဦးလုံးကို ပြောကြားလျှင် သံဃာဒိသိသ် အာပတ်သင့်၏။ သံဃာ(၂၀)ဖြင့် ကုစားမှ စင်ကြယ်၏။

## (ဂ) ကျူးလွန်မိပါက အာပတ်(၃)မျိုးထဲက တစ်မျိုးမျိုးသင့်သော သိက္ခာပုဒ်များ

တစ်ကြိမ်တစ်ခါကျူးလွန်မိလျှင် ဖုံးကွယ်ရာအရပ်၊ဆိတ်ငြိမ်ရာအရပ်နှင့် ကျူးလွန်ပုံတို့ကိုလိုက်၍လည်းထွက်ရခြင်း၊ အနည်းဆုံး သံဃာ(၂၀)ဖြင့် ကုစားရခြင်း၊ ရဟန်း တစ်ပါးပါးထံ ပြော

http://www.dhammadownload.com



ကြား၍ကုစားရခြင်းဟူသော(၃)မျိုးဖြင့် ကုစားရသောသိက္ခာပုဒ်က (၂)ပါးရှိပါသည်။ အနိယတလို့ ခေါ်ပါသည်။ အမြဲ မရှိ၊ (၃)မျိုးထဲက တစ်မျိုးမျိုးလို့ ဆိုလိုပါသည်။

(၁) ရဟန်းဖြစ်သူသည် မျက်စိ၊ နား၊ ဆိတ်ကွယ်ရာ၊ နံရံ စသည်တို့ဖြင့် ဖုံးကွယ်ရာအခန်းထဲ စသည်၌ အမျိုးသမီးနှင့် ရဟန်းနှစ်ယောက်ထဲ အတူမနေရ။ နေလျှင် လွတ်ကျွတ်ခြင်းဖြင့် ကုစားရသော ပါရာဇိကအာပတ်၊ သံဃာ(၂၀)ဖြင့် ကုစားရသော သံဃာဒိသိသ်အာပတ်၊ရဟန်းတစ်ပါးပါးထံပြောကြား၍ ကုစားရသော ပါစိတ်အာပတ်တို့တွင် တစ်ခုခုသော အာပတ်သင့်၏။

(၂) ရဟန်းဖြစ်သူသည် နံရံစသည်ဖြင့် ဖုံးကွယ်ခြင်းမရှိ၊ မျက်စိ၊ နား၊ ဆိတ်ကွယ်ရာအရပ်၌ အမျိုးသမီးနှင့် ရဟန်း နှစ်ယောက်ထဲ မနေရ။ နေလျှင် သံဃာ (၂၀)ဖြင့် ကုစားရသော သံဃာဒိသိသ်အာပတ်၊ ရဟန်းတစ်ပါးပါးထံ ပြောကြား၍ ကုစားရသော ပါစိတ်အာပတ်တို့တွင်တစ်ခုခုသောအာပတ်သင့်၏။

ဤကဲ့သို့ ဆိတ်ကွယ်ရာအရပ်၌ အမျိုးသမီးနှင့် ရဟန်း နှစ်ယောက်ထဲအတူနေကြရာ၌ အာပတ်အမျိုးမျိုးသင့်နိုင်သောကြောင့် ဒုလ္လဘရဟန်းတော်တို့သည် မိမိတို့နေရာ အခန်းတွင်း၌ အမျိုးသမီးနှင့် ရဟန်း နှစ်ယောက်ထဲ အတူမနေမိအောင် သတိပြုကြရမည် ဖြစ်ပေသည်။

http://www.dhammadownload.com



## (ဃ) ကျူးလွန်မိပါက ပစ္စည်းကိုစွန့်ပြီးမှ ကုစားရသော သိက္ခာပုဒ်များ

တစ်ကြိမ် တစ်ခါ ကျူးလွန်မိလျှင် ဂိုဏ်း၊ သံဃာ၊ ဂိုဏ်းဝင်တစ်ဦးဦးထံ ပစ္စည်းကိုစွန့်၍ ကုစားရသော သိက္ခာပုဒ်က (၃၀)ရှိပါသည်။ နိဿဂ္ဂိယလို့ ခေါ်ပါသည်။ ပစ္စည်းကိုစွန့်ပြီးမှကုစားရမည်ဟု ဆိုလိုပါသည်။

ထို (၃၀)သော သိက္ခာပုဒ်တို့တွင် ဗုဒ္ဓဘာသာရဟန်းတော်တို့ ကျူးလွန်မိ၍ အာပတ်(အပြစ်)သင့်တတ်သော သိက္ခာပုဒ်များကိုသာ ဖော်ပြပါမည်။

### သင်္ကန်း၌ သိဖွယ်

(၁) ရဟန်းဖြစ်သောသူသည် (ပထမကထိန သိက္ခာပုဒ်အရ) မိမိအတွက်ရရှိသော သင်္ကန်းနှင့် အလျား တစ်ထောင့်ထွာ၊ အနံ တစ်ထွာ (၆)သစ်ရှိသော အဝတ်အထည်မှစ၍ (၁၀)ရက်မလွန်မီ အဓိဋ္ဌာန်တင်ခြင်း၊ ဝိကပ္ပနာပြုခြင်းတို့ကို ပြုလုပ်၍ အသုံးပြုရပါသည်။ (၁၀)ရက်လွန်သွားလျှင် သင်္ကန်း၊ အဝတ်အထည်တို့ကိုလည်း စွန့်၊ ပါစိတ်အာပတ်ကိုလည်း ရဟန်းတစ်ပါးပါးထံ(ဒေသနာ)ပြောကြား၍ ကုစားရပါသည်။

ဗုဒ္ဓဘာသာရဟန်းတော်တို့သည် အဝတ်သင်္ကန်းများ (၁၀)ရက်လွန်လျှင် အာပတ်အပြစ်ရှိသည်ဟု မသိ၍ဖြစ်စေ၊ မေ့နေ၍ဖြစ်စေ၊ အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာမပြုဘဲ (၁၀)ရက် ကျော်လွန်

http://www.dhammadownload.com



နေသော အဝတ်သင်္ကန်းတို့ကို ကိုယ်တိုင်ကိုယ်တိုင်း အပြစ်ရှိ၏။ ဒုက္ကဋ်အာပတ်သင့်၏။ သို့ဖြစ်၍(၁၀)ရက်မလွန်မီ အဓိဋ္ဌာန်တင် ဝိကပ္ပနာပြုကြရသည်။

"သင်္ကန်းအဝတ်အထည်တို့ကို အဓိဋ္ဌာန်တင်ပုံ"

သင်္ကန်းတစ်ထည် = ဣမံ စီဝရံ ပရိက္ခာရ စောဠံ အဓိဋ္ဌာမိ- ဟု ဆို၍ တင်ရပါသည်။

အနက်။ ။ဣမံစီဝရံ=ဤသင်္ကန်းကို၊ပရိက္ခာရစောဠံ= အသုံးအဆောင် သင်္ကန်းဟူ၍၊ အဓိဋ္ဌာမိ= အဓိဋ္ဌာန်တင်ပါ၏။

"ဤသင်္ကန်းကို အသုံးအဆောင် သင်္ကန်း ဟူ၍ အဓိဋ္ဌာန်တင်ပါ၏"ဟု မြန်မာလိုဆို၍ လည်း တင်နိုင်ပါသည်။

သင်္ကန်းအများကို = "ဣမာနိ စီဝရာနိ ပရိက္ခာရ စောဠာနိ အဓိဋ္ဌာမိ"ဟု ဆို၍ တင်ရပါသည်။

အနက်။ ။ဣမာနိ စီဝရာနိ= ဤ သင်္ကန်းတို့ကို၊ ပရိက္ခာရ စောဠာနိ= အသုံးအဆောင် သင်္ကန်းတို့ ဟူ၍၊ အဓိဋ္ဌာမိ=အဓိဋ္ဌာန် တင်ပါ၏။

"ဤ သင်္ကန်းတို့ကို အသုံးအဆောင် သင်္ကန်းတို့ဟူ၍ အဓိဋ္ဌာန်တင်ပါ၏"ဟု မြန်မာလိုဆို၍လည်း တင်နိုင်ပါသည်။

http://www.dhammadownload.com



အလျား(၀)တောင်ထွာ၊ အနံ(၁)ထွာ(၆)သစ်ရှိ မျက်နှာသုတ် ပဝါစသည်များကို အဓိဋ္ဌာန်တင်သောအခါ...

မျက်နှာသုတ်ပဝါတစ်ထည်ကို= "ဣမံ(မုခပုဉ္ဆနစောဠံ) ပရိက္ခာရစောဠံ အဓိဋ္ဌာမိ" ဟု ဆို၍ တင်ရပါသည်။

အနက်။ ။"ဣမံ(မုခပုဉ္ဆနစောဠံ) = ဤမျက်နှာသုတ်ပဝါကို၊ ပရိက္ခာရစောဠံ= အသုံးအဆောင် မျက်နှာသုတ်ပဝါဟူ၍၊ အဓိဋ္ဌာမိ=အဓိဋ္ဌာန်တင်ပါ၏။

"ဤမျက်နှာသုတ်ပဝါကိုအသုံးအဆောင် မျက်နှာသုတ် ပဝါဟူ၍ အဓိဋ္ဌာန်တင်ပါ၏" ဟု မြန်မာလို ဆို၍လည်း တင်နိုင်ပါသည်။

(မျ)က်နှာသုတ်ပဝါများကို=ဣမာနိ (မုခပုဉ္ဆနစောဠာနိ)ပရိက္ခာရ စောဠာနိ အဓိဋ္ဌာမိ" ဟု ဆို၍ တင်ရပါသည်။

အနက်။ ။ဣမာနိ (မုခပုဉ္ဆနစောဠာနိ)=ဤမျက်နှာသုတ်ပဝါတို့ကို၊ ပရိက္ခာရ စောဠာနိ = အသုံးအဆောင် မျက်နှာ

http://www.dhammadownload.com



သုတ်ပဝါတို့ ဟူ၍၊ အဓိဋ္ဌာမိ = အဓိဋ္ဌာန်တင်ပါ၏။

"ဤမျက်နှာသုတ်ပဝါတို့ကို အသုံးအဆောင် မျက်နှာ သုတ် ပဝါ တို့ ဟူ၍ အဓိဋ္ဌာန် တင်ပါ၏" ဟု မြန်မာလို ဆို၍လည်း၊ တင်နိုင်ပါသည်။

အခင်း တစ်ထည်ကို = "ဣမံ(ပစ္စတ္ထရဏံ)ပရိက္ခာရ စောဠံ အဓိဋ္ဌာမိ" ဟု ဆို၍ တင်ရပါသည်။

အနက်။ ။ဣမံ (ပစ္စတ္ထရဏံ) = ဤအခင်းကို ပရိက္ခာရစောဠံ = အသုံးအဆောင် အခင်းဟူ၍၊ အဓိဋ္ဌာမိ = အဓိဋ္ဌာန် တင်ပါ၏။

"ဤအခင်းကို အသုံးအဆောင် အခင်းဟူ၍ အဓိဋ္ဌာန် တင်ပါ၏" ဟု မြန်မာလို ဆို၍လည်း၊ တင်နိုင်ပါသည်။

အခင်းများကို = "ဣမာနိ(ပစ္စတ္ထရဏာနိ) ပရိက္ခာရ စောဠာနိ အဓိဋ္ဌာမိ" ဟု ဆို၍ တင်ရပါသည်။

http://www.dhammadownload.com



အနက်။ ။ဣမာနိ(ပန္စတ္တာရကာနိ)–ဤအခင်း တို့ကို၊ ပရိက္ခာရစောဠာနိ– အသုံး အ ဆောင် အ ခင်း တို့ ဟူ၍၊ အဓိ ဋ္ဌာမိ–အဓိဋ္ဌာန်တင်ပါ၏။

"ဤအခင်းတို့ကို အသုံးအဆောင် အခင်းတို့ဟူ၍ အဓိဋ္ဌာန်တင်ပါ၏" ဟု မြန်မာလို ဆို၍လည်း တင်နိုင် ပါသည်။

## "(၁၀)ရက်လွန်၍ စွန့်ပုံနှင့် ကုစားပုံ"

အဓိဋ္ဌာန်မတင်၊ ဝိကပ္ပနာမပြုမိ၍ (၁၀)ရက် ကျော်လွန် သောအခါ....

သင်္ကန်းတစ်ထည်ကို – "ဣဒံ မေ ဘန္တေ စီဝရံ ဒသာဟာ တိက္ကန္တံ နိဿဂ္ဂိယံ၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟု ဆို၍ ရဟန်း တစ်ပါးထံ စွန့်ရပါသည်။

"အရှင်ဘုရား....တပည့်တော်၏ ဤသင်္ကန်းသည် (၁၀) ရက်လွန်သွား၍ နိဿဂ္ဂိဖြစ်၏။ ဤသင်္ကန်းကို အရှင် ဘုရားအား စွန့်ပါ၏" ဟု မြန်မာလိုဆို၍လည်း ရဟန်း တစ်ပါးထံ စွန့်နိုင်ပါသည်။

သင်္ကန်းကို စွန့်ပြီးသောအခါ ဒေသနာပြောကြား၍ ပါစိတ် အာပတ်ကို ကုစားရပါသည်။

http://www.dhammadownload.com



ဒေသနာပြောကြား ကုစားပြီးသော အခါ သက်နှံးလက်ခံထားသော ရဟန်းက "ဣမံ စီဝရံ အာယသ္မတော ဒမ္မိ" ဟု ဆို၍ ပြန်ပေးရပါသည်။

"ဤသင်္ကန်းကို အရှင်ဘုရားအား ပြန်ပေးပါ၏" ဟု မြန်မာလို ဆို၍လည်း ပေးနိုင်ပါသည်။

ဤသို့ သင်္ကန်းကို ပြန်ရပြီးသောအခါ အဓိဋ္ဌာန်သော်လည်း တင်ထားရပါသည်။ ဝိကပ္ပနာသော်လည်း ပြုထားရပါသည်။

သင်္ကန်းအများကို။ ။"ဣမာနိ မေ ဘန္တေ စီဝရာနိ ဒသာဟာတိက္ကန္တာနိ နိဿဂ္ဂိယာနိ ဣမာနဟံ အာယသ္မတော နိဿဇ္ဇာမိ" ဟု ဆို၍ ရဟန်းတစ်ပါးထံ စွန့်ရပါသည်။

"အရှင်ဘုရား....တပည့်တော်၏ ဤ–သင်္ကန်းတို့သည် (၁၀)ရက် လွန်ကုန်၍ နိဿဂ္ဂိတို့ ဖြစ်ကုန်၏။ ဤသင်္ကန်းတို့ကို အရှင်ဘုရားအား စွန့်ပါ၏" ဟု မြန်မာလို ဆို၍လည်း ရဟန်းတစ်ပါးထံ စွန့်နိုင်ပါသည်။

သင်္ကန်းများကို စွန့်ပြီးသောအခါ ဒေသနာကြား၍ ပါစိတ်အာပတ်ကို ကုစားရပါသည်။ ဒေသနာကြား၍ ကုစားပြီးသောအခါ၊ သင်္ကန်းများကို လက်ခံထားသော ရဟန်းက.... "ဣမာနိ စီဝရာနိ အာယသ္မတော ဒမ္မိ" ဟု ဆို၍ ပြန်ပေးရပါသည်။

http://www.dhammadownload.com



ဤသင်္ကန်းတို့ကို အရှင်ဘုရားအား ပြန်ပေးပါ၏”ဟု မြန်မာဆိုလို၍လည်း ပေးနိုင်ပါသည်။

ဤသို့ သင်္ကန်းများ ပြန်ရပြီးသောအခါ အရိုအသေ့ဒါန်းသော်လည်း တင်ထားရပါသည်။ ဝိကပ္ပနာသော်လည်း ပြုထားရပါသည်။

မျက်နှာသုတ်ပဝါနှင့် အခင်းတို့၏ စွန့်ပုံနှင့် ကုစားပုံတို့ကိုလည်း သင်္ကန်းကိုစွန့်ပုံ၊ ကုစားပုံနှင့် အလားတူသာ ပြုလုပ်ရပါသည်။ မုခပုဉ္ဆ၊ ပစ္စတ္ထရဏ-ဟူ၍ ဆိုရသည်မျှသာ ထူးပါသည်။

## “သင်္ကန်းထစ်ထည် ဝိကပ္ပနာပြုပုံ”

ရဟန်းတစ်ပါးထံ ချဉ်းကပ်၍....

“ဣမံ စီဝရံ တုယှံ ဝိကပ္ပေမိ”ဟု ဆို၍ သင်္ကန်းကို ပေးရပါသည်။

အနက်။ ။ဣမံ စီဝရံ=ဤသင်္ကန်းကို၊ တုယှံ=အရှင်ဘုရားအား၊ ဝိကပ္ပေမိ=အပ်အောင်ပြုဖို့ရာ အပ်နှင်းပါ၏။

“ဤသင်္ကန်းကို အပ်အောင်ပြုဖို့ရာအရှင်ဘုရားအားအပ်နှင်းပါ၏” ဟု မြန်မာလို ဆို၍လည်း ဝိကပ္ပနာ ပြုနိုင်ပါသည်။

သင်္ကန်းကိုခံယူသောရဟန်းက “မယှံ သန္တကံ ပရိဘုဉ္ဇဝါ ဝိဿဇ္ဇေဟိဝါ ယထာပစ္စယံ ကရောဟိ” ဟု ဆို၍ ပြန်ပေးရပါသည်။

http://www.dhammadownload.com



"တပည့်တော်ပိုင်သောသက်န်းကို သုံးလိုလျှင်လည်းသုံးပါ။ စွန့်လိုလျှင်လည်းစွန့်ပါ။ အလိုရှိတိုင်း အသုံးပြုပါ" ဟု မြန်မာလို ဆို၍လည်း ပြန်ပေးနိုင်ပါသည်။

"သင်္ကန်းများကို ဝိကပ္ပနာပြုပုံ"

ရဟန်းတစ်ပါးထံ ချဉ်းကပ်၍-

ဣမာနိ စီဝရာနိ တုယှံ ဝိကပ္ပေမိ" ဟုဆို၍ သင်္ကန်းတို့ကို ပေးရပါသည်။

အနက်။ ။ဣမာနိ စီဝရာနိ–ဤသင်္ကန်းတို့ကို၊ တုယှံ–အရှင်ဘုရားအား၊ဝိကပ္ပေမိ= အပ်အောင်ပြုဖို့ရာ အပ်နှင်းပါ၏။

"ဤသင်္ကန်းတို့ကို အပ်အောင်ပြုဖို့ရာ အရှင်ဘုရားအား အပ်နှင်းပါ၏" ဟု မြန်မာလိုလည်း ဆိုနိုင်ပါသည်။

သင်္ကန်းတို့ကို ခံယူသောရဟန်းက-

"မယှံ သန္တကာနိ ပရိဘုဥ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ" ဟု ဆို၍ ပြန်ပေးရပါသည်။

"တပည့်တော်ပိုင်သောသင်္ကန်းတို့ကို သုံးလိုလျှင်သည်း သုံးပါ။ စွန့်လိုလျှင်လည်းစွန့်ပါ၊ အလိုရှိတိုင်းအသုံးပြုပါ" ဟု မြန်မာလိုဆို၍လည်း ပြန်ပေးနိုင်ပါသည်။

## တိစီဝရိတ် အဓိဋ္ဌာန်

တိစီဝရိတ် အဓိဋ္ဌာန်တင်နိုင်သော သင်္ကန်းတို့၏ အလျားအနံ ပမာဏမှာ ဒုကုဋ်နှစ်ထပ်သင်္ကန်းကြီးနှင့် ကိုယ်ရှိ ကောသီ

http://www.dhammadownload.com



သက်န်းတို့သည် အလျားအားဖြင့် ၄-တောင်နှင့် တောင်ဆုပ် ၁-ခုရှိရမည် ဖြစ်ပါသည်၊ သာသနာတော် အခေါ်အားဖြင့် ၅-တောင်ဆုပ် ဟုခေါ်ပါသည်၊ အနံအားဖြင့် ၂-တောင်နှင့် တောင်ဆုပ် ၁-ခု ရှိရမည်ဖြစ်ပါသည်၊ သာသနာတော်အခေါ် အားဖြင့် ၃-တောင်ဆုပ်ဟု ခေါ်ပါသည်။

ဆောင်ပုဒ်။ ။ငါးတောင် တောင်ဆုပ်၊ သုံးတောင်ဆုပ်၊ ဒုကုဋ် ကိုယ်ရုံမှာ။

အတွင်းမှတ်ရသော ခါးဝတ်သင်းပိုင်သည် အလျားအား ဖြင့် ဒုကုဋ် ကိုယ်ရုံတို့နှင့် တူပါသည်၊ ၅-တောင် တောင်ဆုပ် ရှိရမည်ဖြစ်ပါသည်၊ အနံအားဖြင့် ၂-တောင် ရှိရမည် ဖြစ်ပါ သည်။

ဆောင်ပုဒ်။ ။အလျားထိုဟန်၊ နှစ်တောင်နံ၊ တင်ရန် သင်းပိုင်မှာ။

ဤသို့ ဒုကုဋ်နှင့် ကိုယ်ရုံတို့၌ အလျား ၅-တောင် တောင် ဆုပ်၊ အနံ ၃-တောင် တောင်ဆုပ်ရှိမှ တိစီဝရိတ် အဓိဋ္ဌာန် တင်လို့ရပါသည်၊ ထို့အောက်ငယ်လျှင် တိစီဝရိတ် အဓိဋ္ဌာန် တင်လို့မရပါ၊ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်လို့ရပါသည်။

သင်းပိုင်၌ အလျား ၅-တောင် တောင်ဆုပ်၊ အနံ ၂-တောင် ရှိမှ တိစီဝရိတ် အဓိဋ္ဌာန် တင်လို့ ရပါသည်၊ ထိုအောက်ငယ် လျှင် တိစီဝရိတ် အဓိဋ္ဌာန် တင်လို့မရပါ၊ ပရိက္ခာရစောဠ အဓိဋ္ဌာန် တင်လို့ရပါသည်။

http://www.dhammadownload.com



ယခု ပြခဲ့ပြီးသော တိစီဝရိတ် အဓိဋ္ဌာန်တင်ရမည့် သင်္ကန်း တို့၏ အတိုင်းအတာ ပမာဏသည် ဝိနယသံခိပ်ကျမ်း စသည် တို့၌ ပြအပ်သော အတိုင်းအတာ ပမာဏဖြစ်ပါသည်။

အရှင် ဇနကာဘိဝံသ၏ ဝိနည်းဘာသာ ဋီကာကျမ်းများ၌ သင်္ကန်းအတိုင်းအတာကိုပြရာတွင် တောင်ရှည်မပါ၊ လက်ဆုပ် အတောင် သက်သက်ဖြင့် တိုင်းတာ၍လည်းပြပါသည်၊ သို့ဖြစ်၍ ဒုကုဋ်နှင့် ကိုယ်ရုံတို့၏ အလျားမှာ လက်ဆုပ်တောင် ၅-တောင်၊ အနံမှာ လက်ဆုပ်တောင် ၃-တောင် ဖြစ်ပါသည်၊ သင်းပိုင်၏ အလျားမှာ လက်ဆုပ်တောင် ၅-တောင် အနံမှာ ၂-တောင် ဖြစ်ပါသည်၊ မိမိတို့ နှစ်သက်ရာကို ယူနိုင်ကြပါသည်။

တိစီဝရိတ် အဓိဋ္ဌာန်တင်၍ ဆောင်လိုသော ရဟန်းများ အတွက် ဒုတိယကထိန သိက္ခာပုဒ်တစ်ရကို မြတ်စွာဘုရားပညတ် တော်မူခဲ့ပါသည်။သင်းပိုင်၊ ကိုယ်ရုံ၊ ဒုကုဋ်ဟူသော ဤသင်္ကန်း (၃)ထည်ကို တစ်ထည်စီ သုံးအမည်နှင့်သုံး အဓိဋ္ဌာန် တင်ရပါ သည်။ အဓိဋ္ဌာန်တင်ပြီးသောအခါ ဤသင်္ကန်းများနှင့် တစ်ညမျှ ကင်းကွာသို့မရ။ အရုဏ်မတက်မီ (၂)တောင့်ထွာအတွင်းမှာ အမြဲရှိနေရမည်။ (၂)တောင့်ထွာမှ ကင်းကွာ၍ အရုဏ်တက် သွားလျှင် သင်္ကန်းကိုလည်းစွန့်၊ ပါစိတ် အာပတ်ကိုလည်း ရဟန်းတစ်ပါးထံတွင် ဒေသနာမပြကြား၍ ကုစားရပါသည်။

"တိစီဝရိတ် အဓိဋ္ဌာန်တင်ပုံ"

"ဣမံ အန္တရဝါသကံ အဓိဋ္ဌာမိ"

ဤသင်းပိုင်ကို အဓိဋ္ဌာန်တင်ပါ၏ဟု ဆို၍ တင်ရပါသည်။

ဣမံ ဥတ္တရာသင်္ဂံ အဓိဋ္ဌာမိ။
"ဤကိုယ်ရုံသင်္ကန်းကို အဓိဋ္ဌာန်တင်ပါ၏" ဟု ဆို၍ တင်ရပါသည်။
ဣမံ သံဃာဋိံ အဓိဋ္ဌာမိ။
"ဤ ဒုကုဋ်ကို အဓိဋ္ဌာန်တင်ပါ၏" ဟု ဆို၍ တင်ရပါသည်။

## အဓိဋ္ဌာန်ချပုံ

ဤ စီဝရိတ် အဓိဋ္ဌာန် တင်၍ မဆောင်နိုင်သော အခါ၌ မဆောင်လိုသော အခါတို့၌ အဓိဋ္ဌာန် ချထားရပါသည်။

သင်းပိုင်ကို — ဣမံ အန္တရဝါသကံ ပစ္စုဒ္ဓရာမိ။
"ဤသင်းပိုင်ကို အဓိဋ္ဌာန်ချပါ၏" ဟု ဆို၍ ချရပါသည်။

ကိုယ်ရုံကို — ဣမံ ဥတ္တရာသင်္ဂံ ပစ္စုဒ္ဓရာမိ။
"ဤကိုယ်ရုံကို အဓိဋ္ဌာန်ချပါ၏" ဟု ဆို၍ ချရပါသည်။

ဒုကုဋ်သင်္ကန်းကို — ဣမံ သံဃာဋိံ ပစ္စုဒ္ဓရာမိ။
"ဤ ဒုကုဋ်ကို အဓိဋ္ဌာန်ချပါ၏" ဟု ဆို၍ ချရပါသည်။

သင်းပိုင်၊ ကိုယ်ရုံ၊ ဒုကုဋ်တို့ကို ပရိက္ခာရစောဠ အဓိဋ္ဌာန်တင်ခြင်း၊ ဝိကပ္ပနာပြုခြင်းတို့ကို ပြုလုပ်ထားပါက တိစီဝရိတ် အဓိဋ္ဌာန်မတင်သော်လည်း အာပတ်မသင့်၊ သို့ပါသော်လည်း ကုသိုလ်တရား တိုးပွားလိုသော အမျိုးကောင်းသား ရဟန်း

http://www.dhammadownload.com



တော်များအတွက် ကျင့်ကြံဖို့ရာ ဤ ဒုတိယကာလိန သိက္ခာပုဒ်ကို ပညတ်တော်မူခဲ့ခြင်း ဖြစ်ပါသည်။

သင်းပိုင်၊ကိုယ်ရုံ၊ဒုကုဋ်တို့ကို တိစီဝရိတ်အဓိဋ္ဌာန် တင်လျှင် တစ်ထည်စီသာ တင်ရမါသည်။ ပရိက္ခာရစောဠ အဓိဋ္ဌာန်တင် လျှင် အထည်များစွာ တင်နိုင်ပါသည်၊ မျဉ်နှာသုတ်၊ဝါ၊ အိပ်ရာခင်း၊ အထွေထွေသုံး အဝတ်ပိုင်းတို့ကို အထည်များစွာ တင်နိုင်ပါသည်။

## အဓိဋ္ဌာန်ပျက်ကြောင်း (၈)ပါး

ဆောင်ပုဒ်။ ။ ထွက်၊ယူ၊ပေး၊လု၊မစ္စ၊–လိင်ပြန်၊ အဓိဋ္ဌာန်ချ၊ သိက္ခာကျ၊ အဓိဋ္ဌာန်ပျက်ကြောင်းတည်း။

၁။ ထွက် =သိက္ခာမချဘဲ၊ သကင်္န်းကိုမင့်မှု၍ လူ ထွက်ခြင်း။

၂။ ယူ =အကျွမ်းဝင်သူများ ယူသွားခြင်း။

၃။ ပေး =သူတစ်ပါးတို့အား ပေးခြင်း။

၄။ လု =ခိုးသူ စသည်တို့ လုယူသွားခြင်း။

၅။ မစ္စ =ပျံလွှင့် (ပေ) သွားခြင်း။

၆။ လိင်ပြန် =ရဟန်းယောကျ်ားအဖြစ်မှ မိန်းမဖြစ် သွားခြင်း။

၇။ အဓိဋ္ဌာန်ချ =အဓိဋ္ဌာန်တင်ပြီးသည်ကို အဓိဋ္ဌာန်ပြန် ချခြင်း။

၈။ သိက္ခာကျ =လူထွက်လို၍ သိက္ခာချခြင်း၊ ပါရာဇိက အာပတ်သင့်၍ သိက္ခာကျခြင်းဟူသော

http://www.dhammadownload.com



ဤ (၈) ပါးသော အကြောင်းတို့ကြောင့် အဓိဋ္ဌာန် ထစ်ထား ပြီးသော အဓိဋ္ဌာန်သင်္ကန်းများ အဓိဋ္ဌာန် ပျက်ပါသည်။

### အမျိုးမစပ်သူတို့ထံ တောင်းရာ၌ သိဖွယ်ရာများ

ရဟန်းဖြစ်သူသည် အမျိုးမစပ်သော ဒကာ ဒကာမများ ထံ သင်္ကန်းတောင်းလျှင် ပြနိဿဂ္ဂိယပါစိတ် အာပတ်သင့်၏။ သင်္ကန်းကိုလည်း စွန့်ရပါသည်။ ပါစိတ် အာပတ်ကိုလည်း ဒေသနာကြား၍ ကုစားရပါသည်။ ဝိနည်းကံအရ ကုစားပြီးသောအခါ ထိုသင်္ကန်းကို ပြန်ရ၍သုံးဆောင်ကောင်း၏။

### တောင်းကောင်းသော အခါများ

သင်္ကန်းကို သူခိုး၊ ဓမြတို့ ခိုးယူ လုယူသွားသော အခါနှင့် မီးလောင်၊ ရေမျော၍ ပျက်စီးသွားသော အခါတို့၌ အမျိုးမစပ်သူတို့ထံ တောင်းကောင်း၏။ (၃)ထည် ပျောက်ဆုံးလျှင် သင်းပိုင်နှင့် ကိုယ်ရုံ (၂)ထည် တောင်းကောင်း၏။ (၂)ထည် ပျောက်ဆုံးလျှင် (၁)ထည် တောင်းကောင်း၏။ (၁)ထည် ပျောက်ဆုံး၍ (၂)ထည် ကျန်ရှိလျှင် တစ်ထည်မျှမတောင်းကောင်းတော့ပေ။

"သင်္ကန်းကို အလိုရှိသောအခါ တောင်းတော်မူပါ" ဟု ဖိတ်ကြားထားသော ဒကာ ဒကာမတို့ ထံ၌လည်း တောင်းကောင်း၏။ သို့သော် သံဃာအားလုံးအတွက် (သံဃိက) ဖိတ်ထားရာ၌ ဒါးဝတ်သင်းပိုင်နှင့် ကိုယ်ရုံ ဤနှစ်ထည်ကိုသာ

http://www.dhammadownload.com



တောင်းကောင်း၏။ တစ်ပါးတည်းအတွက် ပုဂ္ဂလိကဂိုက်ထား ရာ၌ အလိုရှိတိုင်း တောင်းကောင်း၏။

ဖိတ်ထားသူတို့ထံ၌ တောင်းရာတွင် တစ်ပါးသော ရဟန်း အတွက် ဖိတ်ထားသော ဒကာ ဒကာမများနှင့် ထိုရဟန်း၏ ဆွေမျိုးများထံ အခြား ရဟန်းတစ်ပါးက သွားတောင်းပေး လျှင် အာပတ်မသင့်၊ တောင်းကောင်း၏။

၁။ သက်န်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်း (၄) ပါးတို့ကို နှုတ်ဖြင့် တိုက်ရိုက်တောင်းခြင်းသည် "ဝိညတ်" မည်၏။

၂။ သက်န်း၊ ဆွမ်း၊ ကျောင်း၊ ဆေး၊ လိုချင်သည်ဟု တိုက် ရိုက်မဟုတ်ဘဲ တစ်နည်းနည်းဖြင့် အလိုကိုသိအောင်ပြုခြင်းသည် 'နိမိတ်'' မည်၏။

၃။ "ဒကာ....၊သင်နေသောအိမ်မျိုး၊သင်စားသောအစာ မျိုးတို့ကို ရဟန်းတို့အား မနေကောင်းမစားကောင်းသလော" စသည်ဖြင့် ပြောခြင်းသည် အရိပ်အခြေပြခြင်း "ဩဘာ" မည်၏။

၄။ "ဒကာ....၊ ရဟန်းတို့အား ကျောင်းကျဉ်းနေသည်၊ ဆွမ်းမပြည့်စုံ၊သင်္ကန်းနွမ်းပါးသည်၊ ဆေးမရှိဟုပြောခြင်းသည် ပရိယာယ်ပြောခြင်း "ပရိကထာ" မည်၏။

— ဆွမ်းနှင့်သင်္ကန်းတို့၌ ဝိညတ်၊နိမိတ်၊ဩဘာ၊ပရိကထာ (၄)မျိုးလုံး မိမိအတွက်လည်းမအပ်၊သူတစ်ပါးအတွက် လည်း မအပ်။

http://www.dhammadownload.com



- ကျောင်း၌ (ခုတင်မဆောင်ခဲ့သောရဟန်းအား) ဝိညတ်တစ်မျိုးသာ မအပ်၊ နိမိတ်၊ဩဘာသ၊ပရိကထာ(၃)မျိုး အပ်၏။
- ဆေး၌ မကျန်းမာသော ရဟန်းအား ဝိညတ်၊ နိမိတ်၊ ဩဘာသ၊ ပရိကထာ (၄)မျိုးလုံး အပ်၏။

## ရွှေ၊ ငွေကို မခံယူဘဲ ပယ်ရပုံ

ရဟန်း ဖြစ်သူသည် ရွှေ၊ ငွေကို မိမိကိုယ်တိုင်လည်း မခံယူအပ်။ သူတစ်ပါးကိုလည်း မိမိအတွက် မခံယူစေအပ်။ ခံယူမိလျှင် ရွှေ၊ ငွေကိုလည်း စွန့်ပစ်ရသည်။ ပါစိတ် အာပတ်ကိုလည်း ဒေသနာပြောကြား၍ ကုစားရပါသည်။

ဒကာ ဒကာမတို့ ရွှေ၊ ငွေ လာလှူလျှင် "ဤ ရွှေ၊ ငွေ တို့သည် ရဟန်းတို့အားမအပ်" ဟု ကိုယ်နှုတ်တို့ဖြင့် ပယ်အပ်၏။ စိတ်ဖြင့်သော်လည်း ဤ ရွှေ၊ ငွေတို့သည် ငါတို့အား မအပ်ဟု နှလုံးသွင်းရပါသည်။

ကိုယ် နှုတ်တို့ဖြင့်လည်း မပယ်အပ်၊ စိတ်အားဖြင့်လည်း သာယာ၍ ရွှေ ငွေကို ခံယူမိလျှင် သံဃာ အလယ်၌သာ စွန့်ရပါသည်။ လူတစ်ယောက်ယောက်ကို ခေါ်ခိုင်း၍ ရွှေ ငွေ တို့ကို စွန့်စေအပ်၏။ ထိုသူသည် မစွန့်ဘဲ သူပိုင်ပစ္စည်းအဖြစ် ယူလျှင် မတားမြစ်အပ်။ ထပ်ယီးစေသည် ဝယ်လှူပါဟူ၍လည်း မပြောကောင်း။ ဝယ်၍ လှူလျှင် ရွှေ ငွေ အလှူခံသော ရဟန်းမှ တစ်ပါးသောရဟန်းတို့ သုံးဆောင်ကောင်း၏။

http://www.dhammadownload.com



ရွှေ ငွေ အလှူခံသော ရဟန်း မသုံးဆောင်ကောင်း။ ထိုသစ်သီး၏ အစေ့မှ ဖြစ်ပေါ်လာသော သစ်ပင်၏ မှန်းတည့် အရိပ်၌ပင် မနေကောင်း။ နေလျှင် အာပတ်သင့်၏။

ရွှေ ငွေကို ခံယူမိလျှင် ဤကဲ့သို့ အပြစ်များလှသောကြောင့် သာယာ၍ ရွှေ ငွေကို ခံယူခြင်းမှ အထူး ရှောင်ကြဉ် သင့်လှပေသည်။

ရွှေ ငွေတို့မှ ဖြစ်ပေါ်လတ္တံ့သော ရဟန်းတော်တို့အား အပ်စပ်သော လိုရာရာ ပစ္စည်းများကို လှူဒါန်းပါ၏ဟု ဆိုကာ ကပ္ပိယထံ၌ အပ်နှံ၍ လှူဒါန်းလျှင် အပ်စပ်သော လှူဒါန်းခြင်း ဖြစ်ပေသည်။ ဒကာ ဒကာမများက မလှူဒါန်း တတ်သောကြောင့် ဆရာတော် သံဃာတော်များက အပ်စပ်အောင် ဆိုပေး၍ လှူဒါန်းစေလျှင်လည်း အပ်စပ်သော လှူဒါန်းခြင်း ဖြစ်ပါသည်။

ရဟန်း ဖြစ်သူသည် ရွှေ ငွေ တို့ဖြင့် အာဘယ် ပစ္စည်းကိုမှ လဲလှယ် ဖလှယ်၍ မယူအပ်။ လဲလှယ်၍ ခံယူမိလျှင် ပစ္စည်းကိုလည်း စွန့်ပစ်ရပါသည်။ ပါစိတ်အာပတ်ကိုလည်း ဒေသနာ ပြောကြား၍ ကုစားရပါသည်။

ရွှေ ငွေဖြင့် လဲလှယ်ယူ၍ရသော သပိတ်ကို စွန့်ပစ်ပြီးသော အခါ၌ ယင်းသပိတ်၏ သဲကို မြုလုပ်အပ်သော ငါးများချိတ် ဖြင့် မျှား(ဖမ်း)၍ ရသော ငါးကိုမင် ရွှေ ငွေ ဖြင့် လဲသော ရဟန်း မစားကောင်း၊ စားလျှင် အာပတ်သင့်၏။

http://www.dhammadownload.com



ပစ္စည်းချစ်းလဲရာတွင် သီတင်းသုံးဖော် ရဟန်းအခြာမထေရ်တို့ အချင်းချင်း အပ်သောပစ္စည်းကိုသာ လဲကောင်းပါသည်။ လူတို့နှင့် မည်သည့် ပစ္စည်းကိုမျှ မလဲကောင်း။ လဲလျှင် အာပတ်သင့်၏။

ရဟန်းဖြစ်သူသည် ရွှေ ငွေ မဟုတ်၊ သက်နီး စသော အပ်သော ပစ္စည်းအမျိုးမျိုးတို့ဖြင့် အပ်စပ်သော အသုံးအဆောင် ပစ္စည်း အမျိုးမျိုးတို့ကို ရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်း မပြုအပ်။ ပြုမိလျှင် ပစ္စည်းကိုလည်း စွန့်ပစ်ရပါသည်။ ပါစိတ်အာပတ်ကိုလည်း ဒေသနာပြောကြား၍ ကုစားရပါသည်။

မိဘတို့နှင့်သော်လည်း ပစ္စည်းချင်း မလဲကောင်း၊ လဲမိလျှင် ဤသိက္ခာပုဒ်ဖြင့် နိဿဂ္ဂိပါစိတ် အာပတ်သင့်၏။

ဤဆွမ်းကို စား၍ မြက်သုတ်သင် ရှင်းလင်းပေးလော့ ဟု ခိုင်းလျှင်လည်း လဲခြင်းပင်ဖြစ်၍ နိဿဂ္ဂိပါစိတ် အာပတ်သင့်၏၊ စွန့်စရာ ပစ္စည်းမရှိသဖြင့် ပါစိတ်အာပတ်ကို ဒေသနာ ပြောကြား၍ ကုစားရပါသည်။

ပစ္စည်း၏ ဈေးနှုန်းဟန်ပိုးကို မေးကောင်း၏။ ဤမျှ အဖိုးထားပါ ဟု ဈေးမဆစ်ကောင်း၊ ဈေးဆစ်လျှင် မအပ်သော စီရင်ခြင်း ဖြစ်၏။

## သပိတ်၌သိဖွယ်ရာ

ရဟန်းဖြစ်သူသည် မိမိအတွက် သပိတ် ရလာသောအခါ (၁၀)ရက် မလွန်မီ အဓိဋ္ဌာန်သော်လည်း တပ်ထားရသည်။

ဝိကပ္ပနာဝသော်လည်း ပြုထားရသည်။ ဤ နှစ်မျိုးတို့တွင် တစ်မျိုးမျိုးကို မပြုမိ၍ (၁၀)ရက် လွန်သွားပါက နိဿဂ္ဂိ ပါစိတ်အာပတ်သင့်၏။ သပိတ်ကိုလည်း စွန့်ရပါသည်။ ပါစိတ်အာပတ်ကိုလည်း ဒေသနာပြောကြား၍ ကုစားရပါသည်။

## သပိတ် အဓိဋ္ဌာန်တင်ပုံ

သပိတ်ပိုင်ရှင်ရဟန်းသည် သပိတ်ကို ကိုင်၍....

ဣမံ ပတ္တံ အဓိဋ္ဌာမိ= ဤသပိတ်ကို အဓိဋ္ဌာန်တင်ပါ၏ ဟု ဆို၍ တင်ရပါသည်။

## ဝိကပ္ပနာပြုပုံ

သပိတ်ပိုင်ရှင် ရဟန်းသည် ရဟန်းတစ်ပါးထံ ချဉ်းကပ်၍—

ဣမံ ပတ္တံ တုယှံ ဝိကပ္ပေမိ=ဤသပိတ်ကို အပ်အောင်ပြုဖို့ရာ အရှင်ဘုရားအား အပ်နှင်းပါ၏ ဟု ဆို၍ ထိုရဟန်းအား ပေးရပါသည်။

သပိတ်ကို လက်ခံသောရဟန်းက....

မယှံ သန္တကံ ပရိဘုဉ္ဇ ဝါ ဝိသဇ္ဇေဟိ ဝါ ယထာပစ္စယံ ကရောဟိ= တပည့်တော်ပိုင် သပိတ်ကို အသုံးပြုလိုက အသုံးပြုပါ၊ စွန့်လိုကစွန့်ပါ၊ အလိုရှိတိုင်း အသုံးပြုပါ ဟု ဆို၍ သပိတ်ပိုင်ရှင်ရဟန်းအား ပြန်ပေးရပါသည်။

သပိတ်ကို တစ်လုံးသာ အဓိဋ္ဌာန်တင်ကောင်းပါသည်။ နှစ်လုံး၊ သုံးလုံး စသည်တို့ကို အဓိဋ္ဌာန် မတင်ကောင်း။ တစ်လုံးကို

http://www.dhammadownload.com



အဓိဋ္ဌာန် တင်ထားပြီးသောအခါ နောက်ထပ် ရလာသော သပိတ်များကို ဝိကပ္ပနာပြု၍ ထားရပါသည်။

မူလသပိတ် မကောင်းလို့ဖြစ်စေ၊ ဟောင်းလို့ဖြစ်စေ သပိတ်သစ်ကို အသုံးပြုလိုပါက မူလသပိတ်ဟောင်းကို "ဣမံ ပတ္တံ ပစ္စုဒ္ဓရာမိ = ဤသပိတ်ကို စွန့်ပါ၏"ဟု ဆို၍ စွန့်ရပါသည်။ သပိတ်သစ်ကို အဓိဋ္ဌာန် တင်လိုက အဓိဋ္ဌာန် တင်ရပါသည်။ ဝိကပ္ပနာပြုလိုက ဝိကပ္ပနာပြုရပါသည်။ သပိတ်ဟောင်းကိုလည်း အသုံးပြုလိုက ဝိကပ္ပနာ ပြုထားရပါသည်။

## (၁၀) ရက်လွန်၍ ကုစားပုံ

(၁၀)ရက် လွန်သော သပိတ်ကိုယူကာ ရဟန်းတစ်ပါးထံ ချဉ်းကပ်၍...

"အယံ မေ ဘန္တေ ပတ္တော ဒသာဟာတိက္ကန္တော နိဿဂ္ဂိယော၊ ဣမာဟံ အာယသ္မတော နိဿဇ္ဇာမိ"ဟု ဆို၍ ပေးရပါသည်။

တပည့်တော်၏ ဤသပိတ်သည် (၁၀)ရက်လွန်၍ နိဿဂ္ဂိ ဖြစ်၏။ ဤသပိတ်ကို အရှင်ဘုရားအား ပေးစွန့်ပါ၏ ဟု မြန်မာလို ဆို၍လည်း စွန့်နိုင်ပါသည်။

စွန့်ပြီးသောအခါ ပါစိတ်အာပတ်ကို ဒေသနာပြုကြား၍ ကုစားရပါသည်။ ထို့နောက် သပိတ် လက်ခံထားသော ရဟန်းက...

http://www.dhammadownload.com



"ဣမံ မတ္တံ အာယသ္မတော ဒမ္မိ"— ဤသပိတ်ကို အရှင်ဘုရားအား ပြန်ပေးပါ၏ ဟု ဆို၍ သပိတ်ပိုင်ရှင် ရဟန်းအား ပြန်ပေးရပါသည်။ ပိုင်ရှင်ရဟန်းသည် သပိတ်ကို အဓိဋ္ဌာန်တင်သော်လည်း တင်ထားရပါသည်။ ဝိကပ္ပနာသော်လည်း ပြုထားရပါသည်။

ရဟန်း ဖြစ်သူသည် ထောပတ်၊ ဆီ၊ ထောပတ်ဖြစ်လုနီး ဆီဦး၊ ပျားရည်၊ တင်လဲ ဟူသော ဤ(၅)မျိုးသော ဆေးတို့ကို အကပ်ခံပြီးသောနေ့မှစ၍ (၇)ရက်သာ သုံးဆောင်ကောင်းပါသည်။ (၇) ရက် လွန်သွားလျှင် ဆေးပစ္စည်းကိုလည်း စွန့်ရပါသည်။ ပြန်ပေး၊ ပြန်ကပ်ပါသော်လည်း မသုံးဆောင်ကောင်းပါ။ ပါစိတ် အာပတ်ကိုလည်း ဒေသနာ ပြောကြား၍ ကုစားရပါသည်။

ထောပတ်၊ ဆီ၊ ဆီဦး၊ ပျားရည်၊ တင်လဲ ဟူသော ဆေး (၅)မျိုးကို (၇)ရက်မလွန်မီ လိမ်းဆေးအဖြစ်ဖြင့် ထားတော့အံ့ဟု ဆောက်တည်၍ ထားသည်ရှိသော် (၇)ရက်လွန်သော်လည်း အာပတ်မသင့်။ ရက်များစွာလွန်ပြီးမှ စားလိုလျှင် အကပ်ခံ၍ (၇)ရက် သုံးဆောင်ကောင်းပါ၏။

ရဟန်းဖြစ်သူသည် သံဃာအားလှူမည်ဟု ရည်ညွှန်းပြီးသော ပစ္စည်းကို သိလျက်နှင့် မိမိအား ညွှတ်စေ၊ လှူစေလျှင် နိဿဂ္ဂိ ပါစိတ် အာပတ်သင့်၏။ ပစ္စည်းကိုလည်းစွန့်၊ အာပတ်ကိုလည်း

ဒေသနာပြောကြား၍ ကုစားရပါသည်။ ကုစားပြီးသောအခါ ဝန္ဒနာကို အထုံးပြုလောင်း၍

နိဿဂ္ဂိယပါစိတ် သိက္ခာပုဒ်များ ပြီးပါပြီ။

* * *

"ဒေသနာကြား၍ အာပတ်ကုစားပုံ"

မိမိအာပတ်ကို ကုစားလိုသောအခါ ရဟန်းတစ်ပါးဝယ် ချဉ်းကပ်၍....

(ငယ်)။ ။အဟံ ဘန္တေ သဗ္ဗာ အာပတ္တိယော အာဝိကရောမိ။

တပည့်တော်သည် အလုံးစုံသော အာပတ်တို့ကို ထင်ရှားပြောကြားပါသည် အရှင်ဘုရား။

(ကြီး)။ ။သာဓု၊ သာဓု၊ သာဓု

ကောင်းပါတယ်၊ ကောင်းပါတယ်၊ ကောင်းပါတယ်၊ ပြောကြားပါ။

(ငယ်)။ ။အဟံဘန္တေ သမ္ဗဟုလာ နာနာဝတ္ထုကာ သဗ္ဗာ အာပတ္တိယော အာပဇ္ဇိံ၊ တာ တုမှမူလေ ပဋိဒေသေမိ။

http://www.dhammadownload.com



အကြောင်းအမျိုးမျိုးတို့ကြောင့် သင့်ကုန်သော အာပတ်တို့ တပည့်တော်မှာ ရှိနေပါသည် အရှင်ဘုရား။

ထို အလုံးစုံသော အာပတ်တို့ကို အရှင်ဘုရား ထံမှာ ပြောကြားပါ၏။

(ကြီး)။ ။ပဿသိ အာဝုသော တာအာပတ္တိယော။

သင့်နေသောအာပတ်တို့ကို ငါ့ရှင် မြင်အောင် ကြည့်ပါ။

(ငယ်)။ ။အာမဘန္တေ ပဿာမိ။

သင့်နေသော အာပတ်တို့ကို မြင်ပါပြီ အရှင်ဘုရား။

(ကြီး)။ ။အာယတိံ အာဝုသော သံဝရေယျာသိ။

ငါ့ရှင်... နောင်အခါ အာပတ် မသင့်အောင် စောင့်စည်းပါ။

(ငယ်)။ ။သာဓု၊ သုဋ္ဌုဘန္တေ သံဝရိဿာမိ။

ကောင်းပါပြီ၊ မသင့်အောင် ကောင်းစွာ စောင့်စည်းပါမည် အရှင်ဘုရား။

(ကြီး)။ ။သာဓု၊ သာဓု၊ သာဓု။

ကောင်းပါပြီ၊ ကောင်းပါပြီ၊ ကောင်းပါပြီ။

အငယ်ဒေသနာပြောကြားပုံ ပြီးပါပြီ။

* * *

http://www.dhammadownload.com



## ကျူးလွန်မိက ဒေသနာပြောကြား၍ ကုစားရသော သိက္ခာပုဒ်များ

တစ်ကြိမ်တစ်ခါ ကျူးလွန်မိလျှင် ရဟန်း တစ်ပါးပါးထံ ဒေသနာပြောကြား၍ ကုစားရသော သိက္ခာပုဒ် (၉၂) ပါး ရှိပါသည်၊ "ပါစိတ်" လို့ ခေါ်ပါသည်၊ အပါယ်ရေဲသို့ကျ ရောက်စေသည်- ဟု ဆိုလိုပါသည်။

ထို (၉၂) ပါးသောသိက္ခာပုဒ်တို့တွင် ဗုဒ္ဓဘာ ရဟန်းတော်တို့ ကျူးလွန်မိ၍ အာပတ်(အပြစ်) သင့်တတ်သော သိက္ခာပုဒ်များ ကိုသာ ဖော်ပြပါမည်။

(၁) ရဟန်းဖြစ်သူသည် လူ၊ သာမဏေ၊ တိရစ္ဆာန်ထီး တို့နှင့် အမိုးအကာရှိသောကျောင်း၌ (၃) ညထက်အလွန် အိပ် လျှင် ပါစိတ် အာပတ်သင့်၏၊ ဒေသနာ ပြောကြား၍ ကုစားရပါသည်။

သို့ဖြစ်၍ ဗုဒ္ဓဘာရဟန်းတော်သည် လူ၊သာမဏေ၊တိရစ္ဆာန် ထီးတို့ရှိသောကျောင်း၌အိပ်သောအခါ အရုဏ်မတက်မီ အိပ်ရာ မှ ထကြရပါသည်။ မထဘဲ အိပ်ခဲ့သော် (၄)ရက်မြောက်နေ့ နေဝင်သည်မှစ၍အိပ်လျှင် ပါစိတ်အာပတ်သင့်၏။ ထ၍ပြန်အိပ် တိုင်း- ပြန်အိပ်တိုင်း ပါစိတ်အာပတ်များ ထပ်၍ထပ်၍ သင့်၏။

(၂) ရဟန်းဖြစ်သူသည် အမျိုးသမီးနှင့် တမိုးဘတ်ရုံတည်း သောကျောင်း၌ တစ်ညမျှအတူမအိပ်ရ။ အတူအိပ်လျှင်

http://www.dhammadownload.com



ပါစိတ်အာပတ်သင့်၏။ ဒေသနာပြောကြား၍ ကုစား ရပါသည်။

တစ်မိုးတစ်ရံတည်းသော အဆောက်အအုံ၌ အမျိုးသမီး များနှင့် မရှောင်လွှဲသာ၍ အတူတကွ အိပ်ကြရသောအခါတွင် အမျိုးသမီးများက အိပ်နေသောအခါ ရဟန်းတော်ကထိုင်နေ လျှင်၊ ရဟန်းတော်က အိပ်သောအခါ အမျိုးသမီးများက ထိုင် နေလျှင် အာပတ်သင့်ခြင်းမှလွတ်၏။

(၃) ရဟန်းဖြစ်သူသည်(၈၂)တောင်အတွင်း၌ ကောင်း/ ဆိုးစကားကိုနားလည်သောလူယောကျ်ားတစ်ယောက် မရှိပါဘဲ အမျိုးသမီးအား (၆)ခွန်းထက်အလွန် ပါဠိ ဓမ္မဖြင့် တရားဟောလျှင် ပါစိတ်အာပတ်သင့်၏။ ဒေသ နာပြောကြား၍ ကုစားရပါသည်။

(၄) ရဟန်းဖြစ်သူသည် ကျောက်စရစ်၊ အိုးခြမ်းကွဲ၊ သဲ- ထက်ဝက်မရောသောမြေကို ကိုယ်တိုင်တူးလျှင်၊ သူတစ် ပါးကိုတူးစေလျှင် ပါစိတ်အာပတ် သင့်၏။ ဒေသနာ ပြောကြား၍ ကုစားရပါသည်။

ကျောက်စရစ်၊ အိုးခြမ်းကွဲ၊ သဲထက်ဝက်ထက် ပို၍ရောနေ သော မြေဖြစ်ပါက ကိုယ်တိုင်တူး၊ စေခိုင်း၍ တူးသော်လည်း အာပတ်မသင့်။ တူးကောင်းပါသည်။

(၅) ရဟန်းဖြစ်သူသည် စိမ်းစိုရှင်သန်နေသော မြက်ပင်များ၊ သစ်ပင်များကိုဖြတ်လျှင်/ဖျက်ဆီးလျှင် ပါစိတ်အာပတ်

http://www.dhammadownload.com



သင့်၏။ ဒေသနာပြောကြား၍ ကုစားရပါသည်။

အပင် ပေါက်နိုင်သော မျိုးစေ့ကို ခွဲ-ဖောက်-ဖျက်ဆီး လျှင် ဒုက္ကဋ်အာပတ် သင့်၏။ ဒေသနာ ပြောကြား၍ ကုစားရပါသည်။

အပင် ပေါက်နိုင်သော အညွန့်နှင့် အခုံစေ့တို့ကို စားသုံးလို သောအခါ လက်သည်း၊ မီး၊ ဓားတို့ဖြင့် ကပ္ပိပြီးမှ စားသုံး ရပါသည်။

"ကပ္ပိပုံ"

ရဟန်းလက်ဖြင့် ကိုင်ထားသော စားဖွယ်အညွန့်၊ အခုံစေ့တို့ကို ရဟန်းက ကပ္ပိယံကရောဟိ-ဟု ဆိုလျှင် လူဖြစ်စေ၊ သာမဏေ ဖြစ်စေ၊ တစ်ယောက်ယောက်က "ကပ္ပိယံ ဘန္တေ" ဟု ဆို၍ လက်သည်းဖြင့် ဆိတ်-ဖြတ် ရ၏။ ဓားယော်ဖြင့် သော်လည်း ပေါက်ရုံ-ဖြတ်ရုံ လှီးဖြတ်ရ၏။

(၆) ရဟန်းဖြစ်သူသည် ပိုးရှိသောရေကို ပိုးရှိမှန်း သိလျက် မြက်ပေါ်, မြေပေါ်တို့၌ သွန်-လောင်းလျှင် ပါစိတ် အာပတ်သင့်၏။ ဒေသနာပြောကြား၍ကုစားရပါသည်။

ပိုးကောင်ကျ၍သေမည်ကို သိလျက်နှင့် ကုသိုလ်ဖြစ် ဘုရား မီးထွန်းသောရဟန်းအား ပါစိတ်အာပတ်သင့်၏။ သိက္ခာပုဒ်ကို မသိသောရဟန္တာပုဂ္ဂိုလ်အားလည်း ပါစိတ်အာပတ်သင့်နိုင်၏။

http://www.dhammadownload.com



(၇) ရဟန်းဖြစ်သူသည် (၄)ပါး (၅)ပါးထက်အလွန် ဖြစ်သော ရဟန်းတို့ကို ထမင်းစားကြွပါ-စသည်ဖြင့် မအပ်သော ဖိတ်ခြင်းမျိုးဖြင့် ဖိတ်သော ဆွမ်းကိုစားလျှင် ပါစိတ်အာပတ် သင့်၏။ ဆွမ်းစားကြွပါ စသည်ဖြင့် ပင့်ဖိတ်လျှပ် စားကောင်း၏၊ အာပတ်မသင့်။

(၈) ရဟန်းဖြစ်သူသည် ရှေ့ရှေ့ပင့်ဖိတ်သူ၏ ဆွမ်းကို မစားဘဲ နောက်နောက်ပင့်ဖိတ်သူ၏ ဆွမ်းကို စားလျှင် ပါစိတ် အာပတ်သင့်၏။

(၉) ရဟန်းဖြစ်သူသည် မွန်းလွဲသောအခါ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်ကို စားလျှင် ပါစိတ်အာပတ်သင့်၏။

မွန်းလွဲသောအခါ ဆာလျှင် ဖျော်ရည်(ယာမကာလိက) ကို အကပ်ခံ၍ သုံးဆောင်ကောင်း၏။

အနာရောဂါ ရှိလျှင် ထောပတ်၊ ဆီ၊ ဆီဦး၊ ပျားရည်၊ တင်လဲ၊(သတ္တာဟကာလိက)ကို အကပ်ခံ၍ (၇)ရက်သုံးဆောင်ကောင်း၏။

သကြား မပါသော ပရဆေး၊ အင်္ဂလိပ်ဆေး၊ (ယာဝဇီဝက)ကို အကပ်ခံ၍ တစ်သက်လုံးသုံးဆောင်ကောင်း၏။

(၁၀) ရဟန်းဖြစ်သူသည် အကပ်ခံပြီး၍တစ်ညသိမ့်သိမ်းဆည်းထားသော ခဲဖွယ်ဘောဇဉ်ကိုစားလျှင် ပါစိတ်အာပတ် သင့်၏။

http://www.dhammadownload.com



(၁၁) ရဟန်း ဖြစ်သူသည် အကပ် မခံရသေးသော သစ်မီး၊ ခါဖွယ်၊ ဘောဇဉ်၊ ဖျော်ရည်နှင့် ဆေးပစ္စည်းများကို စားသုံးလျှင် စားတိုင်း စားတိုင်း ပါစိတ် အာပတ် သင့်၏။

ရေနှင့်တံပူကို အကပ်မခံဘဲ သုံးဆောင်ကောင်း၏။ သို့ပါသော်လည်း ရေ၌အနယ်ရှိလျှင်အကပ်ခံအပ်၏။တံပူ(သွားတိုက်ဆေးရေ) ဝမ်းထဲဝင်သွားလျှင်ပါစိတ်အာပတ်သင့်၏၊ သို့ဖြစ်၍ တံပူ(သွားတိုက်ဆေး)ကိုလည်း အကပ်ခံ၍သုံးဆောင်လျှင် ပို၍ အပြစ်ကင်း၏။

အကပ်မခံဘဲ ရဟန်းကိုယ်တိုင် ကိုင်ယူလိုက်သော အစာအာဟာရတို့ကို ပြန်ကပ်သော်လည်း မစားကောင်းတော့ပေ။ စားလျှင် ပါစိတ်အာပတ်သင့်၏။

အကပ်ခံပြီးသော သစ်သီးနှင့် ကြံတို့ကို စားဖြင့်ခွဲစိတ်သောအခါ သစ်သီး၊ ကြံတို့၌ အညိုရောင်၊ အမည်းရောင်များ ထင်လာလျှင် ပြန်၍ အကပ်ခံရသည်။

(၁၂) ရဟန်းဖြစ်သူသည် သင်္ကန်းအသစ် ရသောအခါ–

(၁) အညိုရောင်၊ (၂) ရွှံ့ညွန်ရောင်၊ (၃) အမည်းရောင်၊ ဤသုံးမျိုးတို့တွင် တစ်မျိုးမျိုးဖြင့် သင်္ကန်း၏ လေးထောင့်၌ဖြစ်စေ၊ သုံးထောင့်၌ဖြစ်စေ၊ နှစ်ထောင့်၌ ဖြစ်စေ၊ တစ်ထောင့်၌ဖြစ်စေ၊ ကြမ်းပိုးကျောကုန်းခန့် လုံးလုံးဝိုင်းဝိုင်း

http://www.dhammadownload.com



အစက်(ဗိန္ဒု)ထိုးပြီးမှ ဝတ်ရုံရသည်။ မထိုးဘဲဝတ်ရုံလျှင် ပါစိတ်အာပတ်သင့်၏။

သင်္ကန်းဖွယ်ထည်တစ်ခုတည်း၌ အစက်(ဗိန္ဒု)ကို နှစ်ခု၊ သုံးခု၊ လေးခုမထိုးအပ်၊ တစ်ခုသာ ထိုးရမည်။

၁၃။ ရဟန်းဖြစ်သူသည် ဗောဓေလိုသောစေတနာဖြင့် တိရစ္ဆာန်သတ္တဝါကိုသတ်လျှင် ပါစိတ်အာပတ်သင့်၏၊ ကြမ်းပိုးဥခွဲလျှင် ပါစိတ်အာပတ်သင့်၏၊ဆင်ကို သတ်လျှင်လည်း ပါစိတ်အာပတ် သင့်၏၊ ဆင်ကို သတ်ရာ၌ လုလ္လ၊ ပယောဂ၊ စေတနာပိုများ၍ အကုသိုလ်အပြစ်ပိုကြီး၏။

၁၄။ ရဟန်းဖြစ်သူသည် အမျိုးသမီးနှင့် ခရီးသွားချိန်ကို တိုင်ပင်၍ ခရီးဝေး၊ ခရီးရှည် မသွားအပ်။ အယုတ်ဆုံး တစ်ရွာမှတစ်ရွာသို့ အတူသွားလျှင် ပါစိတ် အာပတ်သင့်၏။

၁၅။ ရဟန်းဖြစ်သူသည် သံဃာအား လှူမည်ဟု ရည်ညွှန်းပြီးသော ပစ္စည်းကိုသိလျက်နှင့် ပုဂ္ဂိုလ်တစ်ပါးပါးအား ညွှတ်စေ၊ လှူစေလျှင် ပါစိတ်အာပတ်သင့်၏။

၁၆။ ရဟန်းဖြစ်သူသည် မွန်းလွဲသောအခါ မြို့ထဲ ရွာထဲသို့ သွားလိုလျှင် ရဟန်းတစ်ပါးပါးကို ပန်ကြားပြီးမှသွားရသည်၊ မပန်ကြားဘဲသွားလျှင် ပါစိတ် အာပတ်သင့်၏။

(၁၂)ထောင်အတွက်ခွဲရှိသော ရဟန်းကို...

"အဟံတစ္စေ ဝိကာလေ ဂါမပဝေသနံ အာပုစ္ဆာမိ"ဟု ပါဠိလိုဖြစ်စေ၊

"အရှင်ဘုရား...၊ တပည့်တော်ဒ် မွန်းလွဲသောအခါ မြို့ထဲ ရွာထဲသို့ သွားဖို့ရာ ပန်ကြားပါ၏"ဟု မြန်မာလိုဖြစ်စေ ပန်ကြားရပါသည်။

ပါစိတ်သိက္ခာပုဒ်များ ပြီးပါပြီ။

● ● ●

(၈) အပြစ်ကိုဖော်ပြ၍ ကုစားရသော သိက္ခာပုဒ်များ

ကျူးလွန်မိလျှင် ကျူးလွန်သောအပြစ်ကို သီးခြားဖော်ပြ၍ ကုစားရသော သိက္ခာပုဒ်(၄)ပါး ရှိပါသည်၊ ထိုသိက္ခာပုဒ်တို့ဖြင့် ယခုခေတ် ယခုအချိန်အခါ၌ အာပတ်သင့်ခြင်း နည်းပါးကြသဖြင့် အာပတ်သင့်ပုံနှင့် ကုစားပုံတို့ကိုမဖော်ပြတော့ဘဲ ချန်ထားခဲ့ပါသည်။

(၂)ပါး၊ (၃)ပါး ဓေသနာကြားကောင်း၏၊ (၃)ပါး ထက်လွန်လျှင် အမွှေကဖြစ်၍ (၄)ပါး တစ်ပေါင်းတည်း ဒေသနာ မကြားကောင်းသည်သာ ဖြစ်၏။

အပြစ်ကိုဖော်ပြ၍ ကုစားရသော သိက္ခာပုဒ်များ ပြီးပါပြီ။

● ● ●

http://www.dhammadownload.com



(ဆ) ''ကြည်ညိုဖွယ်ရာ ကျင့်ဖွယ်ရာ သိက္ခာပုဒ်များ''

ဝတ်မှု၊ စားမှု၊ ပြောပြောမှု စသည်တို့၌ ဗုဒ္ဓယဉ်ကျေးမှု ဖြစ်အောင်ကျင့်အပ်သော သိက္ခာပုဒ်က (၇၅)ပါး ရှိပါသည်။

ဤ(၇၅)ပါးသောသိက္ခာပုဒ်တို့တွင် ဗုဒ္ဓဘာရဟန်းတော်တို့ ကျူးလွန်မိ၍ အာပတ်သင့်တတ်သော သိက္ခာပုဒ်များကိုသာ ဖော်ပြပါမည်။

ဤသေခိယသိက္ခာပုဒ်တို့ကို မရိုမသေ အကုသိုလ်စိတ်ဖြင့် ကျူးလွန်လျှင် ရဟန်းတော်တို့အား၊ ဒုက္ကဋ်အာပတ် သင့်၏၊ ဒေသနာကြား၍ ကုစားရပါသည်၊ သာမဏေတို့အား ဒဏ်သင့်၏၊ ဒဏ်ထမ်းရပါသည်။

၁။ ရဟန်းသာမဏေတို့သည်ခါးဝတ်သက်န်း (သင်းပိုင်)ကို ဝတ်သောအခါ ဒူးနှစ်ဘက်၊ ချက်၊ ဤ(၃)ပါးကို ဖုံးလွှမ်းမိအောင် ဝတ်ရမည်။

ဒူးအောက် လက်ရှစ်သစ်ခန့်ချ၍ ဝတ်ရမည်။

၂။ ရဟန်းသာမဏေတို့သည် မကျန်းမာသူ (ဂိလာန)ပင် ဖြစ်သော်လည်း သင်းပိုင်ကို ခါးပတ်ဖောင်း(အောက်ပိုး) မကျိုက်ကောင်း။

ခါးဝတ်သင်းပိုင်ကို တစ်ထည်ဝတ်ပြီးမှ တစ်ထည်ထပ်၍ မဝတ်ကောင်း၊ (၂)ထည်ကို တစ်ခါတည်း ထပ်၍ ဝတ်လျှင်အပြစ်မရှိ၊ ဝတ်ကောင်း၏။

http://www.dhammadownload.com



၃။ ခါးဝတ်သင်းပိုင်ကို ဝတ်သောအခါ ညီညာစွာဝတ် မည်ဟုနှလုံးသွင်း၍ ဝတ်ရမည်၊ ဤသို့ နှလုံးသွင်းထား လျက် မညီလျှင်စေတနာရှိ၍ အာပတ်မသင့်၊ သတိ မရ၍ မညီမညာဝတ်မိလျှင်လည်း အာပတ်မသင့်၊ မညီ ဟု မသိလျှင်လည်း အာပတ်မသင့်၊ အနာရှိလျှင် မညီ စေသော်လည်း အာပတ်မသင့်၊ ဓမ္မိသလုံး (မြွေဦးခေါင်း) သားဝလွန်းသူ၊ ကြီးလွန်းသူ၊ ပိန်လွန်းသူ၊ သေးလွန်း သူများ သင်းပိုင်ကို မြင့်တင်၍သော်လည်းကောင်း၊ နှိမ့်ချ၍ သော်လည်းကောင်း ဝတ်လျှင် အာပတ် မသင့်၊ ဖတ်နည်း မတတ်သေးလျှင်လည်း အာပတ် မသင့်၊ တတ်အောင်သင်ရသည်၊ မသင်လျှင် အပြစ် ရှိ၏။

၄။ ကိုယ်ရုံနှင့် ဒုကုဋ် (နှစ်ထပ်သင်္ကန်း)တို့ကို ဖူးအောက် လက်ယေးသစ်ခန့်ချ၍ ညီညာစွာဝတ်ရုံရမည်၊ ညီညာ စွာ ဝတ်ရုံရမည်ဟုနှလုံးသွင်း၍နေရာမရွေးကျင့်ရသည်။

၅။ ရဟန်းသာမဏေတို့သည် သံဃာ အစည်းအဝေးသို့ ချဉ်းကပ်နေထိုင်သောအခါ၊ မထေရ်ကြီးများထံ ချဉ်း ကပ်နေထိုင်သောအခါ၊ ဆွမ်းစားသောအခါ၊ ဘုရား ရှိခိုး ဝတ်တက်သောအခါ စသည့်တို့၌ ဘယ်ဘက် တစောင်းဆစ်ကို ကိုယ်ရုံသင်္ကန်းဖြင့် ဖုံးလွှမ်း၍အလေး ပြုကာ နေထိုင်ကြရပါသည်၊ ညာဘက်ပခုံးကိုလည်း ကိုယ်ရုံသင်္ကန်းဖြင့် မဖုံးမိ၊ မခြုံမိအောင် သတိပြု၍ နေထိုင်ကြရပါသည်။

http://www.dhammadownload.com



၆။ ရဟန်းသာမဏေတို့သည် မြို့-ရွာတွင်းသို့သွားသောအခါ ခါးဝတ်သင်းပိုင်ကို ဒူးအောက် လက်ရှစ်သစ်ခန့်ချ၍ ဝတ်ကာ ကိုယ်ရုံကိုလည်းပင်းနှင့်လက်ကောက်ဝတ်တို့ကို ဖုံးလွှမ်းမိအောင် ရုံ၍သွားအပ်၏။

ဒူး၊ လည်ပင်း၊လက်မောင်း၊ရင်ပတ်တို့ကိုမပေါ်အောင် သတိပြု၍ သွားအပ်၏။

၇။ ရဟန်းသာမဏေတို့သည်မြို့ရွာတွင်း၌နေထိုင်သောအခါ လည်မျိုမှစ၍ ဦးခေါင်းကို ကိုယ်ရုံဖြင့် မဖုံးမိအောင်၊ လက်ကောက်ဝတ်မှစ၍ လက်ဖျားတို့ကို မဖုံးမိအောင် ခြေသလုံးသားမှစ၍ ခြေသလုံးတို့ကို မဖုံးမိအောင် (ဖော်ထား၍)နေထိုင်ရပါသည်။ကြွင်းသောကိုယ်အင်္ဂါ တို့ကို ဖုံး၍နေထိုင်ရပါသည်။

မြို့တွင်း-ရွာတွင်းမှာ ညအိပ် ညနေ နေထိုင်ကြသော ရဟန်း သာမဏေတို့အား သင်္ကန်း မရုံသော်လည်း အာပတ်မသင့်၊ ဒုက္ကဋ်မသင့်၊ နေထိုင်းကောင်း၏။

ရဟန်း သာမဏေတို့နေသမျှ ကျောင်းအဖြစ် လှူဒါန်း ပါ၏-ဟု လျှောက်ထားသော်လည်း သင်္ကန်းရုံဖျက်၍ မနေအကောင်း။

မြို့-ရွာတွင်း၌ ဆွမ်းစားသောအခါ လက်ကောက်ဝတ် ပေါ်ရုံမျှဖြင့် အာပတ်မသင့်၊ ဒူးနှင့် ရင်ပတ်ပေါ်မှ အာပတ်သင့်၏၊ ဒုက္ကဋ်သင့်၏။

http://www.dhammadownload.com



၈။ ရဟန်း၊သာမဏေတို့သည် မြို့ရွာတွင်း၌သွားသောအခါ၊ နေသောအခါတို့၌ (၄) တောင်ခန့်မျှ ကြည့်၍ သွားရသည်။ နေထိုင်ရသည်။ ရှောင်တိမ်းဖွယ်ရာ ဘေးရန်ကို ကြည့်သောအခါ (၄) တောင်ထက်ပို၍ ကြည့်ကောင်း၏။

၉။ ရဟန်း၊သာမဏေတို့သည် မြို့ရွာအတွင်း၌ နေထိုင်သောအခါ ခါးအထက်၊ ခါးပန်ကြိုး၊ စသည်ပေါ်အောင် သင်္ကန်းကိုပင့်၍ မနေထိုင်ကောင်း။ ထိုင်သောအခါ ရုံထားသော ကိုယ်ရုံ၊ ဒူးကွင်းတို့ကို ဖိ၍ မထိုင်ကောင်း။ ဖိမထိုင်မိအောင် အနည်းငယ် ပင့်-မ၍ ထိုင်ရသည်။

၁၀။ ရဟန်း၊သာမဏေတို့သည်မြို့ရွာတွင်း၌ (၁၂) တောင်ကွာတွင်နေသူများ ကြားသာကြား၍ နားမလည်သော အသံဖြင့် စကားပြောရသည်။ (၁၂) တောင်ကွာမှာ နေသူများ နားလည်လျှင် ရဟန်း၊ အာပတ်သင့်၏။ သာမဏေ ဒဏ်သင့်၏။

၁၁။ ရဟန်း၊သာမဏေတို့သည် မြို့ရွာတွင်း၌ ခေါင်းကိုခြုံ၍ မသွားကောင်း၊ မနေထိုင်ကောင်း၊ မြို့ရွာတွင်းမှာညအိပ်ညနေ နေထိုင်ကြသောရဟန်း၊သာမဏေတို့အား ခေါင်းကိုခြုံသော်လည်း အာပတ်မသင့်၊ ဒဏ်မသင့်၊ နေထိုင်ကောင်းပါသည်။

http://www.dhammadownload.com



၁၂။ ရဟန်း၊သာမဏေတို့သည် ဆွမ်းခံသောအခါ ဆွမ်းကိုခံယူအံ့-ဟု သတိပြု၍ရိုသေစွာခံယူအပ်၏။ စွန့်ပစ်လိုဟန်မရှိမထေ့ခံယူလျှင် ရဟန်း၊ (ဒုက္ကဋ်) အာပတ်သင့်၏။ သာမဏေ ဒဏ်သင့်၏။

၁၃။ ရဟန်း၊သာမဏေတို့သည် ဆွမ်းခံသောအခါ ဆွမ်းလောင်းထည့်ပြီးသည်/မပြီးသည်ကိုသိအောင် သပိတ်၌အာရုံပြု၍ ခံယူအပ်၏။

သပိတ်၌ ဆွမ်းလောင်းထည့်သည်ကို မသိ၊ အခြားကိုကြည့်လျက်ခံယူလျှင် ရဟန်း အာပတ်သင့်၏၊သာမဏေ ဒဏ်သင့်၏။

၁၄။ ရဟန်း၊သာမဏေတို့သည်လက်ဖြင့်ကော်လို့ရသောပဲဟင်းကို ဆွမ်း၏(၄)ဖို့(၁)ဖို့ထက်ခံယူလျှင် ရဟန်းအာပတ်သင့်၏။ သာမဏေ ဒဏ်သင့်၏။ လက်ကော်မရသောပဲဟင်း၊ဝါး-အူမဲစသောဟင်းနှင့် ဖိတ်ထသေသူများထံ၌ (၄)ဖို့(၁)ဖို့ထက်ပို၍ ခံယူသော်သည်း အာပတ်မသင့်၊ ဒဏ်မသင့်။ အပြစ်မှ လွတ်၏။

၁၅။ ရဟန်း၊သာမဏေတို့သည် သပိတ်၏အတွင်း နှုတ်ခမ်းရေးနှင့်အညီ ဆွမ်းခဲဖွယ်-ဖော့ဇဉ်ကို ခံယူအပ်၏။
သပိတ်ဖုံး၊ပန်းကန် စသည်ဖြင့် ခံယူလျှင်အာပတ်မသင့်၊ ဒဏ်မသင့်။ အပြစ်မှလွတ်၏။

http://www.dhammadownload.com



၁၆။ ရဟန်းသာမဏေတို့သည် ဆွမ်းစားသောအခါ မစား ချင်သလို-စွန့်ပစ်ဟန်လို မရှိ မသေမသ စား လျှင် ရဟန်း အာပတ်သင့်၏။ သာမဏေ ဒဏ်သင့်၏။ ရိုရိုသေသေ အလေးပြု၍ စားရ၏။

၁၇။ ရဟန်းသာမဏေတို့သည် ဆွမ်းစားသောအခါ သပိတ်, ပန်းကန်၌ အမှတ်သညာမရှိဘဲ ဟိုဟိုသည်သည်ကြည့်၍ စားလျှင် ရဟန်းအာပတ်သင့်၏။ သာမဏေ ဒဏ်သင့်၏။

၁၈။ ရဟန်းသာမဏေတို့သည် ဆွမ်းစားသောအခါ အစဉ် အတိုင်းမစားဘဲ ဟိုတစ်စ သည်တစ်စ စားလျှင် ရဟန်း အာပတ်သင့်၏။ သာမဏေ ဒဏ်သင့်၏။ လက်သုပ် ဟင်းလျာကို ဟိုတစ်စသည်တစ်စယူ၍စားလျှင် အာပတ် မသင့်၊ ဒဏ်မသင့်၊ စားကောင်း၏။ သူတစ်ပါးကို ပေးလို၍/အခြားသော ခွက်၌ ထည့်လို၍ ဟိုတစ်စ သည်တစ်စယူလျှင်လည်း အပြစ်မရှိ။ ယူကောင်း၏။

၁၉။ ရဟန်း သာမဏေတို့သည် လက်ဖြင့် ကော်လို့ရသော ပဲဟင်းကို ဆွမ်း၏(၄)ဖို့(၁)ဖို့ထက်ပို၍စားလျှင် ရဟန်း အာပတ်သင့်၏။ သာမဏေ ဒဏ်သင့်၏။ လက်ကော် မရသော ပဲဟင်း၊ ငါး အမဲစသော ဟင်းနှင့်ဖိတ်ထား သူတို့၏ လက်ကော်ရသောပဲဟင်းတို့ကို (၄)ဖို့ (၁)ဖို့ ထက်ပို၍စားသော်လည်း အာပတ်မသင့်၊ ဒဏ်မသင့်၊ အပြစ်မှလွတ်၏။

http://www.dhammadownload.com



၂၀။ ရဟန်းသာမဏေတို့သည် ဆွမ်းစားသောအခါ ခေါင်းဥ လောက်ဆွမ်းလုတ်သည် ကြီးလွန်း၍ အာပတ်သင့်၏။ ကြက်ဥလောက် ဆွမ်းလုတ်သည် ငယ်လွန်းသော်သည်း အာပတ်မသင့်။ ယင်းနှစ်လုတ်တို့၏အကြား ဆွမ်းလုတ်သည် သင့်လျော်၍ ရဟန်းသာမဏေတို့စားဖို့ရာ ဆွမ်းလုတ်ဖြစ်၏။

၂၁။ ရဟန်းသာမဏေတို့သည် စကားမပီအောင် ပါးစပ်၌ ဆွမ်းလုတ်ရှိနေစိုက် စကားပြောလျှင် အာပတ်သင့်၏။ [illegible] တရားဟောစဉ် ဖန်ခါးသီးစသည် ပါးစပ်၌ဝှံ၍ဟောလျှင်၊ စကားပီလောက်သော ဆွမ်းလုတ်အနည်းငယ်ရှိ၍ပြောလျှင် အာပတ်မသင့်၊ ဒဏ်မသင့်။ ပြောကောင်း၏။

၂၂။ ရဟန်းသာမဏေတို့သည်ထမင်း၊ငါး၊အသား၊ဆန်ဖြင့်ပြု လုပ်သောမုန့်၊ ဂျုံဖြင့်ပြုလုပ်သောမုန့်၊ ဤ(၅)မျိုးတို့ ကို ကိုက်ဖြတ်၍စားလျှင် အာပတ်သင့်၏၊ ဒဏ်သင့်၏။ (ဆွမ်း၊ ကောက်ညှင်းပေါင်းစသည်တို့ကို အဆုပ်အလုံး ပြုလုပ်ကာ ကိုက်ဖြတ်စားခြင်းမျိုးကို ဆိုလိုပါသည်။) သစ်သီး ကြီးငယ်၊ ခဲဖွယ်၊ လက်သုပ်တို့ကို ကိုက်ဖြတ်၍ စားသော်လည်း အာပတ်မသင့်၊ ဒဏ်မသင့်။ ကိုက်ဖြတ်၍ စားကောင်း၏။

၂၃။ ရဟန်းသာမဏေတို့သည် ဆွမ်းစားသောအခါ လျှာကို ထုတ်၍စားလျှင်၊ "စပ်စပ်" အသံကိုမြည်စေ၍ စားလျှင် အာပတ်သင့်၏၊ ဒဏ်သင့်၏။

http://www.dhammadownload.com



၂၄။ ရဟန်းသာမဏေတို့သည် နို့သောက်သောအခါ၊ ဟင်းရေသောက်သောအခါ၊ လက်ဘက်ရည် ကော်ဖီသောက်သောအခါ၌ "ရှူး ရှူး ရွှတ်ရွှတ်" အသံမမြည်အောင် သောက်အပ်၏၊ အသံမြည်လျှင် အာပတ်သင့်၏။ ဒုက်သင့်၏။

၂၅။ ရဟန်းသာမဏေတို့သည် ဆွမ်းစားသောအခါ လက်ချောင်းများကို လျှာဖြင့်လျက်၍ မစားအပ်။ စားလျှင် အာပတ်သင့်၏၊ ဒုက်သင့်၏။ သပိတ်၊ ပန်းကန်တို့ကို လက်ချောင်းဖြင့်ခြစ်၍မစားအပ်၊ နှုတ်ခမ်းကိုလျှာဖြင့် လျက်၍မစားအပ်။ စားလျှင် အာပတ်သင့်၏၊ ဒုက်သင့်၏။

ဆွမ်းဟင်းများ ပေနေသော လက်ဖြင့် သောက်ရေခွက်ကိုမကိုင်အပ်။ ကိုင်လျှင်အာပတ်သင့်၏၊ ဒုက်သင့်၏။ ဆွမ်းလုံးများပါဝင်သော သပိတ်ဆေးရည်ကို မြို့ရွာတွင်း၌မသွန်အပ်၊ သွန်လျှင်အာပတ်သင့်၏။ ဒုက်သင့်၏။

၂၆။ ရဟန်းသာမဏေတို့သည် အဝတ်ထီး၊ ဝါးခြမ်းထီး၊ သစ်ရွက်ထီး၊ ဤသုံးမျိုးတို့တွင် တစ်မျိုးမျိုးကို လက်ဖြင့်ကိုင်ထားသော ကျန်းမာသူကို တရားမဟောအပ်။ (၆)တောင်ခန့်ရှိသော တုတ်၊ တောင်ဝှေးကို လက်ဖြင့် ကိုင်ထားသော ကျန်းမာသူကို တရားမဟောအပ်။

တစ်ဘက်သွား၊ နှစ်ဘက်သွားရှိသော ဓါးလက်နက်ကိုလက်ဖြင့်ကိုင်ထားသော ကျန်းမာသူကို တရားမဟော

http://www.dhammadownload.com



အပ်။ ရေလး၊ ဆေနတ်၊ လက်နက်ကို လက်ဖြင့်ကိုင်ထားသော ကျန်းမာသူကို တရားမဟောအပ်။

စိုက်ထားသော ထီးရိပ်အောက်၌ နေသောသူတို့အား ထီးကို ကိုင်မထားလျှင် တရားဟောကောင်း၏။

၂၇။ ရဟန်းသာမဏေတို့သည် သစ်သား၊ ထန်းလက်၊ ဝါး စသည်တို့ဖြင့် ပြုလုပ်ထားသော ခုံဖိနပ်(ခြေနင်း) စီးထားသော ကျန်းမာသူကို တရားမဟောအပ်။

၂၈။ ရဟန်းသာမဏေတို့သည် သစ်သား၊ ထန်းလက်၊ ဝါး စသည်တို့ဖြင့်ပြုလုပ်ထားသော ခုံဖိနပ်ကို မစီးကောင်း။ ကျင်ကြီးကျင်ငယ်စွန့်ရာခုံ၊ သန့်သက်ရေဆေးရာခုံ တို့၌သာ စီးကောင်း၏။

၂၉။ ရဟန်းသာမဏေတို့သည် ရထား၊ လှည်း စသော ယာဉ်တို့၌နေသော ကျန်းမာသူကို တရားမဟောကောင်း။

လူနှစ်ယောက် လက်ချင်းယှက်၍ ဆောင်သော ယာဉ်၌ နေသူ၊ အဝတ်ထမ်းစင်ယာဉ်၌နေသူ၊ ဖျက်ထားသော ယာဉ်၌နေသူ၊ ဘီးသက်သက်၌ နေသော သူတို့ကိုလည်း တရားမဟောကောင်း၊ ဟောလျှင် ရဟန်းအာပတ်သင့်၏။ သာမဏေ ဒဏ်သင့်၏။

ရဟန်း သာမဏေတို့သည် မထေရ်ကြီးရှိလျှင် မထေရ်ကြီးက တိုက်တွန်းမှုဖြစ်စေ၊ မထေရ်ကြီးကိုပန်ကြားပြီးမှဖြစ်စေ တရားဟောရသည်။

http://www.dhammadownload.com



၃၀။ ရဟန်းသာမဏေတို့သည် မြေပြင်၌အိပ်နေသူကိုပင် ဖြစ်စေ တရားမဟောကောင်း၊ ဟောလျှင် အာပတ် သင့်၏၊ ဒုက္ကဋ်သင့်၏။
လျောင်း အိပ် နေ သော ရဟန်း သာမဏေ တို့ သည် အိပ်သူ၊ ထိုင်သူ၊ ရပ်သူတို့ကို တရား ဟောကောင်း၏။ ထိုင်နေသော ရဟန်းသာမဏေတို့သည် ထိုင်သူ၊ ရပ်သူ တို့အား တရား ဟောကောင်း၏။ အိပ်နေသူကို မဟောကောင်း။
ရပ်နေသော ရဟန်း သာမဏေ တို့သည် ရပ်သူအားသာ တရားဟောကောင်း၏။ အိပ်သူ၊ ထိုင်သူ တို့ကို မဟော ကောင်း၊ ဟောလျှင် အာပတ်သင့်၏။ ဒုက္ကဋ်သင့်၏။

၃၁။ ရဟန်းသာမဏေတို့သည် ဒူးကိုသိုင်းလျက် လက်ချင်း ယှက်၍နေသော ကျန်းမာသူကို၊ ဒူးခေါင်း ကျောဆစ် ကို ပုဆိုးဖြင့် ရစ်ပတ်ထားသော ကျန်းမာသူကို တရား မဟောကောင်း။

၃၂။ ရဟန်းသာမဏေတို့သည် ပဝါစသည်ဖြင့် ဆံစ မပေါ် အောင် ခေါင်းကို ရစ်ပေါင်းထားသော ကျန်းမာသူ၊ ခေါင်းကို စွပ်ထားသော ကျန်းမာသူတို့အား တရား မဟောကောင်း။
ခေါင်းကို စောင် စသည်ဖြင့်ခြုံထားသော ကျန်းမာသူ အား တရား မဟောကောင်း။ ဟောလျှင် အာပတ် သင့်၏။ ဒုက္ကဋ်သင့်၏။

http://www.dhammadownload.com



၃၃။ ရဟန်းသာမဏေတို့သည် ခြေခွံနေ၍ အဝတ်မျှ မြက်မျှ ခင်းထားသောနေရာ၌နေသော ကျန်းမာသူကို တရားမဟောကောင်း။
နိမ့်ရာ၌နေ၍ မြင့်ရာ၌နေသော ကျန်းမာသူကို တရားမဟောကောင်း၊ ရပ်၍ထိုင်နေသော ကျန်းမာသူကို တရားမဟောကောင်း၊ ဟောလျှင် အာပတ်သင့်၏၊ ဒုက်သင့်၏။

၃၄။ ခရီးသွားသောအခါ နောက်မှသွားသော ရဟန်းသာမဏေတို့သည် ရှေ့ကသွားသော ကျန်းမာသူအား၊ လမ်းမဟုတ်သည်မှ သွားသော ရဟန်းသာမဏေတို့သည် လမ်းဟုတ်သည်ကသွားသော ကျန်းမာသူအား တရား မဟောကောင်း၊ ဟောလျှင် အာပတ်သင့်၏၊ ဒုက်သင့်၏။

၃၅။ ရဟန်းသာမဏေတို့သည် ကျန်းမာပါလျက် မတ်တတ် ရပ်၍ ကျင်ကြီး ကျင်ငယ်တို့ကို မစွန့်အပ်၊ စွန့်လျှင် အာပတ်သင့်၏။ ဒုက်သင့်၏။

လုံခြုံ ဖုံးကွယ်ရာအရပ်သို့ သွားစဉ် အဆောတလျင် ကျင်ကြီး ကျင်ငယ်တို့သည် ထွက်ကျသည် ဖြစ်အံ့၊ အာပတ်မသင့်၊ ဒုက်မသင့်၊ အပြစ်မှလွတ်၏။
ဒုလ္လဘ ရဟန်းတော်တို့သည် လူ့ဘဝက ရပ်လျက် ကျင်ငယ်စွန့်လေ့ရှိခဲ့သောကြောင့် ရဟန်းတခဲ့လည်း ရပ်လျက်ပင် ကျင်ငယ်စွန့်တတ်ကြကုန်၏၊ မစွန့်ကောင်း။

http://www.dhammadownload.com



စွန့်တိုင်းစွန့်တိုင်း အာပတ်သင့်၏၊ အထူးသတိပြုကြရမည် ဖြစ်ပေသည်။

၃၆။ ရဟန်းသာမဏေတို့သည် ကျန်းမာပါလျက် စိမ်းစိုသော မြက်သစ်ပင်တို့၌ ကျင်ကြီး၊ ကျင်ငယ်၊ တံတွေးတို့ကို မစွန့်အပ်၊ စွန့်လျှင် အာပတ်သင့်၏၊ ဒုက္ကဋ်သင့်၏။ ဒုလ္လဘ ရဟန်းတော်တို့သည် ကျင်ကြီးစွန့်ရာ ခွက်၊ ကျင်ငယ်စွန့်ရာ ခွက်တို့၌ တံတွေး ထွေးမိတတ်ကြကုန်၏၊ မထွေးကောင်း၊ ထွေးတိုင်း ထွေးတိုင်း အာပတ်သင့်၏၊ အထူးသတိပြုကြရမည် ဖြစ်ပေသည်။

စိမ်းစိုသော မြက်သစ်ပင်မရှိရာ၌ စွန့်သော်လည်း စိမ်းစိုသော မြက်သစ်ပင်ရှိရာသို့ စီးသွားလျှင် အာပတ်မသင့်၊ ဒုက္ကဋ်မသင့်။ အပြစ်မှလွတ်၏။

၃၇။ ရဟန်းသာမဏေတို့သည် ကျန်းမာပါလျက် သောက်/ချိုး/သုံးဆောင်ကောင်းသောရေ၌ ကျင်ကြီးကျင်ငယ် တံတွေးတို့ကိုစွန့်လျှင် အာပတ်သင့်၏၊ ဒုက္ကဋ်သင့်၏။ ကုန်း၌ စွန့်သော်လည်း သောက်/ချိုး/သုံးဆောင်ကောင်းသော ရေသို့ စီးကျသွားလျှင် အာပတ်မသင့်၊ ဒုက္ကဋ်မသင့်။ ရေပြင်ကျယ်၌ ရေလွတ်ရာကို ရှာမရ၍ စွန့်လျှင် အာပတ်မသင့်၊ ဒုက္ကဋ်မသင့်၊ အပြစ်မှလွတ်၏။

သေခိယသိက္ခာပုဒ်များ ပြီးပါပြီ။

* * *

http://www.dhammadownload.com



## ဖြစ်ပေါ်လာသောပြဿနာအဓိကရှုဏ်းများ၊
## ငြိမ်းဖို့ရာကိုပြသော သိက္ခာပုဒ်များ

ဖြစ်ပေါ်လာသော ပြဿနာအဓိကရှုဏ်းများ ငြိမ်းဖို့ရာကို ပြသော သိက္ခာပုဒ်က (၇)ပါး ရှိပါသည်။ အာပတ် ဘီးခြား မရှိ။ အဓိကရှုဏ်းငြိမ်းဖို့ရာသာ ဖြစ်ပါသည်။

အဓိကရဏ သမထ ပြီးပါပြီ။

× × ×

ဤ(၂၂၇)ပါးသော သိက္ခာပုဒ်များသည် ပါတိမောက္ခ သံဝရ သီလမည်၏။ ယုံကြည်ခြင်းသဒ္ဓါးတရား ပြဋ္ဌာန်းသည်။

ဆောင်ပုဒ်။ ။ပါတိမောက်မှာ၊ သဒ္ဓါသာ၊ မှန်စွာပြဋ္ဌာန်း သည်။

ဤ(၂၂၇)ပါးသော သိက္ခာပုဒ်တို့သည် မိမိတို့၏ အပါယ် ဘေး၊ အပါယ်သံသရာမှ လွတ်မြောက်ဖို့ရာ အားကိုးရာ အစစ် ဖြစ်သည်ဟု ယုံကြည်ခြင်းရှိသော အမျိုးကောင်းသား ရဟန်း တော်များ လိုက်နာဖြည့်ကျင့်သော သီလ-ဟူ၍ အဓိပ္ပာယ် ရကြ ပါသည်။

× + ×

http://www.dhammadownload.com



## ဣန္ဒြိယသံဝရသီလ

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ဒွါရ ခြောက်ပါး၌ လောဘ၊ ဒေါသ၊ မောဟ တို့ မဖြစ်ရအောင် သတိ ထား၍ စောင့်စည်းရသော သီလသည် ဣန္ဒြိယသံဝရ သီလ မည်၏။ သတိ ပြဋ္ဌာန်းသည်။

ဆောင်ပုဒ်။ ။ဣန္ဒြိယမှာ၊ သတိသာ၊ မှန်စွာပြဋ္ဌာန်းသည်။

မျက်စိ၌ အဆင်း၊ နား၌ အသံ၊ နှာခေါင်း၌ အနံ့၊ လျှာ၌ အရသာ၊ ကိုယ်၌ အတွေ့၊ စိတ်၌ အာရုံအမျိုးမျိုး လာတိုက်သော အခါ လောဘ၊ ဒေါသ၊ မောဟ တို့ မဖြစ်ပေါ်လာရအောင် သတိဖြင့် စောင့်စည်းခြင်းရှိသော အမျိုးကောင်းသား၊ ရဟန်းတော်များ ဖြည့်ကျင့်သော သီလဟူ၍ အဓိပ္ပာယ်ရရှိပါသည်။

* × ×

## အာဇီဝပါရိသုဒ္ဓိသီလ

မိမိ၏လုံ့လဝီရိယဖြင့် ပစ္စည်း(၄)ပါးကို ရှာမှီး၍ စင်ကြယ်စွာ အသက်မွေးခြင်းသည် အာဇီဝပါရိသုဒ္ဓိသီလ မည်၏။ ဝီရိယ ပြဋ္ဌာန်းသည်။

ဆောင်ပုဒ်။ ။အာဇီဝမှာ၊ ဝီရိယာ၊ မှန်စွာပြဋ္ဌာန်းသည်။

ဗေဒင်ဟောခြင်း၊ ဆေးကုခြင်း စသည်ဖြင့် သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်း(၄)ပါးတို့ကို ရှာဖွေကာ အသက်မွေး ခြင်းမှ ရှောင်ကြဉ်၍ မိမိ၏လုံ့လဝီရိယဖြင့် ဆွမ်းခံခြင်း၊ ပံ့သကူ

http://www.dhammadownload.com



သက်န်း ရှာဖွေ ကောက်ယူခြင်း စသည်တို့ဖြင့် စင်ကြယ်စွာ အသက်မွေးခြင်းရှိသော အမျိုးကောင်းသား ရဟန်းတော်များ ဖြည့်ကျင့်သောသီလဟူ၍ အဓိပ္ပာယ်ရပါသည်။

* * *

## ပစ္စယ သန္နိဿိတ သီလ

ပစ္စည်း(၄)ပါးကို မှီဝဲသုံးဆောင်သောအခါ ပညာဖြင့် ဆင်ခြင်၍သုံးဆောင်ခြင်းသည် ပစ္စယသန္နိဿိတသီလ မည်၏။ ပညာပြဋ္ဌာန်းသည်။

ဆောင်ပုဒ်။ ။ပစ္စယမှာ၊ ပညာသာ၊ မှန်စွာ ပြဋ္ဌာန်းဆည်။

သင်္ကန်း၊ ဆွမ်း၊ ကျောင်း၊ ဆေး ပစ္စည်း(၄)ပါးတို့ကို မှီဝဲသုံးဆောင်သောအခါ ဤပစ္စည်း(၄)ပါးတို့ကို လှပတင့်တယ်ဖို့ရာ၊ မြူးတူးပျော်ပါးဖို့ရာမှီဝဲသုံးဆောင်သည်မဟုတ်။ သာသနာအကျင့်၊ မဂ်ဖိုလ်ရောက်ကြောင်းသီလ၊ သမာဓိ၊ ဝိပဿနာအကျင့် တို့ကို ကျင့်နိုင်ဖို့ရာသာ မှီဝဲသုံးဆောင်ခြင်းဖြစ်သည်ဟုပညာဖြင့် ဆင်ခြင်၍ မှီဝဲသုံးဆောင်ကြသောအမျိုးကောင်းသား ရဟန်း တော်များ ဖြည့်ကျင့်သောသီလဟူ၍ အဓိပ္ပာယ်ရရှိပါသည်။

ဒုလ္လဘ ရဟန်းတော်တို့သည် ဤသီလ(၄)ပါးကို ပြည့်စုံနိုင်သမျှပြည့်စုံအောင် လိုက်နာကျင့်သုံးကြရပေသည်။ ဤသီလ (၄)ပါးပြည့်စုံလျှင် ဝိပဿနာတရား အားထုတ်သော အခါ သမာဓိအမြန်ဖြစ်လာတတ်ပါသည်။ လွယ်ကူချမ်းသာစွာ ရှုမှတ်လို့ ရတတ်ပါသည်။ ထူးထူးခြားခြား တရား တွေမြင်တတ်ပါသည်။

၈–ဒုတိယအနုကြိမ်

http://www.dhammadownload.com



ဤသီလ(၄)ပါးနှင့် ပြည့်စုံကြသော ရဟန်းတော်တို့သည် ဣန္ဒြေ(၅)ပါးတို့တွင် သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ ပညိန္ဒြေ၊ ဟူသော ဣန္ဒြေ(၄)ပါးပြည့်စုံနေကြပြီးဖြစ်၍ သမာဓိန္ဒြေတစ်ခု ဖြစ်ဖို့သာ လိုတော့သည်။ သမာဓိဖြစ်အောင် သတိပဋ္ဌာန် ဝိပဿနာ့တရား အားထုတ်လိုက်သောအခါ မိမိတို့၏ ပါရမီ အားလျော်စွာ တရားထူး တရားမြတ်များ ရသွားကြမည် ဖြစ်ပေသည်။

ရှေးမထေရ်မြတ်တို့ တရားထူး တရားမြတ် ရသွားကြသည် မှာလည်း ဤ သီလ(၄)ပါးနှင့် ပြည့်စုံကြ၍ ရသွားကြခြင်း ဖြစ်ပေသည်။ သို့ဖြစ်၍ ဗုဒ္ဓဘာရဟန်းတော်တို့သည် သီလ(၄) ပါးတို့ကို ပြည့်စုံအောင် လိုက်နာကျင့်သုံးကြရပေသည်။

သီလပြည့်ကျင့်ခန်း ပြီးပါပြီ။

* * *

http://www.dhammadownload.com

## "ဝိပဿနာရှုခန်း"

လူ့ဘဝသည် စားဝတ်နေရေး၊ လူမှုရေး၊ တိုင်းပြည်ရေး စသည်ဖြင့် ရေးရာကိစ္စအားဖြင့်လည်း များပြားလှပေသည်။ နတ်ဗြဟ္မာဘဝများနှင့် နှိုင်းစာလိုက်ပါက သက်တမ်းအား ဖြင့်လည်း တိုတောင်းလှပေသည်၊ လူ့ပြည်၌ အနှစ် (၁၀၀) သည် မရှနိမ္မိတာဝသဝတ္တီနတ်ပြည်၌ (၁)နာရီခွဲမျှသာ ဖြစ် ပေသည်။

ဤကဲ့သို့ ရေးရာကိစ္စကလည်းများ၊ သက်တမ်းကလည်းတို ပါသော်လည်း လူ့ဘဝသည် ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ရောက်ကြောင်း ကုသိုလ်ပါရမီ အထူးတို့ကို ဆည်းပူးရယူဖို့ရာ အကောင်းဆုံးဘဝဖြစ်ပေသည်။ နိဗ္ဗာန်သို့ စံဝင်သွားကြသော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာပုဂ္ဂိုလ်တို့ သည်လည်း ဤလူ့ဘဝကပင် ကုသိုလ်ပါရမီ အထူး တို့ကို ဆည်းပူး၍ နိဗ္ဗာန်ချမ်းသာကို ရယူသွားကြခြင်း ဖြစ်ပေ သည်။

သို့ဖြစ်၍ အလွန်ရခဲသည့် လူ့အဖြစ်ကိုရပြီး ရဟန်းဘဝသို့ ရောက်ရှိနေခိုက် မိမိအတွက် ရရှိထားသော အချိန်များကို အကျိုးအရှိဆုံးအလုပ်၌ အသုံးချဖို့ရာ လိုအပ်လှပေသည်။ မိမိ အတွက် ရရှိထားသော အချိန်များကို အကျိုးအရှိဆုံး အသုံး ချလိုပါလျှင် သတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်ရမည်

http://www.dhammadownload.com



ဖြစ်ပေသည်။ သတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်ခြင်းသည် မိမိအတွက် ရရှိထားသောအချိန်ကို အကျိုး အရှိဆုံး အသုံးချခြင်းပင် ဖြစ်ပေသည်။

သတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်ခြင်း၊ အလုပ်သည် ရှုမှတ်ခြင်း အလုပ်တစ်ခုကို ပြုလုပ်ခြင်းဖြင့် မိမိတို့ကို အပါယ်ဘုံဘဝ၊ အပါယ်ဆင်းရဲများသို့ ကျရောက်စေမည့် လောဘ၊ ဒေါသ၊ မောဟ အစရှိသော ကိလေသာတို့ကို (တစ်ဘက်က) ပယ်သတ်ခြင်းကိစ္စကိုလည်း ပြီးစေပါသည်၊ မိမိတို့ကို အမြတ်ဆုံး ချမ်းသာ(နိဗ္ဗာန်သို့) ပို့ပေးရောက်စေမည့် သမာဓိဉာဏ်တို့ကို (တစ်ဘက်က) တိုးတက်ရင့်ကျက်ခြင်း ကိစ္စကိုလည်း ပြီးမြောက်စေပါသည်၊ သို့ဖြစ်၍ ရဟန်းဘဝသို့ရောက်ရှိနေခိုက် မိမိအတွက် အကျိုးအရှိဆုံး သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်သင့်လှပေသည်။

သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်ခြင်းဖြင့်အပါယ်သံသရာ အပါယ်ဆင်းရဲများမှ လွတ်မြောက်စေမည့် မဂ်ဉာဏ် ဖိုလ်ဉာဏ်သို့ ကေန်မုချ ရောက်ရမည် ဖြစ်ပေသည်။ ကုသိုလ်ကောင်းမှု ပြုလုပ်တိုင်း ပြုလုပ်တိုင်း ဆုတောင်းခဲ့ကြသည့် နိဗ္ဗာန်ချမ်းသာသို့လည်း ကေန်မုချ ရောက်သွားကြရမည် ဖြစ်ပေသည်။ သတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်ခြင်းအကျင့်လမ်းစဉ်မှတစ်ပါး အခြားအကျင့်လမ်းစဉ်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်သွားသည်ဟူ၍ မရှိပေ။ သို့ဖြစ်၍ ရဟန်းဘဝသို့ ရောက်ရှိနေခိုက် သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်သင့်လှပေသည်။

http://www.dhammadownload.com



သတိပဋ္ဌာန်ဝိပဿနာတရား အားထုတ်ခြင်းသည် မိမိတို့၏ ခန္ဓာကိုယ်၌ ရုပ်တရား နာမ်တရားတို့၏ အလျှင်အမြန်ပြောင်းလဲနေသောသဘောကို အမှန်အတိုင်းသိအောင် ရှုမှတ်ရခြင်းပင် ဖြစ်ပေသည်၊ ရုပ်တရား နာမ်တရားတို့၏ အလျှင်အမြန်ပြောင်းလဲနေသောသဘောကို အမှန်အတိုင်းသိအောင် ရှုမှတ်ရမည့် တရားများမှာ (၄)ပါး ရှိပါသည်။

(၁) ကာယာနုပဿနာ=ကိုယ်အမူအရာ ဖြစ်တိုင်းဖြစ်တိုင်းကို သိအောင် ရှုမှတ်ရခြင်း၊

(၂) ဝေဒနာနုပဿနာ=ဝေဒနာ(၃)မျိုးကို သိအောင် ရှုမှတ်ရခြင်း၊

(၃) စိတ္တာနုပဿနာ = အမျိုးမျိုး ပြောင်းလဲနေသော စိတ်အမူအရာကို သိအောင် ရှုမှတ်ရခြင်း၊

(၄) ဓမ္မာနုပဿနာ=ပြဆိုခဲ့ပြီးသော (၃)ပါးမှ ကြွင်းသော သဘောတရားများကိုသိအောင်ရှုမှတ်ရခြင်း ဟူ၍ (၄)ပါး ရှိပါသည်။

## ကာယရှုမှတ်ပုံ

(၁) ကာယာနုပဿနာ=ကိုယ်အမူအရာဖြစ်တိုင်းဖြစ်တိုင်းကို သိအောင် ရှုမှတ်ရခြင်းဟူသည် သွားသောအမူအရာ၊ ရပ်သောအမူအရာ၊ ထိုင်သောအမူအရာ၊ ထ-သောအမူအရာ၊ လက်ခြေတို့ကို ကွေးဆန့်သောအမူအရာတို့၏ သဘောကို အမှန်အတိုင်း သိအောင် ရှုမှတ်ရခြင်းပင် ဖြစ်ပေသည်။

http://www.dhammadownload.com



ရှုမှတ်ခါစ၌ ကိုယ်အမူအရာအားလုံးကိုသိအောင် ရှုမှတ်လို့ မရသေးပေ။ ထိုင်မှတ်ခြင်းဖြင့် စိတ်တည်ငြိမ်မှုဖြစ်အောင်ရှုမှတ်ရပါသည်၊ ထိုင်မှတ်ခြင်းဖြင့် စိတ်တည်ငြိမ်မှု ဖြစ်လာပြီးသောအခါ ကိုယ်အမူအရာအားလုံးကို တဖြည်းဖြည်းရှုမှတ်လို့ ရလာပါလိမ့်မည်။

ထိုင်၍ရှုမှတ်သောအခါ တင်ပျဉ်ခွေ၍ ဖြစ်စေ၊ ဒူးတုပ်၍ ဖြစ်စေ၊ ကြာကြာထိုင်နိုင်သော ထိုင်ခြင်းမျိုးဖြင့် ထိုင်ရပါသည်၊ ခါးကိုလည်း တည့်တည့်မတ်မတ်ထားရပါသည်၊ ခေါင်းကိုလည်း တည့်တည့်မတ်မတ်ထားရပါသည်၊ စိတ်ကို ဝမ်းဗိုက်၌ စူးစိုက်ထားရပါမည်။

လေရှူသွင်းလိုက်၍ ဝမ်းဗိုက်အဆင့်ဆင့် ဖောင်းကြွတက်လာသောအခါ ဝမ်းဗိုက်ပုံသဏ္ဌာန် (ပညတ်)ကို ရှုနိုင်သမျှ ရှုာ—(အာရုံမပြုပါနဲ့)၊ အဆင့်ဆင့် တောင့်တင်းတွန်းကန်မှုသဘော (ပရမတ်)ကို သိနိုင်သမျှသိအောင် စူးစိုက်၍ "ဖောင်းတယ်"ဟု ရှုမှတ်ရပါသည်။

လေရှူထုတ်လိုက်၍ ဝမ်းဗိုက်အဆင့်ဆင့် ပိန်ကျသွားသောအခါမှာလည်း ဝမ်းဗိုက်ပုံသဏ္ဌာန်(ပညတ်)ကို ရှုနိုင်သမျှရှုာ—(အာရုံမပြုပါနဲ့)၊အတွင်းက အဆင့်ဆင့် လျှော့သွား၊ ရွေ့သွား၊ လျော့သွားသောသဘော(ပရမတ်)ကို သိနိုင်သမျှ သိအောင် စူးစိုက်၍ "ပိန်တယ်"ဟု ရှုမှတ်ရပါသည်။

http://www.dhammadownload.com



အကယ်၍ မေးမိုက်က ဖောင်းတာ၊ ပိန်တာ မထင်ရှားခဲ့လျှင် ထိုင်တယ်-ထိတယ် ဟု ပြောင်း၍ ရှုမှတ်ရပါသည်။ ထိုင်တယ်-ဟု ရှုမှတ်တဲ့အခါမှာ အပေါ်ပိုင်း ဦးခေါင်းပိုင်းမှစ၍ အောက်ပိုင်းသို့ ခြုံချုံသကဲ့သို့ တစ်ရွေ့ပြီး တစ်ရွေ့ ရွေ့ချကာ ရှုမှတ်ရပါသည်။ ခေါင်း၊ကိုယ်၊ခြေ၊လက် ပုံသဏ္ဌာန် (ပညတ်)ကို ရှုနိုင်သမျှရှု-(အာရုံမပြုပါဘဲ)၊ တောင့်တင်းမှုသဘော(ပရမတ်)ကို သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။

"ထိတယ်"ဟု ရှုမှတ်တဲ့ အခါမှာလည်း ထိနေသည့် တင်ပါး၊ ခြေထောက် စသော ပုံသဏ္ဌာန်များ (ပညတ်)ကို ရှုနိုင်သမျှရှု-(အာရုံမပြုပါဘဲ)၊ မာနေတဲ့သဘော၊ တင်းနေတဲ့သဘော(ပရမတ်)ကို သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။

"ဖောင်းတယ်-ပိန်တယ်"ဟု ရှုမှတ်၍လည်း ရနေသည်။ စိတ်ကလည်း တခြားအာရုံသို့ ထွက်နေသည်ဟူ၍ သိရပါလျှင် "ထိတယ်"ဟု အမှတ်တစ်ချက်တိုး၍ ရှုမှတ်ရပါသည်။ တစ်ချက်တိုး၍ရှုမှတ်လိုက်သောအခါ စိတ်ထွက်မှုမရှိတော့ဘဲမှတ်လို့ ကောင်းလာတတ်ပါသည်။ "ထိတယ်"ဟု တစ်ချက်တိုး၍မှတ်ပါသော်လည်း စိတ်က တခြား အာရုံသို့ ထွက်သွားနိုင်သေးလျှင် "ထိုင်တယ်"ဟု အမှတ်တစ်ချက် ထပ်တိုး၍ ရှုမှတ်ရပါသည်။ ဖောင်းတယ်-ပိန်တယ်၊ ထိုင်ဘယ်-ထိတယ်ဟု အစဉ်ထား၍ ရှုမှတ်ရပါသည်။

http://www.dhammadownload.com



## စင်္ကြံလျှောက်၍ ရှုမှတ်ပုံ

စင်္ကြံလျှောက်၍ တရားရှုမှတ်ရာ၌ အမှတ်(၄)မျိုး ရှိပါသည်။ ခြေတစ်လှမ်း၌ (၁)ချက်၊ ခြေတစ်လှမ်း၌ (၂)ချက်၊ ခြေတစ်လှမ်း၌ (၃)ချက်၊ ခြေတစ်လှမ်း၌ (၆)ချက် ဟူ၍ (၄)မျိုးရှိပါသည်။

ခြေတစ်လှမ်း(၁)ချက်မှတ်၌ ဘယ်ခြေက လှမ်းသောအခါ "ဘယ်လှမ်းတယ်"၊ ညာခြေက လှမ်းသောအခါ "ညာလှမ်းတယ်"ဟု စိတ်ဖြင့် စူးစိုက်၍ ရှုမှတ်ရပါသည်၊ ခြေလှမ်းနှေးသည်ထက် နှေးအောင် ချုပ်၍မလှမ်းရ။ မနှေးမမြန် သာယာသိမ်မွေ့စွာ လှမ်းရပါမည်။ ခြေထောက်ပုံသဏ္ဌာန် (ပညတ်)ကို အာရုံမပြုဘဲ (ခွာနိုင်သမျှခွာ၍) လှမ်းစမှ လှမ်းဆုံးတိုင်အောင် ရှေ့သို့အဆင့်ဆင့်ရွေ့ရွေ့သွားသောသဘော(ပရမတ်)ကို သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။

ခြေတစ်လှမ်း (၂) ချက် မှတ် ၌ "ကြွတယ်-ချတယ်" ဟု စိတ်ဖြင့် စူးစိုက်၍ ရှုမှတ်ရပါသည်။ ခြေထောက်ကို သာယာသိမ်မွေ့စွာ ကြွရ၊ ချရပါသည်။ ခြေထောက် ကြွတက်လာသောအခါ ခြေထောက် ပုံသဏ္ဌာန် (ပညတ်)ကို (အာရုံမပြုပါဘဲ)၊ ခွာနိုင်သမျှခွာ၍ ကြွစမှကြွဆုံးတိုင်အောင် အဆင့်ဆင့်တစ်ရွေ့ပြီးတစ်ရွေ့ အပေါ်သို့ ပေါ့ပေါ့ တက် လာ သော သဘော (ပရမတ်)ကို သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။

http://www.dhammadownload.com



နင်းချလိုက်သောအခါ ခြေထောက်ပုံသဏ္ဌာန် (ပညတ်)ကို (အာရုံမပြုပါဘဲ) ခွာနိုင်သမျှ ခွာ၍ ချစမှ ချဆုံးတိုင်အောင် အဆင့်ဆင့် ရွေ့ကျ၊ လေးကျသွားသည့်သဘော (ပရမတ်)ကို သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။

ခြေတစ်လှမ်း (၃)ချက်မှတ်၌ "ကြွတယ်-လှမ်းတယ်-ချတယ်" ဟု စိတ်ဖြင့် စူးစိုက်၍ ရှုမှတ်ရပါသည်။ နှေးသည်ထက် နှေးသွားအောင်လဲ ချုပ်၍ ကြွခြင်း၊ လှမ်းခြင်း၊ ချခြင်းတို့ကို မပြုလုပ်ရ။ မနှေးမမြန် မှန်မှန် သာယာသိမ်မွေ့စွာ ကြွ-လှမ်း-ချရပါမည်။ အလွန်နှေးအောင် ချုပ်၍ ကြွ-လှမ်း-ချခဲ့ပါလျှင် ဝီရိယလွန်ကဲ၍ ထင်ရှားသောသဘောများကို မတွေ့ဘဲ ဖြစ်နေတတ်ပါသည်။

ခြေထောက်ကြွတက်လာသောအခါ ခြေထောက်ပုံသဏ္ဌာန် (ပညတ်)ကို (အာရုံမပြုပါဘဲ) ခွာနိုင်သမျှခွာ၍ ကြွစမှကြွဆုံးတိုင်အောင် အဆင့်ဆင့် တစ်ရွေ့ပြီးတစ်ရွေ့ ပေါ့ပေါ့ တက်လာသောသဘော(ပရမတ်)ကို သိနိုင်သမျှသိအောင် စူးစိုက်၍ ရှုမှတ်ရပါသည်။ ပေါ့ပေါ့ တက်လာသည်ကို သိခြင်းသည် တေဇော-မီးဓာတ်နှင့် ဝါယော-လေဓာတ်ကို သိခြင်းပင်ဖြစ်ပေသည်။

ခြေထောက် လှမ်းလိုက်သော အခါ၌လည်း ခြေထောက်ပုံသဏ္ဌာန် (ပညတ်)ကို (အာရုံမပြုပါဘဲ) ခွာနိုင်သမျှ ခွာ၍ လှမ်းစမှ လှမ်းဆုံးတိုင်အောင် ရှေ့သို့ အဆင့်ဆင့် တစ်ရွေ့ပြီး တစ်ရွေ့ ပေါ့ပေါ့သွားသောသဘော(ပရမတ်)ကို သိနိုင်သမျှ

http://www.dhammadownload.com



သိအောင် ရှုးစိုက်၍ ရှုမှတ်ရပါသည်။ ပေါ့ပေါ့သွား သော သဘောကို သိခြင်းသည် တေဇော=မီးဓာတ်နှင့် ဝါယော= လေဓာတ်ကိုသိခြင်းပင် ဖြစ်ပေသည်။

ဆောင်ပုဒ်။ ။တေနှင့် ဝါမှာ၊ ဓာတ်နှစ်ဖြာ၊ ပေါ့တာ ထင်ရှားသည်။

ခြေထောက် နင်းချလိုက်သော အခါ၌လည်း ခြေထောက် ပိုသဏ္ဌာန် (ပညတ်)ကို (အာရုံမပြုပါဘဲ) ချနိုင်သမျှ ချ၍ ချစမှ ချဆုံးတိုင်အောင် အဆင့်ဆင့် တစ်ရွေ့ပြီးတစ်ရွေ့ လေး လေးကျသွားသောသဘော (ပရမတ်)ကို သိနိုင်သမျှသိအောင် ရှုးစိုက်၍ ရှုမှတ်ရမည်ပါသည်။ လေးလေးကျသွားသောသဘောကို သိခြင်းသည် ပထဝီ=အမာခံမြေဓာတ်နှင့်အာပေါ=ရေဓာတ်ကို သိခြင်းပင်ဖြစ်သည်။

ဇဆောင်ပုဒ်။ ။ပ-နှင့် အာမှာ၊ ဓာတ်နှစ်ဖြာ၊ လေးတာ ထင်ရှားသည်။

အဆင့်ဆင့်မှ ဖြစ်ပျက်

သမာဓိဉာဏ်များ အသင့်အဘင့် ရင့် သန် အား ရှိ လာ သောအခါ ကြွတယ်ဟု မှတ်လိုက်သည် ရှိသော် ပေါ့ပါး၍ အထက်သို့ အဆင့်ဆင့် ရွေ့တက်သွားသော သဘော၊ လှမ်း တယ်-ဟု ရှုမှတ်လိုက်သည်ရှိသော် ပေါ့ပါး၍ ရှေ့သို့ အဆင့် ဆင့် ရွေ့သွားသောသဘော၊ ချတယ်တို့ မှတ်လိုက်သည်ရှိသော် လေး၍ အောက်သို့ အဆင့်ဆင့် ကျသွားသော သဘောတို့ကို တွေ့သိလာကြပေမည်။

http://www.dhammadownload.com



ထို့ထက်တစ်ဆင့် သမာဓိဉာဏ်များ ရင့်သန် အားရှိလာ၍ ရှိရှိဖွဲ့သော စူးစူးစိုက်စိုက် ရှုမှတ်လိုက်သောအခါ တစ်ဆင့်နှင့် တစ်ဆင့် မစပ်တော့ပါဘဲ ပြတ်ပြတ်သွားသည်ကို တွေ့သိလာတတ်ကြပေသည်။ ပထမတစ်ဆင့်ဖြစ်ပေါ်လာပြီးပြတ်သွားတာ၊ ပျက်သွားတာ၊ နောက်နောက်လဲ တစ်ဆင့်ပြီးတစ်ဆင့်ဖြစ်ပေါ်လာပြီး (ပြတ်ပြတ်သွားတာ) ပျက်ပျက်သွားတာတို့ကို တွေ့သိလာတတ်ကြပါသည်။ အဆင့်ဆင့်တို့သည် ဖြစ်ပျက်တို့ပင် ဖြစ်သွားကြပါသည်။

ခြေတစ်လှမ်း (၆)ချက်မှတ်၌ ကြွစ-ကြွဆုံး၊ လှမ်းစ- လှမ်းဆုံး၊ ချစ- ချဆုံး ဟူ၍ (၆)ချက်ရှုမှတ်ရပါသည်။ ခြေတစ်လှမ်း (၃)ချက်မှတ်၌ပင် အစနှင့်အဆုံးကို သိအောင်၊ ကွဲပြားအောင် တိုး၍ ရှုမှတ်ခြင်းပင် ဖြစ်ပေသည်။

ကြွစ ဆိုသည်မှာ ခြေထောက်ကြွသောအခါ ဖနောင့်ကသာ ကြွ၍ ခြေဖျားကမကြွသေးမီ အခိုက်အတန့်ဖြစ်ပါသည်။ ကြွဆုံး ဆိုသည်မှာ ခြေဖျားပါ ကြွတက်ပြီး၍ ကြွတက်ခြင်းအဆုံး အခိုက်အတန့် ဖြစ်ပါသည်။

လှမ်းစ ဆိုသည်မှာ ခြေထောက် ရှေ့သို့ စ၍ ရွေ့သော အခိုက်အတန့် ဖြစ်ပါသည်။ လှမ်းဆုံးဆိုသည်မှာ လှမ်းသဖြင့် ရှေ့သို့ ရွေ့သွားသောအရှိန် ကုန်ဆုံး၍ အနည်းငယ် ရပ်တန့်သွားသော အခိုက်အတန့်ဖြစ်ပါသည်။ ချစ ဆိုသည်မှာ အောက်သို့ ခြေထောက်ကျဆင်းသွားသော အခိုက်အတန့်ဖြစ်ပါသည်။ ချဆုံးဆိုသည်မှာ ကြမ်းပြင်၊ မြေပြင် စသည်တို့၌ ခြေထောက် ထိသွားခြင်းအဆုံး ဖြစ်ပါသည်။

http://www.dhammadownload.com



တစ်နည်း။ — ခြေတစ်လှမ်း၊ (၆)ချက်မှတ်၍ ကြွချင်တယ်-ကြွတယ်၊ လှမ်းချင်တယ်- လှမ်းတယ်၊ ချချင်တယ်-ချတယ် ဟူ၍ (၆)ချက် ရှုမှတ်ရပါသည်။

တရားအားထုတ်၍ အကြောင်းအကျိုးကို သိသော ပစ္စယပရိဂ္ဂဟဉာဏ်သို့ ရောက်သောအခါ မကြွမီ ကြွချင်သောစိတ် ဖြစ်ပေါ်လာတာ၊ မလှမ်းမီ လှမ်းချင်သောစိတ် ဖြစ်ပေါ်လာတာ၊ မချမီ ချချင်သောစိတ် ဖြစ်ပေါ်လာတာများ ထင်ရှားလာတတ်ပါသည်။ ယင်းစိတ်များကိုပါ ထည့်၍ ရှုမှတ်သဖြင့် (၆)ချက် ဖြစ်ပါသည်။ ကြွချင်စိတ်၊ လှမ်းချင်စိတ်၊ ချချင်စိတ်များက အကြောင်း၊ ကြွ- လှမ်း- ချ ဇမ္ဗူ အရာများက အကျိုး ဖြစ်သည်။

တစ်နည်း။ — ခြေတစ်လှမ်း(၆)ချက်မှတ်၍ ကြွတယ်၊ မ တယ်၊ လှမ်းတယ်၊ ချတယ်၊ ထိတယ်၊ ဖိတယ် ဟူ၍ (၆)ချက် ရှုမှတ်ရပါသည်။

ကြွတယ်ဆိုသည်မှာ ခြေဖနောင့်ကသာကြွ၍ခြေဖျားကမကြွသေးမီ အခိုက်အတန့်ဖြစ်ပါသည်။ မ တယ်ဆိုသည်မှာ ခြေဖျားကပါ မ တက်သွားခြင်းကို ဆိုပါသည်။ လှမ်းတယ်ဆိုသည်မှာ ရှေ့သို့ အဆင့်ဆင့်ရွေ့သွားသည်ကိုဆိုပါသည်။ ထိတယ်ဆိုသည်မှာ ခြေနင့်ကြမ်းနှင့်၊ ခြေနှင့်မြေနှင့် ထိသွားသည်ကို ဆိုပါသည်။ ဖိတယ်ဆိုသည်မှာ တစ်ဘက် ခြေထောက်ကြွဖို့ရာ ဖိနင်းခြင်းကို ဆိုပါသည်။

http://www.dhammadownload.com



## "အသေးစိတ်ရှုမှတ်ပုံ"

ထိုင်ဖို့ရာ အကြောင်းကိစ္စရှိသာသောအခါ ရှေးဦးစွာ ထိုင်ချင်သောစိတ်ကို "ထိုင်ချင်တယ်-ထိုင်ချင်တယ်"ဟု ရှုမှတ်ပြီးမှ ဖြည်းညင်း သာယာသိမ်မွေ့စွာ ထိုင်ရပါသည်။ ခန္ဓာကိုယ်ပုံသဏ္ဌာန် (ပညတ်)ကို (အာရုံမပြုပါဘဲ) ခွာနိုင်သမျှ ခွာ၍ ထိုင်စမှ ထိုင်ဆုံးတိုင်အောင် အဆင့်ဆင့် တစ်ခရွေ့ပြီးတစ်ခုရွေ့ အောက်သို့ လေးကျလေးကျသွားသော သဘော(ပရမတ်)ကို သိနိုင်သမျှသိအောင် ရှုစိုက်၍ "ထိုင်တယ်-ထိုင်တယ်"ဟု ရှုမှတ်ရပါသည်။

ထိုင်ရာမှ ထဖို့ရာ အကြောင်းကိစ္စရှိလာသောအခါ ရှေးဦးစွာ ထချင်သောစိတ်ကို "ထချင်တယ်-ထချင်တယ်"ဟု ရှုမှတ်ပြီးမှ ဖြည်းညင်းသာယာစွာ ထရပါသည်။ ခန္ဓာကိုယ်ပုံသဏ္ဌာန် (ပညတ်)ကို (အာရုံမပြုပါဘဲ) ခွာနိုင်သမျှခွာ၍ ထ-စ မှ ထဆုံးတိုင်အောင် အဆင့်ဆင့် တစ်ရွေ့ပြီးတစ်ရွေ့ အထက်သို့ ပေါ့ပေါ့ တက်လာသောသဘော(ပရမတ်)ကို သိနိုင်သမျှသိအောင် ရှုစိုက်၍ "ထတယ်-ထတယ်"ဟု ရှုမှတ်ရပါသည်။

လက်ကို ကွေးဖို့ရာ အကြောင်းကိစ္စရှိလာသောအခါ ရှေးဦးစွာ ကွေးချင်သောစိတ်ကို "ကွေးချင်တယ်-ကွေးချင်တယ်"ဟု ရှုမှတ်ပြီးမှ ဖြည်းညင်းသာယာသိမ်မွေ့စွာ ကွေးရပါသည်။ လက်ပုံသဏ္ဌာန်(ပညတ်)ကို (အာရုံမပြုပါဘဲ)ခွာနိုင်သမျှ ခွာ၍ ကွေးစမှ ကွေးဆုံးတိုင်အောင် ခန္ဓာကိုယ် အတွင်းဘက်သို့ အဆင့်ဆင့် တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့လာသော သဘော

http://www.dhammadownload.com



(ပရမတ်)ကို သိနိုင်သမျှ သိအောင် စူးစိုက်၍ "ကွေးတယ်-ကွေးတယ်"ဟု ရှုမှတ်ရပါသည်။

ကွေးရာမှ ဆန့်လိုရာ အကြောင်းကိစ္စ ရှိလာသောအခါ ရှေးဦးစွာ ဆန့်ချင်သောစိတ်ကို "ဆန့်ချင်တယ်- ဆန့်ချင်တယ်" ဟု ရှုမှတ်ပြီးမှ ဖြည်းညင်း၊ သာယာ သိမ်မွေ့စွာ ဆန့်ရပါသည်။ လက်ပိုသဏ္ဌာန်(ပညတ်)ကို (အာရုံမပြုဖုံးတတ်)ရှုနိုင်သမျှရှု၍ ဆန့်စမှဆန့်ဆုံးတိုင်အောင် ခန္ဓာကိုယ်အပြင်ဘက်၊ အောက်ဘက်သို့ အဆင့်ဆင့် တစ်ရွေ့ပြီးတစ်ရွေ့ ရွေ့ရွေ့ကျသွားသော သဘော(ပရမတ်)ကို သိနိုင်သမျှသိအောင်စူးစိုက်၍"ဆန့်တယ်-ဆန့်တယ်"ဟု ရှုမှတ်ရပါသည်။

## စားသောအခါ ရှုမှတ်ပုံ

စားဖွယ် သောက်ဖွယ်များကို မြင်ရသောအခါ "မြင်တယ်-မြင်တယ်"ဟု မြင်ကာမျှ မတွေ့မှာ တည်အောင် ရှုမှတ်ရပါသည်။ ဆွမ်းပွဲဆီသို့လက်လှမ်းတော့ "လှမ်းတယ်-လှမ်းတယ်" ဆွမ်းနှင့်လက်နဲ့ထိတော့ "ထိတယ်-ထိတယ်"၊ ဆွမ်းလုတ် ပြင်တော့ "ပြင်တယ်-ပြင်တယ်"၊ ဆွမ်းလုတ်ကိုယူတော့"ယူတယ်-ယူတယ်"၊ ခေါင်းငုံ့တော့"ငုံ့တယ်-ငုံ့တယ်"၊ ပါးစပ်ဟတော့ "ဟတယ်-ဟတယ်"၊ ဆွမ်းလုတ်ကို ခွံ့တော့ "ခွံ့တယ်-ခွံ့တယ်"၊ ခေါင်းပြန်ထူတော့ "ထူတယ်- ထူတယ်"၊ ဝါးတော့ "ဝါးတယ်-ဝါးတယ်"၊ အရသာကိုသိတော့ "သိတယ်-သိတယ်"၊ မျိုချလိုက်တော့ "မျိုတယ်- မျိုတယ်"ဟူ၍ ရှုမှတ်ရပါသည်။

http://www.dhammadownload.com



ရှုမှတ်၍စားရာ၌ ရှုမှတ်ခါစတွင် ရှုမှတ်လို့မရ၊ လွတ်လွတ်သွားတာတာပင် များပါသည်။ နောင် ရှုမှတ်ဖန်များ၍ အလေ့အကျင့်ရလာသောအခါ အားလုံးကိုပင် ရှုမှတ်၍ရလာတတ်ပါသည်။ ရှုမှတ်ခါစမှာ ထင်ရှားသောအမူအရာတစ်ခုခုကို အဓိကထား၍ရှုမှတ်ရပါသည်။ ဆွမ်းပွဲဆီသို့ လက်လှမ်းတဲ့အမူအရာကိုဖြစ်စေ၊ ခေါင်းငုံ့တဲ့အမူအရာကိုဖြစ်စေ၊ ဝါးတဲ့ အမူအရာကိုဖြစ်စေ၊ တစ်ခုခုကိုအဓိကထား၍ ရှုမှတ်ရပါသည်။ တစ်ခုခုကို ရှုမှတ်လို့ရလာပါက နောင်တဖြည်းဖြည်း အားလုံးကိုပင်ရှုမှတ်လို့ရလာတတ်ပါသည်။

## “ဝေဒနာ ရှုမှတ်ပုံ”

(၂) ဝေဒနာနုပဿနာ — ဝေဒနာ(၃)မျိုးကို သိအောင် ရှုမှတ်ရခြင်း၌မြတ်စွာဘုရားဟောကြားတော်မူခဲ့သောဒေသနာအစဉ်အားဖြင့် သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာဟူ၍-သုခဝေဒနာကို ရှေးဦးစွာ ဟောကြားတော်မူပါသည်။ ဝိပဿနာတရား အားထုတ်သောအခါမှာမူ ဒုက္ခ ဝေဒနာကို ရှေးဦးစွာ တွေ့ကြုံရပေသည်။

ယင်းဒုက္ခဝေဒနာကို ရှုမှတ်ပုံမှာ (၃)မျိုး ကွဲပြားလျက်ရှိပေသည်။

(၁) ဝေဒနာ ပျောက်ကင်းသွားအောင် ရည်ရွယ်၍— ရှုမှတ်ခြင်း၊

(၂) ဤဝေဒနာကို အပြတ်တိုက်မည်ဟူ၍ စိတ်ကြမ်းကြီးထူထောင်၍—ရှုမှတ်ခြင်း၊

http://www.dhammadownload.com



(၃) ဝေဒနာ၏ သဒ္ဒါကိုသိအောင် ရှုမှတ်ခြင်းဟူ၍—
(၃)မျိုး ကွဲပြားလျက်ရှိပေသည်။

(၁) ဝေဒနာပျောက်ကင်းသွားရအောင်ရည်ရွယ်၍ ရှုမှတ်ခြင်း၌ ဝေဒနာပျောက်ကင်းလိုသော အာသာဆန္ဒသည် ချမ်းသာကိုလိုချင်သော လောဘပင် ဖြစ်ပေသည်။ တရားရှုမှတ်ခြင်းသည် လောဘကင်းအောင် ရှုမှတ်ခြင်းဖြစ်၏။ ဝေဒနာပျောက်ကင်းသွားရအောင် ရည်ရွယ်၍ ရှုမှတ်ခြင်း၌ လောဘပါဝင်၍ ကိလေသာ ကြားညှပ်နေသောကြောင့် တရားအတွေ့နှေး၊ တရားအတက်နှေးတတ်ပါသည်။ သို့ဖြစ်၍ဝေဒနာပျောက်ကင်းသွားရအောင် ရည်ရွယ်၍ ရှုမှတ်သောနည်းကို မယူသင့်ပေ။ ရှောင်သင့်သည်။

(၂) ဤဝေဒနာကို အပြတ်တိုက်ထုတ်မည်ဟု စိတ်ကြမ်းကြီးထူထောင်၍—ရှုမှတ်ခြင်း၌ စိတ်ကြမ်းကြီးဟူသည် တရားကိုယ်အားဖြင့် မုတ်သိစိတ်နှင့် အတူတကွဖြစ်သော ဒေါသပင် ဖြစ်ပေသည်။ ဤဝေဒနာကို အပြတ်တိုက်ထုတ်မည်ဟု စိတ်ကြမ်းကြီးထူထောင်၍ရှုမှတ်ခြင်း၌ ဒေါသပါဝင်၍ ကိလေသာကြားညှပ်နေသောကြောင့် တရားအတွေ့နှေး၊ တရားအတက်နှေးတတ်ပါသည်။ သို့ဖြစ်၍ ဝေဒနာကို အပြတ်တိုက်ထုတ်မည်ဟု စိတ်ကြမ်းကြီးထူထောင်ကာ ရှုမှတ်သောနည်းကိုလည်းမယူသင့်ပေ။ ရှောင်သင့်ပေသည်။

(၃) ဝေဒနာ၏သဘောကိုသိအောင် ရှုမှတ်ခြင်းဟူသောနည်းကိုသာ ယူသင့်ပေသည်။

http://www.dhammadownload.com



ဝေဒနာ၏သဘောကိုသိအောင် ရှုမှတ်ဖို့ရာမှာ တရားရှုမှတ်နေစဉ် နာကျင်ကိုက်ခဲခြင်းစသော ဝေဒနာများ ဖြစ်ပေါ်လာသောအခါ ခန္ဓာကိုယ်ကိုလည်းမတင်းမိအောင်၊ စိတ်ကိုလည်းမတင်းမိအောင်သတိပြုရမည်။ တင်းလိုက်မိပါက ဝီရိယလွန်ကဲခြင်းဖြစ်၏။ ပုံမှန်အတိုင်းမလျော့မတင်းရှိစေရမည်။ ဝေဒနာအခါမှာ မှတ်စိတ်ကို တည့်တည့်ချထားရမည်။

ရှုမှတ်တဲ့အခါမှာလည်း ခြေကနာသည်၊ လက်ကနာသည်၊ ဒူးကနာသည်၊ တင်ပါးကနာသည် စသည်ဖြင့် ပုံသဏ္ဌာန်များကိုထည့်၍ မရှုမှတ်ရ။ နာကျင်ကိုက်ခဲမှုသဘော သက်သက်မျှကိုသာ စူးစိုက်၍ရှုမှတ်ရပါမည်။ ဤကဲ့သို့ရှုမှတ်ပါမှ ဝေဒနာ၏ သဘောကို သိနိုင်မည်ဖြစ်ပေသည်။

တရားရှုမှတ်နေစဉ်နာကျင်ကိုက်ခဲခြင်းစသောဝေဒနာများ ဖြစ်ပေါ်လာသောအခါ နာကျင် ကိုက်ခဲခြင်းစသော ဝေဒနာသည် အသားပေါ်၊ အရေပေါ်မှလာက်ကပင် နာကျင်ကိုက်ခဲသည်၊ အကြောထိအောင်နာကျင်ကိုက်ခဲသည်၊ အရိုးထိအောင် နာကျင်ကိုက်ခဲသည် စသည်ဖြင့် နာပုံ အတိုင်းအရှည်ပမာဏကို သိနိုင်သမျှသိအောင် စူးစိုက်၍ "နာတယ်-ကျင်တယ်-ကိုက်တယ်"ဟူ၍ ရှုမှတ်ရပါသည်။ ဒုတိယ၊ တတိယစသည့်မှတ်ချက်များ၌လည်း နည်းတူ နာပုံအတိုင်းအရှည်ပမာဏကို သိအောင် စူးစိုက်၍ရှုမှတ်ရပါသည်။

သမာဓိဉာဏ်များ အားနှင့်အစွမ်း အားရှိထက်သန်လာသောအခါ (၄)ချက် (၅)ချက်လောက် စူးစူးစိုက်စိုက်ရှုမှတ်လိုက်

http://www.dhammadownload.com



လျှင် မှို့၍ပို့၍နာကျင်ကိုက်ခဲဒသာဝေဒနာ၏သဘောကို သိလာတတ်ကြပေသည်။ အထွက်အထိပ်သို့ ရောက်အောင် နာကျင်ကိုက်ခဲပြီး၍ ပြန်လျော့လာသည့် အခါမှာလည်း (၄)ချက်၊ (၅)ချက်လောက် မှတ်လိုက်လျှင် တစ်မျိုးပြီးတစ်မျိုး ဆက်သာသွားတာ၊ အခြားနေရာသို့ ရွေ့သွားတာများကို တွေ့သိကြရပေမည်။

ထို့နောက် ဆက်ကာဆက်ကာ ရှုမှတ်သဖြင့် သမာဓိဉာဏ်များတစ်ဆင့်ထက်သန်အားရှိလာပြန်သောအခါ တစ်ချက်မှတ်လျှင်တစ်ချက် ပိုနာ၊ ပိုကျင်၊ ပိုကိုက်တဲ့ဝေဒနာ၏သဘောကို တွေ့သိ ကြရပေသည်။ ဝေဒနာပြန်လျော့တဲ့ အခါမှာလည်း တစ်ချက်မှတ်တစ်ချက် သက်သာသွားသော ဝေဒနာ၏သဘောကို တွေ့သိကြရပေသည်။

ထို့နောက် ဆက်ကာ ဆက်ကာ ရှုမှတ်သဖြင့် သမာဓိဉာဏ်များ တစ်ဆင့် အားရှိ ထက်သန် လာပြန်သော အခါ "နာတယ်-ကျင်တယ်" ဟု ရှုမှတ်လိုက်လျှင် တစ်ချက်မှတ်တစ်ချက် ဝေဒနာဖြစ်ပေါ်လာပြီး ကုန်ပျက်ကုန်ပျက် သွားတာများကို တွေ့သိကြရမည်ဖြစ်ပေသည်။

ဉာဏ်ထက်မြက်သော ယောဂီပုဂ္ဂိုလ်များမှာ "နာတယ်-နာတယ်"လို့ ရှုမှတ်လိုက်လျှင် တစ်ချက်မှတ် တစ်ချက်နာတာ ကုန်ပျက်သွားတာကို သိပြီးတဲ့အပြင် နာတယ်လို့ သိနေတဲ့ စိတ်လည်း ကုန်ပျက်သွားတာ၊ နာတယ်လို့ မှတ်လိုက်တဲ့ စိတ်လည်း ကုန်ပျက်သွားတာများကို တွေ့သိကြရပေသည်။

http://www.dhammadownload.com



ကုန်ပျက်သွားတာများကို ထင်ထင်ရှားရှား တွေ့မြင်ကြသော ယောဂီ ပုဂ္ဂိုလ်တို့သည် ဝေဒနာလည်းမမြဲ၊ မှတ်သိစိတ်လည်း မမြဲ ဟူ၍ မမြဲခြင်းအနိစ္စလက္ခဏာကို ကိုယ်ပိုင်ဉာဏ်ဖြင့် သိလာကြပေသည်။ ကုန်ပျက်တာများက လျင်မြန်စွာကုန်ပျက်နှိပ်စက် နေခြင်းကြောင့် ဆင်းရဲခြင်းသဘောပင် ဖြစ်သည်ဟု ဒုက္ခလက္ခဏာကိုလည်း သိလာကြပေသည်။ ကုန်ပျက်နှိပ်စက်နေခြင်းကို တားလို့မှ ကာကွယ်လို့မရ၊ သူ့သဘောအတိုင်း ကုန်ပျက် နှိပ်စက်နေခြင်းဖြစ်သည်ဟု အစိုးမရသော အနတ္တလက္ခဏာကိုလည်း သိလာကြပေသည်။

## "စိတ်ကို ရှုမှတ်ပုံ"

(၃) စိတ္တာနုပဿနာ= စိတ်အမူအရာကို ရှုမှတ်ရခြင်း ဟူသည် စိတ်ထဲက အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် အာရုံတစ်ခုခုကို စိတ်ကူးကြံစည်မှု ရှိလာသောအခါ ယင်းကြံစည် စိတ်ကူးမှုကို နောက် မှတ်သိစိတ်က "ကြံစည်တယ်-စိတ်ကူးတယ်" ဟု စူးစိုက်၍ ရှုမှတ်ရပါသည်။ သမာဓိဉာဏ်များ အားရှိ ထက်သန်၍ ဘင်္ဂဉာဏ်သို့ ရောက်သောအခါ စိတ်ကူးကြံစည်မှုများ တစ်ချက်မှတ်လျှင် တစ်ခု ပျောက်ပျောက်သွားတာ၊ ပျက်ပျက်သွားတာများကို တွေ့ကြရမည် ဖြစ်ပေသည်။

ကြံစည် စိတ်ကူးမှုများ အလျင်အမြန် ကုန်ပျက် ကုန်ပျက်သွားတာကို တွေ့ရသဖြင့် စိတ်ကူးကြံစည်မှုများလည်း မမြဲခြင်း အနိစ္စပင် ဖြစ်ပေသည်။ ကုန်ပျက်တာများက လျင်မြန်လှသဖြင့် နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲခြင်း ဒုက္ခပင် ဖြစ်ပေသည်။

http://www.dhammadownload.com



အလျင်အမြန် ကုန်ပျက်နှိပ်စက်နေခြင်းကို ဘယ်လိုမှကာကွယ်လို့ မရ၊ သူ့သဘောအတိုင်း ကုန်ပျက်နှိပ်စက်နေ၍ အစိုးမရခြင်း အနတ္တပင်ဖြစ်ပေသည်ဟု လက္ခဏာရေး (၃)ပါး ထင်ရှားလာကြပေသည်။

"စက္ခုဒွါရ၌သဘောတရားကို ရှုမှတ်ပုံ"

မြင်စရာ၊ ကြည့်စရာ ရှိလာသောအခါ ကြည့်ချင်သောစိတ်ကို ကြည့်ချင်တယ်၊ ကြည့်ချင်တယ် ဟု ရှေးဦးစွာ ရှုမှတ်ရပါသည်။ ကြည့်သောအခါ အပေါ်မျက်ခွံက အပေါ်သို့တက်၊ အောက်မျက်ခွံက အောက်သို့ကျ၊ အတွင်း မျက်လုံးအိမ်က အားယူလှုပ်ရှား၍ ကြည့်သော အမှုအရာကို "ကြည့်တယ်–ကြည့်တယ်"ဟု ရှုမှတ်ရပါသည်။ အဆင်းကို မြင်သောအခါ မြင်ကာမျှမတ္တမှာ စိတ်ကို တည်အောင်ထား၍ "မြင်တယ်- မြင်တယ်"ဟု (မြင်ကာမျှမတ္တ) သဘောဆို၊ သိအောင် ရှုမှတ်ရပါသည်။

သမာဓိဉာဏ်များ အားရှိ ထက်သန်လာသောအခါ "မြင်တယ်- မြင်တယ်"ဟု ရှုမှတ်လိုက်သည်ရှိသော် မြင်ရတဲ့ အဆင်း (ရူပါရုံ)များ တရိပ်ရိပ် အလျင်အမြန် ကုန်ပျက်ကုန်ပျက်သွားတာ၊ မြင်သိစိတ်များ အလျင်အမြန် ကုန်ပျက်ကုန်ပျက်သွားတာများကို တွေ့မြင်ရသဖြင့် မမြဲခြင်းအနိစ္စပင် ဖြစ်ပေသည်။ ကုန်ပျက်တာ များက လျင်မြန်လှသဖြင့် (မျက်စိ ဘ) နှိပ်စက်နေသကဲ့သို့ဖြစ်၍ ဆင်းရဲခြင်း ဒုက္ခပင် ဖြစ်ပေသည်။ အလျင်အမြန် ကုန်ပျက်နှိပ်စက်နေခြင်းကို ဘယ်လိုမှ ကာကွယ်

http://www.dhammadownload.com



လှိုမရ၊ သူ့သဘောအတိုင်း ကုန်ပျက်နှိပ်စက်နေ၍ အစိုးမရခြင်း အနတ္တပင်ဖြစ်ပေသည်ဟု လက္ခဏာရေး(၃)ပါး ထင်ရှားလာကြပေသည်။

ဤကဲ့သို့"အနိစ္စ၊ ဒုက္ခ၊ အနတ္တ"ဟု မြင်အောင် ရှုနိုင်သောကြောင့် ဉာဏ်(၅)ပါး ညီမျှသွားသောအခါ တရားထူးတရားမြတ်များ ရသွားကြမည်သာ ဖြစ်ပေသည်။

မှသာတာပတ္တိမဂ်ဉာဏ်ဖြင့် နိဗ္ဗာန်သို့ တစ်ကြိမ်ရောက်သွားပြီးသော သောတာပန်ပုဂ္ဂိုလ်သည် ယခုဘဝမှ ကွယ်လွန်သွားသောအခါ ငရဲများကျရဦးမည်လော၊ တိရစ္ဆာန်များ ဖြစ်ရဦးမည်လော၊ ပြိတ္တာများ ဖြစ်ရဦးမည်လော၊ ရုပ်ရည် အလွန်ဆိုးဝါးသည့် အသုရကာယ်များ ဖြစ်ရဦးမည်လောဟု စိတ်ထဲ၌ ယုံမှား သံသယပင် မရှိတော့ပါဘဲ ဘဝသံသရာ၌ မကြောက်မရွံ့ ကျင်လည်သွားရမည် ဖြစ်ပေသည်။

ဘဝသံသရာ၌ ကျင်လည်ရတဲ့ အခါမှာလည်း ယခုဘဝထက် မြင့်မြတ်သည့်ဘဝများသို့သာ ရောက်ရောက်သွားရသဖြင့် ဘဝသံသရာ၌ ပျော်မွေ့၍ သတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်ခြင်းကို မေ့နေသော သောတာပန်ပုဂ္ဂိုလ်သည် (၇)ဘဝထက် ပို၍ မမေ့နိုင်ပေ။ (၇)ဘဝ ပြည့်သွားသည်ရှိသော် အကုသိုလ်ဝေဂရပြီး သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်လိုက်သောအခါ ရဟန္တာအဖြစ်သို့ရောက်၍ နိဗ္ဗာန်သို့ ဝင်စံရလေသည်။

http://www.dhammadownload.com



သို့ဖြစ်၍ ဒုလ္လဘ ရဟန်းတော်တို့သည် အလွန်ရခဲသော လူ့အဖြစ်ကိုရရှိပြီး ရဟန်းဘဝသို့ ရောက်ရှိနေခိုက်မှာ မိမိအတွက် ရရှိထားသော အချိန်များ၌ အကျိုးအရှိဆုံး သတိပဋ္ဌာန် ဝိပဿနာဘာဝနာ အားထုတ်ခြင်း အလုပ်ကို ပြုလုပ်သင့်လှပေသည်။

"ဝိပဿနာရှုခန်း ပြီးပါပြီ"

× × ×

"နိဂုံး"

ဤ ဒုလ္လဘသိဖွယ် ဝိနည်းငယ်စာအုပ်ကို ဖတ်ရှုကြရသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီး တို့သည် မြတ်စွာဘုရား၏ ဝိနည်းအဆုံးအမတို့ကို ထက်သိနားလည်ကြ၍၊ နားလည်ကြသောအတိုင်း လိုက်နာကျင့်ကြံအားထုတ်နိုင်ကြပြီးလျှင် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော တရားထူး တရားမြတ်တို့ကို ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာဖြစ်သော နိဗ္ဗာန်ချမ်းသာကို လွယ်ကူသော အကျင့်ဖြင့် လျင်မြန်စွာ ဆိုက်ရောက်၍ မျက်မှောက်ပြုနိုင်ကြပါစေ ကုန်သတည်း။

ဒုလ္လဘသိဖွယ် ဝိနည်းငယ် ပြီးပါပြီ။

http://www.dhammadownload.com

## "ဝိနည်းသိက္ခာပုဒ် ပညတ်ခြင်း၏ အကျိုး ၁၀-ပါး"

၁။ သံဃာတော်၏ ကောင်းပြီဟု ဝန်ခံစေခြင်းငှာ၊

၂။ သံဃာတော်၏ ချမ်းသာစွာ နေရခြင်းငှာ၊

၃။ သီလမဲ့ကုန်သော ပုဂ္ဂိုလ်တို့ကို နှိပ်ခြင်းငှာ၊

၄။ သီလချစ်ကုန်သော ပုဂ္ဂိုလ်တို့ကို ချီးမြှောက်ခြင်းငှာ၊

၅။ မျက်မှောက်၌ဖြစ်ကုန်သော ဘေးရန်တို့ကို ပိတ်ဆို့ခြင်းငှာ၊

၆။ တမလွန်၌ ဖြစ်ကုန်သော ဘေးရန်တို့ကို တားမြစ်ခြင်းငှာ၊

၇။ မကြည်ညိုသေးသူတို့အား ကြည်ညိုစေခြင်းငှာ၊

၈။ ကြည်ညိုပြီးသူတို့အား တိုး၍ကြည်ညိုစေခြင်းငှာ၊

၉။ သာသနာတော်၏ အစွန့်ကြာရှည် တည်နေစေခြင်းငှာ၊

၁၀။ ဝိနည်းတရားတော်ကို ချီးမြှောက်ခြင်းငှာ၊

ဗုဒ္ဓသည် ဝိနည်းသိက္ခာပုဒ်များကို ပညတ်တော်မူ၏။

အရှင်ကုဏ္ဍလာဘိဝံသ ✿ ဒုလ္လဘသိဖွယ် ဝိနည်းငယ်